# ကြေးမုံ

The Mirror
Established in 1957

၁၉၅၇ မေ ၁၆ တွင် စတင်တည်ထောင်သည်။

၁၃၇၄ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၂ ရက်၊ ဗုဒ္ဓဟူးနေ့ (27-2-2013) (၇၄၀၈)


**ဒို့တာဝန်အရေးသုံးပါး**

☆ ပြည်ထောင်စု မပြိုကွဲရေး။

☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။

☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန် နော်ဝေနိုင်ငံ အော်စလိုမြို့သို့ ရောက်ရှိ



**နေပြည်တော် ဖေဖော်ဝါရီ ၂၆**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် နော်ဝေ၊ ဖင်လန်၊ ဩစတြီးယား၊ ဘယ်လ်ဂျီယံနှင့် အီတလီနိုင်ငံတို့သို့ ချစ်ကြည်ရေးခရီးသွားရောက်ရန်အတွက် ဖေဖော်ဝါရီ ၂၅ ရက် နံနက်ပိုင်းတွင် နေပြည်တော်မှ အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်းအထူးလေယာဉ်ဖြင့် ထွက်ခွာခဲ့ပြီး ရန်ကုန်မြို့မှတစ်ဆင့် ထိုင်းနိုင်ငံ ဗန်ကောက်မြို့ သုဝဏ္ဏဘူမိ အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ညပိုင်းတွင် ရောက်ရှိသည်။

နိုင်ငံတော်သမ္မတအား ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနမှ သံအမတ်ကြီး Mr.Isorn Pocmontri နှင့်တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးတင်ဝင်း၊ စစ်သံမှူးဗိုလ်မှူးကြီးဝင်းမောင်နှင့် သံရုံး၊ စစ်သံရုံးတို့မှ ဝန်ထမ်းများက ကြိုဆိုကြသည်။ **(ဓာတ်ပုံ)**

ထို့နောက် နိုင်ငံတော်သမ္မတသည် ထိုင်းလေကြောင်းခရီးစဉ်ဖြင့် ဆက်လက်ထွက်ခွာခဲ့ရာ ဖေဖော်ဝါရီ ၂၆ ရက် ဒေသစံတော်ချိန် နံနက် ၆ နာရီ ၁၀ မိနစ်တွင် နော်ဝေနိုင်ငံ အော်စလိုမြို့သို့ ရောက်ရှိသည်။

နိုင်ငံတော်သမ္မတအား နော်ဝေနိုင်ငံ သံတမန်ဌာနအကြီးအကဲ Ms.Merete Brattested၊ မြန်မာနိုင်ငံဆိုင်ရာ နော်ဝေနိုင်ငံ သံအမတ်ကြီး Mr.Katja Nordgaard၊ နော်ဝေနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သည့် သံအမတ်ကြီး ဦးကျော်မျိုးထွဋ်နှင့် သံရုံးဝန်ထမ်းများက အော်စလိုအပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် ခေတ္တတည်းခိုမည့် အော်စလိုမြို့ရှိ Hotel Continental သို့ မော်တော်ယာဉ်ဖြင့် ရောက်ရှိသည်။ **(သတင်းစဉ်)**

**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် နော်ဝေနိုင်ငံ သံတမန်ဌာနအကြီးအကဲ Ms.Merete Brattested နှင့် အော်စလိုအပြည်ပြည်ဆိုင်ရာလေဆိပ်တွင် တွေ့ဆုံစဉ်။** (သတင်းစဉ်)



## အမေရိကန်ဘဏ္ဍာရေးဌာနက မြန်မာနိုင်ငံ၏ ဘဏ်လေးခုနှင့် ငွေကြေးလွှဲပြောင်းပေးပို့မှု ဆောင်ရွက်ခွင့်ပြုသည့် အထွေထွေလိုင်စင်တစ်ရပ်ကို ထုတ်ပေးခဲ့

**နေပြည်တော် ဖေဖော်ဝါရီ ၂၆**

အမေရိကန်ပြည်ထောင်စု ဘဏ္ဍာရေးဌာနက မြန်မာနိုင်ငံ၏ဘဏ်လေးခု ဖြစ်သော မြန်မာ့စီးပွားရေးဘဏ်၊ မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ်၊ အာရှစိမ်းလန်း ဖွံ့ဖြိုးတိုးတက်ရေးဘဏ်၊ ဧရာဝတီဘဏ်တို့နှင့် ငွေကြေးလွှဲပြောင်းပေးပို့မှုများကို ဆောင်ရွက်ခွင့်ပြုသည့် အထွေထွေလိုင်စင်တစ်ရပ်ကို ထုတ်ပေးခဲ့ကြောင်း ဖေဖော်ဝါရီ ၂၂ ရက်တွင် သတင်းထုတ်ပြန်ခဲ့သည်။

ထိုဆောင်ရွက်ချက်ကြောင့် အမေရိကန်ကုမ္ပဏီကြီးများ၊ ငွေကြေးအဖွဲ့အစည်းများနှင့် လူပုဂ္ဂိုလ်တစ်ဦးချင်းအနေဖြင့် ငွေကြေးလွှဲပြောင်းမှု၊ ငွေကြေးဝန်ဆောင်မှုများကို ဆောင်ရွက်နိုင်တော့မည်ဖြစ်သည့်အတွက် မြန်မာနိုင်ငံအစိုးရက ကြိုဆိုလိုက်သည်။ **စာမျက်နှာ ၃ ကော်လံ ၂ သို့ ○**




ကြေးမုံစာတည်းရှုထောင့် ၂၇-၂-၂၀၁၃ (ဗုဒ္ဓဟူးနေ့)

# ခိုလှုံစရာရှိမှ ဆင်းရဲမှုလျော့ကျ

ရငွေနှင့် သုံးငွေလောက်ငဖူလုံလျှင် မချမ်းသာသော်လည်း မဆင်းရဲသည့်ဘဝဟု ဆိုရမည်ဖြစ်သည်။ ပြည်သူအများစုမှာ ချမ်းသာသူများ မဟုတ်ကြသောကြောင့် ကိုယ့်အိုးနှင့်ကိုယ့်ဆန် တန်ရုံမျှဖြင့် ကျေနပ်ကြသူများဖြစ်ပါသည်။

ရတာလေးနှင့် ပျော်အောင်နေတတ်ပြီး ရှိတာလေးနှင့် ဝအောင်စားတတ်ကြသူများ ဖြစ်ပါသည်။ တစ်ချိန်က တစ်ဦးလုပ်စာဖြင့် တစ်မိသားစုလုံး ဝမ်းဝရသည်။ အဓိကအချက်မှာ ကုန်စျေးနှုန်း အပြောင်းအလဲ နည်းသောကြောင့် ဖြစ်ပါသည်။

စျေးနှုန်းတစ်မျိုး တက်မည်ဆိုလျှင် တစ်ပြားနှစ်ပြားမှအစ ချင့်ချိန်တိုင်းထွာ တွက်ချက်ကြပြီး အရှည်မြော်တွေး တွက်ဆလုပ်ကိုင်ကြသောကြောင့် ထင်သလောက် အလျင်အမြန် စျေးနှုန်းမတက်ဘဲ ဆယ်စုနှစ်အလိုက် မသိမသာ အပြောင်းအလဲရှိတတ်ပါသည်။

နိုင်ငံတကာတွင်လည်း ဤသို့ဖြစ်ပါသည်။ ဆယ်စုနှစ်များကြာသော်လည်း ထိုနိုင်ငံ၏ ငွေကြေးတန်ဖိုးမှာ ဒသမ အစွန်းထွက် ဂဏန်းမျှဖြင့် ရပ်တည်ကြပါသည်။ ထိုအခါ ကုန်ပစ္စည်းတန်ဖိုး အပြောင်းအလဲနည်းပြီး ငွေကြေးတန်ဖိုးလည်း အတက်အကျနည်းသဖြင့် ဝင်ငွေနှင့် ထွက်ငွေ မျှတအောင်သုံးစွဲနိုင်ကြပါသည်။

ငွေကြေးနှင့် ကုန်ပစ္စည်းမှာ ဒွန်တွဲနေ၍ ကုန်ပစ္စည်းကစားလျှင် ငွေကြေးလည်း ကစားသည်။ ထိုအချက်မှာ ကုန်သည်ပွဲစားအတွက် မထိခိုက်သော်လည်း ပြည်သူအများစုဖြစ်သည့် လက်လုပ်လက်စား၊ လုပ်ခနည်းသမားများအတွက် ခါးဆီးခံရသည်။ ဆင်းရဲမှုကို ဖြစ်စေသည်။

စျေးကွက်စီးပွားရေးသဘောအရ လွတ်လပ်စွာ ရောင်းဝယ်ဖောက်ကားရပါသည်။ အကြောင်းကြောင့် တစ်ခုက စျေးနှုန်းတက်ရန်ဖြစ်လာလျှင် အခြားတစ်ခုကလည်း မိမိသဘောအလျောက် လိုက်ပါစျေးနှုန်းတက်ခြင်းဖြင့် စျေးနှုန်းတက်ခြင်းလောက မဆုံးဖြစ်တော့သည်။

စျေးနှုန်းတက်ခြင်းသည် ငွေကြေးဖောင်းပွမှုကို ဖြစ်စေသည်။ ငွေကြေးဖောင်းပွမှုသည် လူမှုဘဝများကို ထိခိုက်စေသဖြင့် အရေးကြီးလှသည်။ ယခုထုတ်ကုန်တန်ဖိုးကျသော်လည်း ရောင်းကုန်တန်ဖိုးမကျ ဖြစ်ရသည်။ ရောင်းကုန်တန်ဖိုးကျမှ ငွေကြေးတန်ဖိုးရှိပြီး အများပြည်သူချောင်ချိမည်။

ရောင်းကုန်တန်ဖိုးကို မည်သူထိန်းထားနိုင်သနည်း။ ရောင်းကုန်တန်ဖိုး မကျလျှင် ခနဉစ္စာတိုးပွားမည် မဟုတ်ပါလော။ ရောင်းကုန်တန်ဖိုး အဆုံးအဖြတ်မှာ တစ်ကျပ်နှစ်ကျပ်တန်တွင်မရှိ။ သိန်းတန်၊ သန်းတန်တွင် ရှိ၏။ ထိုသိန်းသန်းတန်ကို မည်သူကစားနိုင်သနည်း။

ယင်းတန်ဖိုးများမှာ အကြီးစားများဖြစ်သည့် အိမ်ခြံမြေ၊ ရွှေနှင့် ကားတို့ဖြစ်သည်။ ထိုပစ္စည်းများကို ပြည်သူအများစု မပိုင်ဆိုင်နိုင်ပါ။ ထိုပစ္စည်းများ စျေးကောင်းလေ ပြည်သူအများစု ဆင်းရဲတွင်းနက်လေဖြစ်သည်။ ယခုပြုပြင်ပြောင်းလဲရေးမူအရ ကားတန်ဖိုးများ ကျဆင်းသွားသည်ကို အားလုံးအသိဖြစ်သည်။

အိမ်ခြံမြေစျေးနှုန်းတွင် နွမ်းပါးသော ပြည်သူအများစုအတွက် သက်သာသော အိမ်ရာစီမံကိန်းများကို ဖော်ဆောင်တော့မည်ဖြစ်၍ ကားကဲ့သို့ ဝမ်းမြောက်ရမည်ဟုဆိုရမည်ဖြစ်သည်။ ကားထက် နေထိုင်မှုပြုရသည့် နေအိမ်သည် ပြည်သူအများစုအတွက် အရေးကြီးလှသည်။ ပြည်သူအများစုမှာ အိမ်ပိုင်ရာပိုင်မရှိသဖြင့် နေအိမ်ငှားရမ်းခဖြင့် ဝန်ထုပ်ဝန်ပိုး ပိလျက်ရှိသည်။ ဝမ်းရေးထက် နေရေးအတွက် ဖြည့်ဆည်းပေးနေရသည်။

ပြည်သူလူထုအတွက် အမှန်တကယ်လိုအပ်သော ပိုင်ဆိုင်မှုတစ်ခု အပ်နှင်းလိုက်လျှင် ဆင်းရဲတွင်းမှ လွတ်ကင်းတော့မည်။ ယင်းမှာ အများပြည်သူအတွက် နိုင်ငံတော်က ဆောင်ကြဉ်းပေးမှုဖြစ်သည်။ အများပြည်သူပိုင်ဆိုင်မှုကို နိုင်ငံတော်က ဖန်တီးပေးစွမ်းနိုင်သည်။ နိုင်ငံတော်သည် အများပြည်သူအတွက် အားထားဖွယ်ရာဖြစ်သည်။

တန်ဖိုးကြီးပစ္စည်း တစ်ဦးတစ်ယောက်တည်း လက်ဝယ်တွင်ရှိလျှင် အများပြည်သူ မည်သည့်အခါမျှ ပိုင်ဆိုင်မှုရှိမည်မဟုတ်ချေ။ စီးပွားရေးဘောဂဗေဒပညာရှင်များအလိုအရ ဆင်းရဲမှုလျှော့ချရေးအတွက် အစားအသောက်နှင့်ခိုလှုံစရာများ တစ်ဦးတစ်ယောက်တည်း လယ်ဝယ်တွင် မရှိသင့်ဟူသော အဆိုသည် မှန်ကန်သည်ဟု ထင်မြင်ပါသည်။ ။

# အဘယလာဘမုနိရုပ်ပွားတော်မြတ်ကြီး ဗုဒ္ဓပူဇနီယပွဲတော်နှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ အင်းစိန်မြို့နယ်၌ ကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၂၆**

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် မင်းဓမ္မကုန်းတော်၌ တည်ထားကိုးကွယ်လျက်ရှိသော လောကချမ်းသာ အဘယလာဘမုနိ ရုပ်ပွားတော်မြတ်ကြီး၏ ကောဒသမအကြိမ် ဗုဒ္ဓပူဇနီယပွဲတော်၊ ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာအခမ်းအနားနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲမင်္ဂလာ အခမ်းအနားကို ယမန်နေ့နံနက် ၇ နာရီခွဲတွင် ဂန္ဓကုဋိကျောင်းတော်ကြီး၌ ကျင်းပရာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသအမှူးပြုသော နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ဝင် ဆရာတော်ကြီးများ၊ တိုင်းဒေသကြီး သံဃနာယက ဆရာတော်များ၊ ဂေါပကအဖွဲ့ ဩဝါဒါစရိယ ဆရာတော်ကြီးများ ကြွရောက်တော်မူကြပြီး သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆန်းဆင့်နှင့် ဇနီး ဒေါ်ခင်မလေး၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့် ဇနီး ဒေါ်ခင်သက်ဌေး၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများနှင့် အလှူရှင်များ တက်ရောက်ကြည်ညိုကြသည်။

အခမ်းအနား မစတင်မီ သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆန်းဆင့်နှင့် ဇနီး၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဇနီးတို့က လောကချမ်းသာ အဘယလာဘမုနိ ရုပ်ပွားတော်မြတ်ကြီးအား ဆွမ်း၊ သစ်သီး၊ ပန်း၊ ရေချမ်းတို့ကို ဆက်ကပ်လှူဒါန်းကြသည်။

ရှေးဦးစွာ နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသ အမှူးပြုသော ဆရာတော်သံဃာတော်များက လောကချမ်းသာ အဘယလာဘမုနိ ရုပ်ပွားတော်မြတ်ကြီးအား ဗုဒ္ဓါဘိသေက အနေကဇာ တင်တော်မူကြသည်။

ယင်းနောက် သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆန်းဆင့်နှင့် ဇနီး၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့် ဇနီး၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများက ဆရာတော်သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

အခမ်းအနားအပြီးတွင် လောကချမ်းသာ အဘယလာဘမုနိ ရုပ်ပွားတော်မြတ်ကြီး ရင်ပြင်တော်နှင့် မြောက်ဘက် စောင်းတန်းတစ်လျှောက်တို့၌ ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လောင်းလှူကြသည်။

**(သတင်းစဉ်)**




# ကွန်ပျူတာတက္ကသိုလ်(ဘားအံ) ဘွဲ့နှင်းသဘင်အခမ်းအနားကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၂၆**

ဖေဖော်ဝါရီ ၁၇ ရက်တွင် ကွန်ပျူတာတက္ကသိုလ်(ဘားအံ)၏ ဆဋ္ဌမအကြိမ် ဘွဲ့နှင်းသဘင်အခမ်းအနားကျင်းပရာ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မင်း တက်ရောက်ပြီး ကွန်ပျူတာတက္ကသိုလ် (ဘားအံ) ခေတ္တကျောင်းအုပ်ကြီးက ဘွဲ့ရကျောင်းသား ကျောင်းသူများအား ဘွဲ့အသီးသီးအပ်နှင်းပေးအပ်ခဲ့သည်။

ပြည်နယ်ဝန်ကြီးချုပ်သည် ဖေဖော်ဝါရီ ၂၂ ရက်တွင် လှိုင်းဘွဲမြို့နယ် ရှမ်းရွာသစ်မြို့နယ်ခွဲ ရှမ်းရွာသစ်မြို့ သန္တိသုခကျောင်းတိုက် ဆရာတော်အား သွားရောက်ဖူးမြော်ကြည်ညိုပြီး သာသနာရေးဆိုင်ရာများ လျှောက်ထားကာ Sky Net ဆက်စပ်ပစ္စည်းတစ်စုံနှင့် ဆိုလာပြားတို့ကို လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ပြည်တွင်း ပြည်ပ အလုပ်အကိုင်အခွင့်အလမ်းကောင်းများ ရရှိနိုင်ရေး ရည်ရွယ်ဖွင့်လှစ်

**ရန်ကုန် ဖေဖော်ဝါရီ ၂၆**

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် FMI City Myanmar International Domestic Training Centre ၌ ဖေဖော်ဝါရီ ၂၄ ရက် မွန်းလွဲ ၁ နာရီတွင် Myanmar International Domestic Support Worker သင်တန်းဖွင့်ပွဲ အခမ်းအနားကျင်းပရာ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးမောင်မြင့်၊ ဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ပြည်ပအလုပ်အကိုင်အကျိုးဆောင်လိုင်စင်ရ အေဂျင်စီများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ယခုဖွင့်လှစ်သည့် Myanmar International Domestic Support Worker သင်တန်းသည် အိမ်တွင်းအထောက်အကူပြုလုပ်ငန်းများအတွက် ကျွမ်းကျင်မှုရရှိစေရန် နှစ်လတာအချိန်ယူ၍ အင်္ဂလိပ်စာ အခြေခံကျွမ်းကျင်မှု သင်တန်းကို ကျွမ်းကျင်ဆရာမများဖြင့် အထူးလေ့ကျင့်သင်ကြားပေးမည်ဖြစ်သည်။

အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနသည် ပြောင်းလဲလာသော ခေတ်စနစ်နှင့်အညီ ယခုအခါ အစိုးရကျွမ်းကျင်မှု လေ့ကျင့်ရေး သင်တန်းကျောင်းများသာမက ပုဂ္ဂလိကသင်တန်းကျောင်းများကိုပါ လုပ်ငန်းအမျိုးအစားအလိုက် ဖွင့်လှစ်ခွင့်ပေးလျက်ရှိပြီး ယခုကဲ့သို့ အိမ်တွင်းအထောက်အကူပြုသင်တန်းကို အခြေခံပညာအသင့်အတင့်ရှိသည့် အမျိုးသမီးများအား ပြည်တွင်း၊ ပြည်ပအလုပ်အကိုင် အခွင့်အလမ်းများရရှိနိုင်ရေးအတွက် ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**






ပြည်တွင်းရေးရာ

# ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဖေဖော်ဝါရီ ၂၆**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ လီကျွင်းဟွာ ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

ထိုသို့တွေ့ဆုံရာတွင် ခေတ်အဆက်ဆက်မြန်မာ-တရုတ်နှစ်နိုင်ငံခေါင်းဆောင်ကြီးများ၏ အမြော်အမြင်ကြီးမားမှု၊ နှစ်နိုင်ငံပြည်သူများ၏ ချစ်ကြည်ရင်းနှီးမှု၊ နှစ်နိုင်ငံသံအမတ်ကြီးများ၏ ကြိုးစားအားထုတ်မှုဖြင့် ရရှိလာသည့်အခြေခံကောင်းများဖြင့် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု ဆက်လက်ခိုင်မာစွာ တိုးမြင့်နိုင်ရေး၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် စိတ်ရင်းစေတနာကောင်းများဖြင့် ဝိုင်းဝန်းကူညီနေမှုများ၊ ဆက်လက်ကူညီဆောင်ရွက်သွားမည့်လုပ်ငန်းစဉ်များအား ခင်မင်ရင်းနှီးစွာဖြင့် ဆွေးနွေးကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့်အတူ ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်၊ ဒုတိယဝန်ကြီး ဦးဇင်ယော်နှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**



# ဂျော်ဒန်နိုင်ငံ အထည်ချုပ်စက်ရုံ၌ မြန်မာအလုပ်သမားများဆန္ဒပြ

**နေပြည်တော် ဖေဖော်ဝါရီ ၂၆**

ဂျော်ဒန်နိုင်ငံ Ramtha မြို့ Century Miracle Apparel Mfg. Co.,Ltd. အထည်ချုပ်စက်ရုံ၌ အလုပ်လုပ်ကိုင်လျက်ရှိသော မြန်မာအလုပ်သမား ၁၃၀၀ အနက် ၃၀ ခန့်သည် ဖေဖော်ဝါရီ ၁၄ ရက်မှ စတင်ပြီး အလုပ်ရှင်အား ဆန္ဒပြမှုဖြစ်ပွားလျက်ရှိကြောင်းသိရှိရသည်။

၎င်းအလုပ်သမားများအားလုံးမှာ တရားမဝင်အေဂျင်စီများ၏ စီစဉ်ဆောင်ရွက်ပေးမှုဖြင့် သွားရောက်အလုပ်လုပ်ကိုင်နေကြသူများ ဖြစ်သော်လည်း အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနအနေဖြင့် ၎င်းတို့၏အခက်အခဲကို အတတ်နိုင်ဆုံး ဖြေရှင်းဆောင်ရွက်ပေးရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

ဖြစ်စဉ်မှာ အလုပ်ရှင်ဘက်မှ ကျွေးမွေးသည့် နေ့လယ်စာကို စားသောက်ရန် အဆင်မပြေ၍ မြန်မာအလုပ်သမား ၃၀ ကတင်ပြရာ ထပ်မံချက်သည့် ဟင်းများမှာလည်း သင့်လျော်မှုမရှိသောကြောင့် နှစ်ဖက်အငြင်းပွားရာမှ မြန်မာအလုပ်သမားများအကြား မကျေနပ်မှုကြီးထွားလာပြီး တောင်းဆိုဆန္ဒပြမှုများ ဖြစ်ပွားလာခြင်းဖြစ်ကြောင်း သိရသည်။

အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ဆက်သွယ်ညှိနှိုင်းပြီး ဂျော်ဒန်နိုင်ငံနှင့် အနီးစပ်ဆုံးဖြစ်သော အစ္စရေးနိုင်ငံဆိုင်ရာ မြန်မာသံရုံးမှတစ်ဆင့် ယခုပြဿနာကို ဖြေရှင်းရန် ဆောင်ရွက်လျက်ရှိသည်။

သို့ရာတွင် မြန်မာနှင့် ဂျော်ဒန်နိုင်ငံအကြား သံတမန်အဆက်အသွယ်မရှိခြင်းနှင့် အစ္စရေးနိုင်ငံဆိုင်ရာ မြန်မာသံရုံး၏ လေ့လာတွေ့ရှိချက်များအရ အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူညီချက်စာချုပ်တွင် ပါရှိသည့် အချက်များအတိုင်း အလုပ်ရှင်မှ ဆောင်ရွက်ပေးနေသည့် အတွက် ဂျော်ဒန်နိုင်ငံ၏ တည်ဆဲဥပဒေအရသာ ဖြေရှင်းဆောင်ရွက်နိုင်မည့် အခြေအနေဖြစ်ကြောင်းသိရသည်။

ဂျော်ဒန်နိုင်ငံရှိ အလုပ်သမားဥပဒေအရ အလုပ်သမားများ ဆန္ဒပြလိုလျှင် ၁၄ ရက်ကြိုတင်၍ အလုပ်ရှင်ထံ ခွင့်ပြုချက်တောင်းခံရမည်ဖြစ်ပြီး နို့တစ်စာအရ ၄၈ နာရီအတွင်း လုပ်ငန်းခွင်သို့ ပြန်လည်ဝင်ရောက်ရန်နှင့် မဝင်ရောက်ပါက ပထမတစ်ရက်တွင် ဂျော်ဒန်ဒေါ်လာ ၅၀၊ နောက်ရက်များတွင် တစ်ရက်လျှင် ဂျော်ဒန် ငါးဒေါ်လာအား အလုပ်သမားမှ ပြစ်ဒဏ်အနေဖြင့် ပေးဆောင်ရမည့်အပြင် ဆန္ဒပြသည့်ရက်များအတွင်း လစာပေးမည်မဟုတ်ကြောင်းနှင့် အလုပ်သမားများအား အလုပ်ဆက်လုပ်ရန် ဆန္ဒမရှိပါက စက်ရုံမှ အပြန်လေယာဉ်လက်မှတ် ဝယ်ပေးမည်ဖြစ်ကြောင်း သိရှိရသည်။

ယခုကိစ္စအား သက်ဆိုင်ရာနိုင်ငံ အလုပ်သမားဝန်ကြီးဌာန အလုပ်ရုံတို့နှင့် နီးစပ်ရာသံရုံးမှတစ်ဆင့် အကောင်းဆုံး ဖြစ်အောင် ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ဖြစ်ပေါ်တိုးတက်မှုအခြေအနေများကို မျက်ခြည်မပြတ် စောင့်ကြည့်လျက်ရှိကြောင်း အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

**○ အမေရိကန်မှ**

မြန်မာနိုင်ငံ၏ နိုင်ငံခြားငွေကြေးဝန်ဆောင်မှုလုပ်ငန်းများကို ဆောင်ရွက်နေသော အခြားသောဘဏ်များအတွက်လည်း အလားတူ အထွေထွေလိုင်စင်ကို ထုတ်ပေးသွားရန် မျှော်လင့်သည်။

မြန်မာနိုင်ငံအစိုးရသည် ပြည်သူများ၏ ဆန္ဒနှင့်အညီ ဒီမိုကရေစီအသွင်ကူးပြောင်းရေး၊ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို ဆက်လက် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်သည်။ တစ်ချိန်တည်းမှာပင် အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊ ငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းစဉ်များ အောင်မြင်ရေးအတွက် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည် ဖြစ်ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။ **(သတင်းစဉ်)**

# တောင်သူလယ်သမားအားလုံးအတွက် လယ်ယာမြေလုပ်ပိုင်ခွင့် မှတ်ပုံတင်ခြင်းလုပ်ငန်းများအား ရာခိုင်နှုန်းပြည့် ပြီးစီးသည်အထိ တစ်နှစ်တာကာလပတ်လုံး ဆောင်ရွက်ပေးမည်

၁။ တောင်သူလယ်သမားများ၏ လယ်ယာမြေများကို သားစဉ်မြေးဆက် အဆက်ဆက်တိုင်အောင် ဥပဒေနှင့်ညီညွတ်စွာ လုပ်ပိုင်ခွင့်ရရှိနိုင်ရေးအတွက် လယ်ယာမြေလုပ်ပိုင်ခွင့်မှတ်ပုံတင်ခြင်းလုပ်ငန်းများအား တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များ၏ အနီးကပ်ကြီးကြပ်မှုဖြင့် ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာနမှ ကွင်းဆင်းဆောင်ရွက်လျက်ရှိနေပါသည်။

၂။ အဆိုပါ လယ်ယာမြေလုပ်ပိုင်ခွင့် မှတ်ပုံတင်ခြင်းလုပ်ငန်းအား လယ်ယာမြေဥပဒေအရ မှတ်ပုံတင်ကြေးငွေကို ဦးပိုင်လုပ်ကွက် တစ်ကွက်လျှင် ကျပ် ၅၀၀ နှုန်းပေးသွင်းရန်မှအပ အခြားမည်သည့်အခကြေးငွေမှ ကျခံပေးသွင်းသွားရန်မလိုဘဲ ဆောင်ရွက်ပေးလျက်ရှိနေပါသည်။ နိုင်ငံတစ်ဝန်းလုံး လယ်ယာမြေလုပ်ပိုင်ခွင့် မှတ်ပုံတင်ခြင်းလုပ်ငန်းများအား ရာခိုင်နှုန်းပြည့် ပြီးစီးသည့်တိုင်အောင် ယခုနှစ် ၂၀၁၃-၂၀၁၄ ခုနှစ် တစ်နှစ်တာ ကာလပတ်လုံး ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

၃။ လယ်ယာမြေလုပ်ပိုင်ခွင့်မှတ်ပုံတင်ခြင်းလုပ်ငန်းများ စနစ်တကျ အောင်မြင်စွာပြီးစီးရေးအတွက် သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များမှ အထူးအလေးထားပြီး ကြီးကြပ်အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်ရေးအတွက် ညှိနှိုင်းလုပ်ဆောင်လျက်ရှိကြောင်း သိရှိနိုင်ပါရန် ကြေညာအပ်ပါသည်။

**လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

# မီးကြွင်းမီးကျန်မှ မီးလောင်မှုဖြစ်

**မန္တလေး ဖေဖော်ဝါရီ ၂၆**

မတ္တရာမြို့နယ် ရွှေဘုံသာရပ်ကွက်၌ ယနေ့ မွန်းလွဲ ၁ နာရီ မိနစ် ၄၀ တွင် မီးကြွင်းမီးကျန်မှတစ်ဆင့် မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။ မီးလောင်မှုကြောင့် နေအိမ် ၁၇ အိမ် အိမ်ထောင်စု ၁၈ စု လူဦးရေ ၆၇ ဦးတို့ အိုးမဲ့အိမ်မဲ့ ဖြစ်ခဲ့ရသည်။ ၁ နာရီ ၅၅ မိနစ်တွင် မီးညွန့်ကျိုးကာ ၂ နာရီ ၁၅ မိနစ်တွင် လုံးဝမီးငြိမ်းသွားခဲ့ကြောင်း သိရသည်။ မီးလောင်မှုကြောင့် ဆုံးရှုံးမှုတန်ဖိုးငွေ ကျပ် ၅၇၅၀၀၀ ရှိခဲ့ပြီး မီးဘေးသင့်သူများကို ရပ်ကွက်ဓမ္မာရုံ၌ ထားရှိပေးထားကြောင်း သိရသည်။ **(၆၄၁)**

# (၂၉၀)ကြိမ် ထီဖွင့်ပွဲ မတ် ၁ ရက်တွင်ကျင်းပမည်

**ရန်ကုန် ဖေဖော်ဝါရီ ၂၆**

(၂၉၀)ကြိမ် ငွေကျပ် ၂၀၀ တန် အောင်ဘာလေသိန်းဆုဖွင့်ပွဲကို အောင်ဘာလေသိန်းဆုဌာနခွဲတည်ရှိရာ အမှတ် (၃၈၄) မဟာဗန္ဓုလလမ်းနှင့် (၃၇) လမ်းထောင့် ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ရှိ ထီဖွင့်ပွဲခန်းမဆောင်၌ မတ် ၁ ရက်(သောကြာနေ့) နံနက် ၈ နာရီမှစတင်၍ ညနေ ၄ နာရီအထိ တစ်ရက်တည်းဖြင့် အပြီးဖွင့်လှစ်မည်ဖြစ်သည်။

တန်ဖိုးအလိုက် ဆုမဲများမှာ ငွေကျပ်သိန်း ၁၅၀၀ (၁)ဆု၊ ငွေကျပ်သိန်း ၁၀၀၀ (၁)ဆု၊ ငွေကျပ်သိန်း ၅၀၀ (၁)ဆု၊ ငွေကျပ်သိန်း ၃၀၀ (၂)ဆု၊ ငွေကျပ်သိန်း ၂၀၀ (၃)ဆု၊ ငွေကျပ်သိန်း ၁၀၀(၁၅)ဆု၊ ငွေကျပ် ၁၀သိန်း (၄၈၀)ဆု၊ ငွေကျပ် ၅သိန်း(၁)ဆု၊ ငွေကျပ်၃ သိန်း(၁၄၄)ဆု၊ ငွေကျပ် နှစ်သိန်း(၁၃၈၀)ဆု၊ ငွေကျပ် ၁ သိန်း (၁၃၇၀၃)ဆု၊ ငွေကျပ် ငါးသောင်း (၉၉၉၉)ဆု အပါအဝင် ဆုမဲပေါင်း (၂၅၇၃၀) ဆုဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**






# အီဂျစ်၌ ဓာတ်ငွေ့ဘောလုံးပျံ မီးလောင်ပေါက်ကွဲ အာရှနှင့် ဥရောပသားများအပါအဝင် ခရီးသည် ၁၉ ဦး သေဆုံး

**ကိုင်ရို ဖေဖော်ဝါရီ ၂၆**

အီဂျစ်နိုင်ငံ၏ ရှေးဟောင်းမြို့တစ်မြို့ဖြစ်သည့် လပ်ဆောမြို့တွင် ဖေဖော်ဝါရီ ၂၆ရက် နံနက်ပိုင်းက အာရှနှင့် ဥရောပတိုက်သားများပါဝင်သည့် ကမ္ဘာလှည့်ခရီးသွားများ လိုက်ပါစီးနင်းသော ဓာတ်ငွေ့ဘောလုံးပျံတစ်စင်း မီးလောင်ပေါက်ကွဲမှု ဖြစ်ပွားခဲ့ရာ လူ ၁၉ ဦး သေဆုံးကြောင်း ဒေသဆိုင်ရာသတင်းဌာနများက သတင်းထုတ်ပြန်သည်။

အဆိုပါ ဓာတ်ငွေ့ဘောလုံးပျံသည် လူ ၂၁ ဦး တင်ဆောင်၍ အမြင့်မီတာ ၃၀၀(ပေ ၁၀၀၀)အထက်တွင် ပျံသန်းနေစဉ် မီးလောင်မှုဖြစ်ပွားခဲ့သည်ဟု လုံခြုံရေးတာဝန်ရှိသူက ပြောသည်။

ဓာတ်ငွေ့ဘောလုံးပျံကို မောင်းနှင်သူနှင့် ခရီးသွားတစ်ဦးတို့သည် မီးလောင်ပျက်ကျသော ဓာတ်ငွေ့ဘောလုံး မြေမထိမီ ခုန်ထွက်ခဲ့ကြောင်းနှင့် ယင်းတို့နှစ်ဦးကို ဆေးရုံသို့တင်ပို့၍ ကုသမှုပေးလျက်ရှိကြောင်း သတင်းတွင်ဖော်ပြထားသည်။

ယင်းဓာတ်ငွေ့ဘောလုံးပျံပျက်ကျမှုနှင့်ပတ်သက်၍ သေဆုံးသူဦးရေနှင့် နိုင်ငံသား အမျိုးအမည်စာရင်းများ ကွဲလွဲလျက်ရှိသည်။

ယင်းဖြစ်ရပ်၌ သေဆုံးသူများထဲတွင် ဟောင်ကောင်မှ ကိုးဦး၊ ဂျပန်လူမျိုး လေးဦး၊ ဗြိတိန်လူမျိုး သုံးဦးနှင့် ပြင်သစ်လူမျိုးနှစ်ဦးတို့ဖြစ်ပြီး ၁၉ ဦးမြောက်ခရီးသည်မှာ မည်သည့်နိုင်ငံသားဖြစ်သည်ကိုမသိရကြောင်း အီဂျစ်လုံခြုံရေးတပ်ဖွဲ့တာဝန်ရှိသူက ပြောကြားသည်။

အီဂျစ်ကျန်းမာရေးဝန်ကြီးဌာန၏အဆိုအရမူ ခရီးသည် ၁၄ဦးသေဆုံးပြီး လေးဦးမှာ ပျောက်ဆုံးနေကာ ဗြိတိန်နိုင်ငံသားတစ်ဦးနှင့် အီဂျစ်နိုင်ငံသားတစ်ဦး အပါအဝင် လူသုံးဦးတို့မှာ ထိခိုက်ဒဏ်ရာရခဲ့သည်ဟုဆိုသည်။

**ရိုက်တာ။**




အီဂျစ်နိုင်ငံ လပ်ဆောမြို့ရှိ ဓာတ်ငွေ့ဘောလုံးပျံ စခန်းကို တွေ့ရစဉ်။




တောင်ကိုရီးယားနိုင်ငံ၏ (၁၈)ယောက်မြောက် သမ္မတအဖြစ် ပတ်ဂွန်ဟေး ကျမ်းသစ္စာ ကျိန်ဆိုစဉ်။

# တောင်ကိုရီးယား၏ ပထမဆုံးသော အမျိုးသမီးသမ္မတ ကျမ်းသစ္စာကျိန်ဆို

**ဆိုးလ် ဖေဖော်ဝါရီ ၂၆**

တောင်ကိုရီးယားနိုင်ငံ၏ ပထမဆုံးသော အမျိုးသမီးသမ္မတအဖြစ် ပတ်ဂွန်ဟေးသည် ဖေဖော်ဝါရီ ၂၅ ရက်တွင် မြို့တော်ဆိုးလ်၌ ကျမ်းသစ္စာကျိန်ဆိုကြောင်း ဒေသဆိုင်ရာသတင်းဌာနများက သတင်းထုတ်ပြန်သည်။

တောင်ကိုရီးယားနိုင်ငံ၏ ကွယ်လွန်သူ စစ်ခေါင်းဆောင် ပတ်ချုံဟီး၏သမီးဖြစ်သူ ပတ်ဂွန်ဟေးသည် အသက် ၆၁ နှစ်ရှိပြီး ယင်းနိုင်ငံ၏ ပထမဆုံးသော အမျိုးသမီးသမ္မတ ဖြစ်လာသည်။

နိုင်ငံတော်၏ စီးပွားရေးပြန်လည်တိုးတက်လာပြီး ပြည်သူတို့၏ လူနေမှုဘဝမြင့်မားကာ ယဉ်ကျေးမှုထိန်းသိမ်းနိုင်သောနိုင်ငံအဖြစ် ရပ်တည်နိုင်ရန် အစိုးရအဖွဲ့သစ်က ဦးဆောင်ကြိုးပမ်းသွားမည်ဖြစ်ကြောင်း ပတ်က ကျမ်းသစ္စာကျိန်ဆိုပွဲ အခမ်းအနားတွင် ပြောကြားသည်။

သမ္မတ၏ ကျမ်းသစ္စာကျိန်ဆိုပွဲ မိန့်ခွန်းကို နားဆင်ရန် လူ ၇၀၀၀၀ ခန့်က ပါလီမန်အဆောက်အအုံရှေ့တွင် စုဝေးရောက်ရှိခဲ့ကြသည်။

တောင်ကိုရီးယားနိုင်ငံ၌ အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ၏ တိုးတက်ဖွံ့ဖြိုးမှုကို ပိတ်ပင်နေသော မတရားသည့် လုပ်ရပ်များကို တိုက်ဖျက်သွားမည်ဖြစ်ကြောင်း၊ ပညာရေးစနစ်ကို ပြုပြင်ပြောင်းလဲမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

**ဆင်ဟွာ။**

# မြောက်ကိုရီးယား၏ ခရီးသွားလုပ်ငန်းတိုးတက် ဥရောပသားခရီးသည်များ ပိုမိုလာရောက်

**ပြုံယမ်း ဖေဖော်ဝါရီ ၂၆**

မြောက်ကိုရီးယားနိုင်ငံ၏ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လျက်ရှိကြောင်း နိုင်ငံပိုင်သတင်းဌာနဖြစ်သော ကိုရီးယားဗဟိုသတင်းအေဂျင်စီ (ကေစီအင်န်အေ) က ဖေဖော်ဝါရီ ၂၆ ရက်တွင် ထုတ်ပြန်ကြေညာသည်။

မြောက်ကိုရီးယားနိုင်ငံသို့ အလည်အပတ်လာရောက်သည့် နိုင်ငံသားဧည့်သည် အရေအတွက်မှာ ၂၀၀၀ ပြည့်နှစ်နောက်ပိုင်း ပုံမှန်တိုးတက်လာခဲ့ကြောင်း၊ ၂၀၀၉ ခုနှစ်နောက်ပိုင်း ဥရောပသား ကမ္ဘာလှည့်ခရီးသည်များ တိုးတက်လာရောက်မှုကြောင့် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း အထူးတိုးတက်လာကြောင်း သတင်းတွင်ဖော်ပြသည်။

ကမ္ဘာ့ခရီးသွားလုပ်ငန်းတွင် မြောက်ကိုရီးယားနိုင်ငံ ရေပန်းစားလာနေကြောင်း ကိုရီးယားဗဟိုသတင်းအေဂျင်စီက ရေးသားဖော်ပြသော်လည်း လာရောက်သည့်ခရီးသည် ဦးရေကိန်းဂဏန်းများကိုမူ မသိရပေ။

မြောက်ကိုရီးယားနိုင်ငံ၏ အဲကော်ရိုလေကြောင်းဌာနသည် ချက်သမ္မတနိုင်ငံ၊ ဟန်ဂေရီ၊ မလေးရှား၊ ဆွစ်ဇာလန်၊ ရုရှားနှင့် ထိုင်းနိုင်ငံတို့သို့ ပျံသန်းလျက်ရှိကြောင်း အဆိုပါလေကြောင်းဌာန၏ အင်တာနက်ဝက်ဘ်ဆိုက်၌ ဖော်ပြထားသည်။

**ကေစီအင်န်အေ။**





မြောက်ကိုရီးယားနိုင်ငံရှိ ကမ်ဂန်းတောင်ပေါ် အပန်းဖြေစခန်း၌ အပန်းဖြေမည့် ကမ္ဘာလှည့် ခရီးသည်များကို တွေ့ရစဉ်။





နည်းပညာသစ် မြင်ကွင်းသစ် ORIENT EYEWEAR

အရေ့တိုင်းမျက်မှန်

ပုံမှန်စစ်ဆေး တိုင်းတာချက်များအပြင် မျက်စိနှင့် မျက်မှန်ကိုင်းတို့၏ ဆက်သွယ်မှု တိုင်းတာချက်များဖြစ်သော interpupillary distance vertex distance, pantoscopic tilt နှင့် face form angle တို့ကို တိုင်းတာပေးခြင်းဖြင့် မျက်မှန်တပ်ဆင်သူ၏ မြင်ကွင်းပြည့်စုံ ကြည်လင်ရှင်းလင်းစေရန် ဆောင်ရွက်ပြုလုပ်ပေးနေပါသည်။

၃၆၁၊ ရွှေဘုံသာအထက်လမ်း၊ ရန်ကုန်မြို့။ ၀၉-၇၃၀၂၆၅၁၅

၇၂၊ ၂၆ Bလမ်း၊ (၈၁-လမ်း နှင့် ၈၂-လမ်းကြား)၊ မန္တလေးမြို့။ ၀၉-၄၀၂၅၅၃၉၅၁



ရေနှင့်ရောလိမ်းရန်မလိုသော အသင့်သုံး သနပ်ခါးခရင်(မ်)

Shwe

Anti ageing Thanakha Cream
-Forever Young




ရွှေ အစဉ်နုပျိုစေသောသနပ်ခါးခရင်(မ်)

# ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီးဟောင်းအား လက်ခံတွေ့ဆုံ



**နေပြည်တော် ဖေဖော်ဝါရီ ၂၆**

ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်သည် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီးဟောင်း Mr. Takashi TAJIMA အား ယနေ့ညနေ ၄ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် ဧည့်ခန်းမဆောင်ကြီး၌ လက်ခံတွေ့ဆုံသည်။**(အောက်ဝဲပုံ)**

ထိုသို့ တွေ့ဆုံရာတွင် မြန်မာ-ဂျပန် နှစ်နိုင်ငံအကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုတိုးတက်ခိုင်မာဖြစ်ထွန်းရေး၊ နှစ်နိုင်ငံပြည်သူများအကြား နားလည်စာနာထောက်ကူမှုများမှတစ်ဆင့် ကဏ္ဍစုံ အကျိုးတူပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်နိုင်ရေး၊ မြန်မာနိုင်ငံ၏ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဂျပန်နိုင်ငံမှ နည်းပညာနှင့် အကူအညီများ ထိရောက်စွာ ပံ့ပိုးကူညီနိုင်ရေးတို့အပြင် မြန်မာနိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေးကဏ္ဍများတွင် ပြုပြင်ပြောင်းလဲဆောင်ရွက်နေမှုများ၊ မြန်မာနိုင်ငံတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေရေးဆွဲပြဋ္ဌာန်းခဲ့မှုနှင့် လက်ရှိမြန်မာနိုင်ငံ၏ ဖြစ်ပေါ်တိုးတက်ပြောင်းလဲမှုအခြေအနေများကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ကြပြီး ဂျပန်နိုင်ငံမှ မြန်မာနိုင်ငံ၏ ကြွေးမြီများကို ဖျက်သိမ်းပေးသည့်အတွက် ဂျပန်နိုင်ငံအစိုးရနှင့် ပြည်သူများအား ကျေးဇူးတင်ရှိပါကြောင်းကိုလည်း လွှတ်တော်နာယက က ထည့်သွင်းပြောကြားသည်။

အဆိုပါ တွေ့ဆုံပွဲသို့ ပြည်ထောင်စုလွှတ်တော်နာယကနှင့်အတူ အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်း၊ လွှတ်တော်ကော်မတီဥက္ကဋ္ဌများဖြစ်ကြသည့် ဒေါက်တာခင်ရွှေနှင့်ဦးဝင်းမောင်၊ လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

# အမှတ်(၁၂)အကြီးစားစက်ရုံ(ထုံးဘို)နှင့် ဘက်ထရီအလုပ်ရုံ(ထုံးဘို) မော်တော်ယာဉ်သုံးဘက်ထရီများ ထုတ်လုပ်

နေပြည်တော် ဖေဖော်ဝါရီ ၂၆

**စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်သည် ဖေဖော်ဝါရီ ၁၇ ရက် နံနက်ပိုင်းတွင် ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း)ပန်းတောင်းမြို့နယ် ထုံးဘိုမြို့ရှိ အမှတ် (၁၂)အကြီးစားစက်ရုံ(ထုံးဘို)သို့ သွားရောက်၍ စက်ရုံမှူးနှင့် တာဝန်ရှိသူများအား တွေ့ဆုံသည်။**

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ထုတ်လုပ်မှုနှင့်ရောင်းချမှု ဟန်ချက်ညီရန် အရေးကြီးပြီး ဈေးကွက်လက်ဦးမှုရယူနိုင်ရန် ကြိုးပမ်းလုပ်ဆောင်ကြရမည် ဖြစ်ကြောင်း၊ အရည်အသွေးကောင်း ပစ္စည်းများ ထုတ်လုပ်ရေးအတွက် အခြေခံလိုအပ်သည့် ကုန်ကြမ်းအရည်အသွေးလည်း ကောင်းနေရန် လိုအပ်ကြောင်း၊ ဆောင်သင့်သည်ကိုဆောင်၊ ရှောင်သင့်သည်ကိုရှောင်ပြီး လုပ်ငန်းအပေါ်၊ မိမိထုတ်ကုန်ပစ္စည်းများအပေါ် စေတနာထား၍ လုပ်ဆောင်သွားကြရန်မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် Machine Shop, Body Assembly Shop, Vehicle Assembly & Painting Shop, Diesel Engine Plant, Light Alloy Foundry Shop, Piston & Piston Ring Shop နှင့် Press Shop တို့၌ ပစ္စည်းများထုတ်လုပ်နေမှုနှင့် ဈေးကွက်ဖြန့်ချိရန် အသင့်ဖြစ်နေသော မော်တော်ယာဉ်များကို ကြည့်ရှုစစ်ဆေးသည်။

အမှတ်(၁၂) အကြီးစားစက်ရုံ (ထုံးဘို)၏ ထုတ်လုပ်မှုလုပ်ငန်းများကို ၁၉၇၄ ခုနှစ်မှ စတင်ခဲ့ပြီး ထိုစဉ်က XVA-44L Jeep များ၊ B-600 ယာဉ်များ၊ DS-70Engine များကိုထုတ်လုပ်ခဲ့ပြီး ယခုအခါ Myanmar Double Cab, Myanmar Single Cab, Myanmar Sport Utility Vehicle, Piston နှင့် Piston Ring များကို ဈေးကွက်လိုအပ်ချက်နှင့် အညီ ထုတ်လုပ် ဖြန့်ဖြူးပေးလျက်ရှိကြောင်း သိရသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် စက်ရုံဝင်းအတွင်းရှိ ဘက်ထရီအလုပ်ရုံ(ထုံးဘို)သို့ ရောက်ရှိပြီး မော်တော်ယာဉ်သုံး ဘက်ထရီများနှင့် နည်းစဉ်အတိုင်း အဆင့်ဆင့် ထုတ်လုပ်နေမှုနှင့် ထုတ်လုပ်ပြီး ဈေးကွက်ဖြန့်ချိရန် အသင့်ဖြစ်နေသော ဘက်ထရီများစနစ်တကျ ထုပ်ပိုးထားမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

# သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ် (မန္တလေး)ဘွဲ့နှင်း

**မန္တလေး ဖေဖော်ဝါရီ ၂၆**

သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်(မန္တလေး)၏ ဒသမအကြိမ်မြောက် ဘွဲ့နှင်းသဘင်ကို မန္တလေးတက္ကသိုလ် ဘွဲ့နှင်းခန်းမ၌ ဖေဖော်ဝါရီ ၁၆ ရက် (စနေနေ့)တွင် ကျင်းပရာ ခေတ္တပါမောက္ခချုပ် ပါမောက္ခဒေါက်တာရွှေတိုးနှင့် တက္ကသိုလ်စီမံခန့်ခွဲရေးအဖွဲ့ဝင်များ၊ တက္ကသိုလ်ပညာရေးအဖွဲ့ဝင်များနှင့် ဘွဲ့ရမောင်မယ်များ၊ ပါမောက္ခ/ဌာနမှူးများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ မိဘဆွေမျိုးများတက်ရောက်ပြီး အထွေထွေ သွားရောဂါကုဘွဲ့လွန် ဒီပလိုမာ ကိုးဦးနှင့် သွားဘက်ဆိုင်ရာ ဆေးပညာဘွဲ့ ၁၁၅ ဦးတို့ကို ခေတ္တပါမောက္ခချုပ် ပါမောက္ခဒေါက်တာရွှေတိုးက ဘွဲ့လက်မှတ်များကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **(ကြေးမုံ)**

# မှန်လုံယာဉ်အတွင်း ခြင်ဆေးထွန်း၍ မီးလောင်

**မန္တလေး ဖေဖော်ဝါရီ ၂၆**

မန္တလေးမြို့ မဟာအောင်မြေမြို့နယ် လမ်း(၄၀)နှင့်(၄၁)လမ်းကြား၊ (၅၇)လမ်းနှင့် (၅၈)လမ်းကြား ရဲမွန်တောင်ရပ် အကွက်(၉)၌ ယနေ့နံနက် ၄ နာရီ ၄၅ မိနစ်ခန့်တွင် ဟီးနိုးမှန်လုံခရီးသည်တင်ယာဉ်တစ်စီး မီးလောင်မှုဖြစ်ပွားခဲ့သည်။**(အောက်ပုံ)**

အဆိုပါ မီးလောင်မှုဖြစ်ပွားရာသို့ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့မှ မီးသတ်ယာဉ် ၁၁ စီး လာရောက်ငြိမ်းသတ်ရာ ၅ နာရီ ၁၀ မိနစ်ခန့်တွင် မီးငြိမ်းသွားသည်။ မီးလောင်မှုဖြစ်စဉ်မှာ ယာဉ်နောက်လိုက် အောင်ပြည့်ဖြိုး ထွန်းထားသည့်ခြင်ဆေးခွေမှ ကတ္တီပါအောက်ခင်းကို ကူးစက်လောင်ကျွမ်းခဲ့ခြင်းဖြစ်ကြောင်း မီးသတ်ဦးစီးဌာနမှ သိရသည်။ မီးလောင်မှုကြောင့် မော်တော်ယာဉ် အပေါ်ပိုင်းတစ်ခုလုံး မီးလောင်ပျက်စီးခဲ့ရာ တန်ဖိုးငွေကျပ် ၃၉၇၀၀၀၀ ခန့် ဆုံးရှုံးခဲ့သည်ဟု ခန့်မှန်းထားပြီး ယာဉ်နောက်လိုက် အောင်ပြည့်ဖြိုးအား မန္တလေးမြို့ အမှတ်(၉) ရဲစခန်းက (ပ) ၁၄၂/၂၀၁၃၊ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ (၂၈၅) အရ အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။ **အေးမြ(မန္တလေး)**



# ရန်ကုန်မြို့ ချမ်းသာပလာဇာရှေ့တွင် ကားမီးလောင်မှုဖြစ်ပွား

**ရန်ကုန် ဖေဖော်ဝါရီ ၂၆**

ရန်ကုန်မြို့ ချမ်းသာပလာဇာရှေ့တွင် နီဆန်းအဖြူရောင် ဆလွန်းကား ၁ခ/. . . သည် ယနေ့ညနေပိုင်းက ဝါယာရှော့ဖြစ်ရာ အောက်ပုဇွန်တောင်လမ်းနှင့် ရေကျော်လမ်းထောင့်အရောက်တွင် မီးလောင်မှုဖြစ်ပွားပြီး ယာဉ်မောင်းထွက်ပြေးသွားခဲ့သည်။

ထိုသို့ဖြစ်ပွားစဉ် အနီးရှိယာဉ်ထိန်းရဲများနှင့် နေအိမ်များမှ မီးသတ်ဆေးဘူးဖြင့် ဝိုင်းဝန်းငြိမ်းသတ်ကြပြီးနောက် မီးသတ်ယာဉ်များရောက်လာပြီး မီးငြိမ်းသတ်နိုင်ခဲ့ကြောင်း သိရသည်။ **(သန့်ဇင်ဝင်း)**

OD TOUR
Since 1997
သင်္ကြန်တွင်း ခရီးစဉ်များအတွက်ကြိုတင်စာရင်းပေးသွင်းနိုင်ပါပြီ။
ဘန်ကောက်၊ ပတ္တရား/ဖူးခက် Mar 23, Apr 11,12,13
ဟောင်ကောင်၊ကွမ်ကျိုး၊မကာအို Mar 23, Apr 13
အိန္ဒိယ၊နီပေါ Mar18
ဗီယက်နမ်၊ကမ္ဘောဒီးယား Mar 23, Apr 12,13
ကိုရီးယား Mar 23, Apr 11
စင်္ကာပူ၊မလေးရှား Mar 23, Apr 12,13
ကမ္ဘောဒီးယား Mar 2, Apr 12,13
စင်္ကာပူ၊ဘာလီ Mar 23, Apr 12,13
ပုဂံ၊ပုပ္ပါး၊ပခုက္ကူ(သီဟိုဠ်ရှင်)
အလောင်းတော်ကဿပ
မော်လမြိုင်၊ကျိုက်ထီး၊စက်စဲ
အင်းလေး၊တောင်ကြီး၊ထန့်စမ်း
ပုဂံ၊ရွှေစက်တော်
ထားဝယ်၊ရှင်ကိုးရှင်
ပုဂံ၊မန္တလေး
ပုဂံ၊တောင်ကြီး
Feb 28 Mar 1/23/24 Apr 5,10,11 12,13,18
အမှတ်(၅၃)၊ကျွန်းတောလမ်း၊စမ်းချောင်း၊ရန်ကုန် ဖုန်း 01-536855, 526349, 504808, 523187 09-5108087, 09-5187045, 09-73022688

ကျောင်းသား၊ ကျောင်းသူ ဦးရေ နည်းနည်းသာ လက်ခံ၍ တစ်ဦးချင်းစီ၏
ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးတို့တွင် မိဘများကဲ့သို့ အထူးဂရုစိုက်မှု၊ စည်းကမ်းရှိမှု၊ အောင်မြင်မှုတို့တွင်
ပြိုင်စံမပေါ် နိုင်ငံကျော်
ကံ့ကော်ရွှေပြည်
ဆရာကြီး ဒေါက်တာသန်းထွန်း
B.A ,H.G.P , R.L,D.I.L , DMA, D.B.A( USA ), Ph.D(Law)(USA)
မတ်လ အလယ်တွင် ဖွင့်လှစ်မည်
၈တန်း၊ ၉တန်း၊ ၁၀တန်း ၂၀၁၃-၂၀၁၄ ပညာသင်နှစ်
နေ့တက်အဆင့်မြင့်တန်း နှင့် အဆင့်မြင့်ဘော်ဒါ (ကျောင်းသား၊ကျောင်းသူ သီးသန့်ခွဲ)
ကျောင်းကား Ferry စီစဉ်ပေးသည်
• အမှတ် ၃(A)၊ ပြည်တော်အေးရိပ်သာ၊ ကမ္ဘာအေးစေတီလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။
• အခန်း (၁၀၀၇)၊ YUZANA BUSINESS TOWER, ၂၅ ဓမ္မစေတီလမ်း၊ မြေနီကုန်း၊ ရန်ကုန်မြို့။
• ဖုန်း- ၀၉ ၇၃၁၅၆၀၉၉၊ ၀၉ ၇၃၀၅၅၉၉၃၊ ၀၉ ၅၀၇၇၇၅၅၊ ၀၉ ၅၁၁၁၆၀၂

UNIQUE STAR TRAVELS & TOURS
PROMOTION (၃)ဦးဝယ်လျှင် + (၁)ဦး အခမဲ့
. တောင်ကြီး၊ အင်းလေး Mar 1,23/Apr 11,12,13 (185,000)
. ပုဂံ(စွယ်တော်လေးဆူ)၊ ပုပ္ပါး၊ ပခုက္ကူ Mar 1,23/Apr 11,12,13 (175,000)
. ပုဂံ+မန္တလေး၊ပြင်ဦးလွင် Mar 1,23/Apr 11,12,13 (175,000)
. ပုဂံ+ရွှေစက်တော် Mar 1,23/Apr 11,12,13 (175,000)
. အလောင်းတော်ကဿပ Mar 1,23/Apr 11,12,13 (195,000)
. ချောင်းသာ HOTEL MAX Mar 24 (75,000)
. ချောင်းသာ (15,000)/ ငွေဆောင် (20,000)/ ကျိုက်ထီးရိုး (12,000)
No(5), Asia Plaza. 391 372, 391 373, 708 353, 705 723, 09 514 8079.
70/A၊ ကမ္ဘာအေးဘုရားလမ်း။ ဖုန်း။ 09 7310 9133, 09 7310 9144, 09 7310 9155, 09 7310 9166.

# ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်း လုပ်ငန်းဥပဒေကြမ်း

ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်း လုပ်ငန်းဥပဒေကြမ်း
(၂၀၁၃ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ။)
၁၃၇၄ ခုနှစ်၊ လ ရက်
(၂၀၁၃ ခုနှစ်၊ လ ရက်)

**နိဒါန်း**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အတွင်း ထုတ်ဝေစာများ၊ ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းများကို ဥပဒေနှင့်အညီ ဆောင်ရွက်နိုင်စေရန် ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း(၁)**
**အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်**

၁။ ဤဥပဒေကို ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **ပုံနှိပ်စက်**ဆိုသည်မှာ ပုံနှိပ်ရန်အသုံးပြုသော အင်ဂျင်စက်၊ အီလက်ထရွန်နစ် နည်းပညာ သို့မဟုတ် လေဆာအသုံးပြု ပုံနှိပ်ယန္တရား၊ စက်ကိရိယာအသုံးအဆောင်နှင့် အခြားနည်းအသုံးပြုသော ပုံနှိပ်စက်ယန္တရားစုကို ဆိုသည်။

(ခ) **ပုံနှိပ်တိုက်**ဆိုသည်မှာ ပုံနှိပ်စက် သို့မဟုတ် ယင်းနှင့်သက်ဆိုင်သော စက်၊ စက်ယန္တရားစု၊ စက်ကိရိယာတန်ဆာ၊ စက်အစိတ်အပိုင်းနှင့် စာတမ်းအမှတ်အသားနှင့် ရုပ်ပုံအမြောက်အမြား ရိုက်နှိပ်ရန် ဆောင်ရွက်သည့် လုပ်ငန်းတည်ရှိရာ အဆောက်အအုံ သို့မဟုတ် နေရာကို ဆိုသည်။

(ဂ) **ထုတ်ဝေစာ**ဆိုသည်မှာ လက်ရေးစာ၊ ပုံနှိပ်စာနှင့် အီလက်ထရွန်နစ် နည်းပညာတစ်ရပ်ရပ်ဖြင့်ဖန်တီး၍ ထုတ်ဝေလိုက်သည့် စာတို့အပြင် ယင်းတို့နှင့် အမျိုးအစားတူ ဖြစ်စေ၊ မတူသည်ဖြစ်စေ ထင်ရှားမြင်သာသော ပုံသဏ္ဌာန်ရှိသည့်အရာ သို့မဟုတ် ပုံအားဖြင့်သော်လည်းကောင်း၊ သင်္ကေတအားဖြင့်သော်လည်းကောင်း၊ အခြားနည်းလမ်းအားဖြင့်သော်လည်းကောင်း စကားလုံးများကိုဖြစ်စေ၊ အတွေးအခေါ်များကိုဖြစ်စေ ရိပ်မိစေနိုင်သည့်အရာများနှင့် သတင်းစာ၊ စာစောင်၊ ဂျာနယ်၊ မဂ္ဂဇင်းနှင့်စာအုပ်များကို ဆိုသည်။

(ဃ) **ပုံနှိပ်သူ**ဆိုသည်မှာ ပုံနှိပ်စက် သို့မဟုတ် ပုံနှိပ်တိုက်ပိုင်ဆိုင်သူကို ဆိုသည်။ ယင်းစကားရပ်တွင် အစုစပ်၊ ကုမ္ပဏီ၊ မိသားစုလုပ်ငန်း သို့မဟုတ် အသင်းအဖွဲ့၏ သက်ဆိုင်ရာ စီမံအုပ်ချုပ်သော အစုရှင်၊ ဥက္ကဋ္ဌ၊ မန်နေဂျင်းဒါရိုက်တာ၊ အတွင်းရေးမှူး သို့မဟုတ် တာဝန်ခံပုဂ္ဂိုလ်လည်းပါဝင်သည်။

(င) **ထုတ်ဝေသူ**ဆိုသည်မှာထုတ်ဝေစာ တစ်ခုခုကိုစီးပွားရေးအကျိုးအမြတ် ရယူ၍သော်လည်းကောင်း၊ မရယူဘဲသော်လည်းကောင်းထုတ်ဝေသူကိုဆိုသည်။ ယင်းစကားရပ်တွင် အစုစပ်၊ ကုမ္ပဏီ၊ မိသားစုလုပ်ငန်း သို့မဟုတ် အသင်းအဖွဲ့၏ သက်ဆိုင်ရာ စီမံအုပ်ချုပ်သောအစုရှင်၊ ဥက္ကဋ္ဌ၊ မန်နေဂျင်းဒါရိုက်တာ၊ အတွင်းရေးမှူး သို့မဟုတ် တာဝန်ခံပုဂ္ဂိုလ်လည်းပါဝင်သည်။

(စ) **သတင်းအေဂျင်စီ**ဆိုသည်မှာ ပြည်တွင်း၊ ပြည်ပမှ သတင်းအချက်အလက်များကို စုဆောင်းရယူ၍ ပုံနှိပ်မီဒီယာ၊ အီလက်ထရွန်နစ်မီဒီယာနှင့် အခြားသောမီဒီယာများသို့ အခကြေးငွေဖြင့် ဖြစ်စေ၊ အခကြေးငွေ မယူဘဲဖြစ်စေ ဖြန့်ဝေပေးသည့် လုပ်ငန်းကိုဆိုသည်။

(ဆ) **သတင်းစာ**ဆိုသည်မှာ သတင်းများ၊ သိမှတ်စရာများ၊ အဖြစ်အပျက်များအပေါ် အစီရင်ခံချက်များ သို့မဟုတ် ယင်းတို့နှင့် သက်ဆိုင်သည့်မှတ်ချက်၊ လေ့လာသုံးသပ်ချက်နှင့် ဝေဖန်ချက်များ သို့မဟုတ် အများပြည်သူစိတ်ဝင်စားသည့်အကြောင်းအရာ တစ်ခုခုပါဝင်ပြီး ရောင်းချရန်ဖြစ်စေ၊ အခမဲ့ဖြန့်ချိရန်ဖြစ်စေ နေ့စဉ်ပုံနှိပ်ထုတ်ဝေသော ထုတ်ဝေစာကို ဆိုသည်။

(ဇ) **စာစောင်၊ ဂျာနယ်၊ မဂ္ဂဇင်း**ဆိုသည်မှာ အချိန်မှန်မှန်ဖြစ်စေ၊ အချိန်မှန်မှန်မဟုတ်ဘဲဖြစ်စေ အပိုင်းလိုက်သော်လည်းကောင်း၊ အမှတ်စဉ်လိုက်သော်လည်းကောင်း ထုတ်ဝေသည့် ထုတ်ဝေစာ တစ်ခုခုကို ဆိုသည်။

(ဈ) **စာအုပ်**ဆိုသည်မှာ မည်သည့်ဘာသာဖြင့်မဆို ထုတ်သည့်စာအုပ်၊ စာအုပ်အစိတ်အပိုင်း၊ စာတမ်းနှင့် စာရွက်များအပြင် တသီးတခြား အချပ်လိုက်ပုံနှိပ်ထားသည့် သင်္ကေတပုံ၊ မြေပုံနှင့် ပုံစံများကို ဆိုသည်။

(ည) **ဝက်ဘ်ဆိုက်ဆို**သည်မှာ အကြောင်းအရာတစ်ခုခုနှင့် စပ်လျဉ်း၍ သတင်းအချက်အလက်များကို ရယူနိုင်ရန် အင်တာနက်ကွန်ရက်အတွင်း၌ လွှင့်တင်ထားသော စာမျက်နှာကို ဆိုသည်။

(ဋ) **ညစ်ညမ်းစာ**ဆိုသည်မှာ ဟီရိဩတ္တပ္ပကင်းသော၊ မြန်မာ့လူ့အဖွဲ့အစည်းက လက်မခံသော၊ လိင်ကိစ္စအား သိသာစွာ၊ သွယ်ဝိုက်၍ ထင်မြင်စေနိုင်အောင် သရုပ်ဖော်သည့်ရာဂကို လှုံ့ဆော်ရာရောက်သော၊ အကျင့်ပျက်ပြားစေပြီး စာရိတ္တကို ထိခိုက်စေသော စာများ၊ ရုပ်ပုံ၊ ဓာတ်ပုံနှင့် ပန်းချီများ၊ ဖရုဿဝါစာ၊ ဆဲရေးတိုင်းထွာစာ၊ အဂါရဝ အသုံးအနှုန်း၊ ရုပ်ပုံများ ဖော်ပြခြင်းကို ဆိုသည်။ ယင်းစကားရပ်တွင် ဆေးပညာအရ ဖော်ပြရန်လိုအပ်သော ကိစ္စရပ်များ မပါဝင်။

(ဌ) **အသိအမှတ်ပြုလက်မှတ်** ဆိုသည်မှာ ဝန်ကြီးဌာနက ပုံနှိပ်သူ၊ ထုတ်ဝေသူနှင့် သတင်းအေဂျင်စီများအား သက်ဆိုင်ရာလုပ်ငန်း ဆောင်ရွက်ရန် ဤဥပဒေအရ ထုတ်ပေးသည့် အသိအမှတ်ပြုလက်မှတ်ကို ဆိုသည်။

(ဍ) **မှတ်ပုံတင်အရာရှိ** ဆိုသည်မှာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန၊ မူပိုင်ခွင့်နှင့် မှတ်ပုံတင်ဌာနခွဲ ညွှန်ကြားရေးမှူးကို ဆိုသည်။

(ဎ) **ဝန်ကြီး** ဆိုသည်မှာ ပြည်ထောင်စုအစိုးရအဖွဲ့၊ ပြန်ကြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးကို ဆိုသည်။

(ဏ) **ဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရအဖွဲ့၊ ပြန်ကြားရေး ဝန်ကြီးဌာနကို ဆိုသည်။

**အခန်း(၂)**
**ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း အသိအမှတ်ပြုခြင်း**

၃။ ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း ဆောင်ရွက်လိုသော ပုံနှိပ်သူနှင့် ထုတ်ဝေသူများသည် လည်းကောင်း၊ မြန်မာနိုင်ငံအတွင်း၌ သတင်းအေဂျင်စီ ဖွင့်လှစ်ဆောင်ရွက်လိုသော ပြည်တွင်းအခြေစိုက် အဖွဲ့၊ ပြည်ပအခြေစိုက်အဖွဲ့၊ ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းသည်လည်းကောင်း မှတ်ပုံတင်အရာရှိထံတွင် မိမိလုပ်ငန်းကို အသိအမှတ်ပြုရန်အတွက် လျှောက်ထားရမည်။

၄။ ပုဒ်မ ၃ အရ လျှောက်ထားချက်နှင့်စပ်လျဉ်း၍ မှတ်ပုံတင်အရာရှိသည် သတ်မှတ်ချက်များနှင့် ကိုက်ညီသူကို သတ်မှတ်သော အခကြေးငွေအား ပေးသွင်းစေပြီးလျှင် သတ်မှတ်ကာလအတွက် လုပ်ငန်းအသိအမှတ်ပြုလက်မှတ် ထုတ်ပေးရမည်။

၅။ လုပ်ငန်းအသိအမှတ်ပြုလက်မှတ်ရရှိသူသည် ယင်းလက်မှတ်ကိုရရှိရန် မရိုးဖြောင့်သောသဘောဖြင့်ဖြစ်စေ၊ လိမ်လည်လှည့်ဖြားရန် အကြံဖြင့်ဖြစ်စေ လျှောက်ထားခဲ့ကြောင်း သော်လည်းကောင်း၊ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို ဆန့်ကျင်၍ ဆောင်ရွက်ကြောင်းသော်လည်းကောင်း တစ်နည်းနည်းဖြင့် စိစစ်တွေ့ရှိရပါက ဝန်ကြီးသည် ယင်းလုပ်ငန်းအသိအမှတ်ပြုလက်မှတ်ကို ရုပ်သိမ်းခြင်း သို့မဟုတ် ကာလအကန့်အသတ်ဖြင့် ရပ်ဆိုင်းခြင်းပြုနိုင်သည်။

၆။ ပုဒ်မ ၅ အရ လုပ်ငန်းအသိအမှတ်ပြုလက်မှတ်ကို ရုပ်သိမ်းခြင်း သို့မဟုတ် ကာလအကန့်အသတ်ဖြင့် ရပ်ဆိုင်းခြင်းခံရသော ပုံနှိပ်သူ သို့မဟုတ် ထုတ်ဝေသူသည် ဝန်ကြီးထံသို့ အယူခံပိုင်ခွင့် ရှိစေရမည်။

**အခန်း (၃)**
**ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းအတွက် လိုက်နာရန်စည်းကမ်း**

၇။ ပုံနှိပ်သူ သို့မဟုတ် ထုတ်ဝေသူသည် အောက်ပါအချက် တစ်ရပ်ရပ်တွင် အကျုံးဝင်သော ထုတ်ဝေစာများကို ပုံနှိပ်ခြင်း သို့မဟုတ် ထုတ်ဝေခြင်းမပြုရ-

(က) တိုင်းရင်းသားလူမျိုး တစ်မျိုးနှင့်တစ်မျိုး သို့မဟုတ် တိုင်းရင်းသားလူမျိုး အချင်းချင်းကိုလည်းကောင်း၊ အခြားဘာသာ သာသနာကိုလည်းကောင်း ထိခိုက်နစ်နာစေမည့် အကြောင်းအရာများ ဖော်ပြခြင်း၊

(ခ) တရားဥပဒေစိုးမိုးရေးကို ပျက်ပြားစေရန်သော်လည်းကောင်း၊ ဆူပူအကြမ်းဖက်မှုဖြစ်ပွားစေရန်သော်လည်းကောင်း လှုံ့ဆော်ခြင်း၊

(ဂ) ညစ်ညမ်းစာများကို ဖော်ပြခြင်း၊

(ဃ) ရာဇဝတ်မှု၊ ရက်စက်ကြမ်းကြုတ်မှု၊ အကြမ်းဖက်မှု၊ လောင်းကစားမှုနှင့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ပြစ်မှုကျူးလွန်ခြင်းတို့ကို အားပေးခြင်းနှင့်လှုံ့ဆော်ခြင်း၊

(င) ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် အခြားတည်ဆဲဥပဒေများအရ ပြဋ္ဌာန်းချက်များကို ဆန့်ကျင်ဖောက်ဖျက်ရာရောက်သည့် အရေးအသား၊ စာများထုတ်ဝေခြင်း။

**အခန်း(၄)**
**တရားမဝင်ထုတ်ဝေစာအဖြစ် ကြေညာခြင်း**

၈။ မှတ်ပုံတင်အရာရှိသည် ပုဒ်မ ၇ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်နှင့် အကျုံးဝင်သော ထုတ်ဝေစာကို စိစစ်တွေ့ရှိပါက တရားမဝင်ထုတ်ဝေစာအဖြစ် ကြေညာနိုင်သည်။

**အခန်း(၅)**
**ထုတ်ဝေစာများကို ပြည်တွင်းသို့ တင်သွင်းခြင်းနှင့် ပြည်ပသို့ တင်ပို့ခြင်း**

၉။ ပြည်ပမှထုတ်ဝေစာကို ပြည်တွင်းသို့ တင်သွင်းခြင်း၊ ပြည်တွင်းမှထုတ်ဝေစာများကို ပြည်ပသို့ တင်ပို့ခြင်းတို့ကို ဆောင်ရွက်လိုပါက တည်ဆဲဥပဒေများနှင့် အညီ ဆောင်ရွက်ရမည်။

၁၀။ မှတ်ပုံတင်အရာရှိသည် ဥပဒေနှင့်ဆန့်ကျင်သည့် ပြည်တွင်းသို့တင်သွင်းလာသော သို့မဟုတ် ပြည်ပသို့ တင်ပို့သော ထုတ်ဝေစာများကိုတွေ့ရှိလျှင် ပုဒ်မ ၈ နှင့်အညီ ဆောင်ရွက်ရမည်။

၁၁။ ထုတ်ဝေစာကို-

(က) ပြည်ပမှ တင်သွင်းသူသည် တင်သွင်းသောထုတ်ဝေစာနှင့်ပတ်သက်၍ ခေါင်းစဉ်၊ အမျိုးအစားနှင့် အရေအတွက်စာရင်းကို သတ်မှတ်ပုံစံဖြင့် မှတ်ပုံတင်အရာရှိထံ ပေးပို့ရမည်။

(ခ) ပြည်တွင်း၌ ပုံနှိပ်ထုတ်ဝေခြင်းဖြစ်ပါက ပုံနှိပ်သူသည် ၎င်းပုံနှိပ်သော မည်သည့်ထုတ်ဝေစာကိုမဆို မှတ်ပုံတင်စာရင်းရေးသွင်းခြင်းနှင့် မူပိုင်ခွင့်လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် သတ်မှတ်အရေအတွက် အတိုင်း မှတ်ပုံတင်အရာရှိထံ အဖိုးအခလွတ် ပေးပို့ရမည်။

၁၂။ တရားမဝင်ထုတ်ဝေစာအဖြစ် ကြေညာထားခြင်းမရှိသော်လည်း ပုဒ်မ ၇ ပါ သတ်မှတ်ချက်တစ်ရပ်ရပ်နှင့် ငြိစွန်းသည့် ထုတ်ဝေစာကို မည်သူမျှပြည်တွင်းသို့ တင်သွင်းခြင်းမပြုရ။

၁၃။ ထုတ်ဝေခြင်းလုပ်ငန်း အသိအမှတ်ပြုလက်မှတ်ရရှိသူသည် မိမိ၏ထုတ်ဝေစာမူရင်းကို အင်တာနက် သတင်းဖြန့်ချိသောနည်းဖြင့် ဝက်ဘ်ဆိုက်များအသုံးပြု၍ ဖြန့်ချိခွင့်ရှိသည်။

၁၄။ သတင်းအေဂျင်စီလုပ်ငန်းအတွက် အသိအမှတ်ပြုလက်မှတ်ရရှိသူသည် မိမိလွှင့်တင်ဖြန့်ချိလိုသည့် သတင်းအချက်အလက်နှင့်ပုံများကို အင်တာနက် သတင်းဖြန့်ချိသောနည်းဖြင့် ဝက်ဘ်ဆိုက်များအသုံးပြု၍ ဖြန့်ချိခွင့်ရှိသည်။

၁၅။ ပုဒ်မ ၁၃ နှင့် ၁၄ အရ အင်တာနက် သတင်းဖြန့်ချိသောနည်းဖြင့် လွှင့်တင်ဖြန့်ချိထားသော ဝက်ဘ်ဆိုက်များသည် ပုဒ်မ ၇ ပါ သတ်မှတ်ချက်များကို လိုက်နာရမည်။

**အခန်း(၆)**
**တားမြစ်ချက်များ**

၁၆။ မည်သူမျှ သက်ဆိုင်ရာလုပ်ငန်းအသိအမှတ်ပြုလက်မှတ်မရှိဘဲ ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်း သို့မဟုတ် သတင်းအေဂျင်စီလုပ်ငန်း လုပ်ကိုင်ခြင်းမပြုရ။

၁၇။ မည်သူမျှ ပုဒ်မ ၈ အရ တရားမဝင်ထုတ်ဝေစာအဖြစ် ကြေညာထားသည့် ထုတ်ဝေစာများကို ပြည်တွင်းသို့တင်သွင်းခြင်း၊ ပြည်ပသို့တင်ပို့ခြင်း၊ ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်း၊ ဖြန့်ချိခြင်း သို့မဟုတ် ရောင်းချခြင်းမပြုရ။

၁၈။ မည်သူမျှ ပုဒ်မ ၁၁ ပါ ပြဋ္ဌာန်းချက်ကို လိုက်နာရန် ပျက်ကွက်ခြင်းမရှိစေရ။

၁၉။ မည်သူမျှ လုပ်ငန်းအသိအမှတ်ပြုလက်မှတ်ကို ရုပ်သိမ်းခြင်း သို့မဟုတ် ကာလအကန့်အသတ်ဖြင့် ရပ်ဆိုင်းခြင်း ပြုလုပ်ထားစဉ်ကာလအတွင်း ထုတ်ဝေစာတစ်ခုခုကို ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်း၊ ဖြန့်ချိခြင်း သို့မဟုတ် သတင်းအေဂျင်စီလုပ်ငန်း လုပ်ကိုင်ခြင်းမပြုရ။

**အခန်း(၇)**
**ပြစ်မှုနှင့် ပြစ်ဒဏ်များ**

၂၀။ မည်သူမဆို ပုဒ်မ ၁၆ နှင့် ၁၉ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ငွေဒဏ်ကျပ်ငါးဆယ်သိန်းမှ ကျပ်တစ်ရာသိန်းအထိ ချမှတ်ရမည်။ ဒဏ်ငွေ မဆောင်ပါက ထောင်ဒဏ် (၆)လအထိ ချမှတ်ရမည်။

၂၁။ မည်သူမဆို ပုဒ်မ ၁၇ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ငွေဒဏ်ကျပ်တစ်ဆယ်သိန်းမှ ကျပ်ငါးဆယ်သိန်းအထိ ချမှတ်ရမည်။ ဒဏ်ငွေ မဆောင်ပါက ထောင်ဒဏ် (၃) လအထိ ချမှတ်ရမည်။

၂၂။ မည်သူမဆို ပုဒ်မ ၁၈ ပါ တားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ငွေဒဏ် ကျပ်တစ်သိန်းမှ ကျပ်သုံးသိန်းအထိ ချမှတ်ရမည်။ ဒဏ်ငွေ မဆောင်ပါက ထောင်ဒဏ် (၇)ရက်အထိ ချမှတ်ရမည်။

**အခန်း (၈)**
**အထွေထွေ**

၂၃။ ဝန်ကြီးသည် ဤဥပဒေအရ တာဝန်ဝတ္တရားများ ထိရောက်စွာ ဆောင်ရွက်နိုင်ရန် အလို့ငှာ မှတ်ပုံတင်ဌာနကိုဖွဲ့စည်းပြီး မှတ်ပုံတင်အရာရှိကို လည်းကောင်း၊ လိုအပ်သောအရာထမ်းအမှုထမ်းများကို လည်းကောင်း ခန့်အပ်ခြင်းနှင့် ယင်းတို့၏ လုပ်ငန်းတာဝန်များကို သတ်မှတ်ခြင်းပြုနိုင်သည်။

၂၄။ (က) ဝန်ကြီးဌာနသည် မည်သည့်အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းကိုမဆို ယင်းတို့၏ ပုံနှိပ်ခြင်းလုပ်ငန်းကိုဖြစ်စေ၊ ထုတ်ဝေခြင်းလုပ်ငန်းကို ဖြစ်စေ ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် သက်ဆိုင်ခြင်းမှ စည်းကမ်းချက် ထားရှိ၍ဖြစ်စေ၊ စည်းကမ်းချက်မထားရှိဘဲဖြစ်စေ ကင်းလွတ်ခွင့်ပြုနိုင်သည်။

(ခ) ဤဥပဒေပါပြဋ္ဌာန်းချက်များသည် အောက်ပါထုတ်ဝေစာများနှင့် သက်ဆိုင်ခြင်း မရှိစေရ-

(၁) နိုင်ငံတော်၏ မဏ္ဍိုင်သုံးရပ်ဖြစ်သည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ ပြည်ထောင်စုအဆင့်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအဆင့်တို့နှင့် လက်အောက်အဆင့်အသီးသီးရှိ ဌာန၊ အဖွဲ့အစည်းများက ဖြန့်ချိသော သတ်မှတ်ထုတ်ဝေစာများ၊

(၂) ရွေးကောက်ပွဲနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာကော်မရှင်နှင့် ကော်မရှင်အဖွဲ့ခွဲများက ဖြန့်ချိသောသတ်မှတ်ထုတ်ဝေစာများ၊

(၃) မှတ်ပုံတင်ထားသည့် နိုင်ငံရေးပါတီများက မိမိရုံးလုပ်ငန်းများ ဆောင်ရွက်ရန်သတ်မှတ်ထုတ်ဝေစာများ၊

(၄) ပြည်တွင်းအခြေစိုက် နိုင်ငံခြားသံရုံးများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ နိုင်ငံတော်အစိုးရနှင့် သဘောတူညီချက် တစ်ရပ်ရပ်အရ လုပ်ငန်းဆောင်ရွက်နေသည့် နိုင်ငံတကာအဖွဲ့အစည်းများက မိမိတို့၏ ရုံးလုပ်ငန်းများဆောင်ရွက်ရန် သတ်မှတ်ထုတ်ဝေစာများ၊

(၅) တက္ကသိုလ်များ၊ ကောလိပ်များ၊ စာသင်ကျောင်းများ၊ ဘဏ်များ၊ စည်ပင်သာယာရေးအဖွဲ့များ၊ ဥပဒေနှင့်အညီဖွဲ့စည်းထားသည့် လူထုလူတန်းစားအဖွဲ့အစည်းများ၊ ပရဟိတအဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများက မိမိတို့၏ လုပ်ငန်းများဆောင်ရွက်ရန် သတ်မှတ်ထုတ်ဝေစာများ၊

(၆) သာရေး၊ နာရေးနှင့် ပတ်သက်သောကြော်ငြာ၊ ဖိတ်စာစသည့် သတ်မှတ်ထုတ်ဝေစာများ။

၂၅။ ဤဥပဒေပြဋ္ဌာန်းခြင်းမပြုမီက ၁၉၆၂ ခုနှစ် ပုံနှိပ်သူများနှင့်ထုတ်ဝေသူများ မှတ်ပုံတင်ဥပဒေအရ ထုတ်ပေးသည့် မှတ်ပုံတင်သက်သေခံလက်မှတ်၊ ပြုလုပ်သည့်ဝန်ခံချက်၊ ခန့်ထားသည့်ရာထူး၊ လွှဲအပ်သည့် အာဏာ၊ ထုတ်ဆင့်သည့် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်၊ အမှာစာ သို့မဟုတ် သတ်မှတ်သည့် ပုံစံတစ်ခုခုသည် ဤဥပဒေပါပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်သမျှ အတည်ဖြစ်သည်။

၂၆။ ၁၉၆၂ ခုနှစ် ပုံနှိပ်သူများနှင့် ထုတ်ဝေသူများ မှတ်ပုံတင်ဥပဒေအရ ထုတ်ပေးထားသည့် မှတ်ပုံတင်သက်သေခံလက်မှတ်၏သက်တမ်းသည် သတ်မှတ်သည့် ကာလအပိုင်းအခြားအထိ အတည်ဖြစ်စေရမည်။ ယင်းမှတ်ပုံတင် သက်သေခံလက်မှတ်၏ သက်တမ်းကုန်ဆုံးချိန်တွင် မိမိလုပ်ငန်းကို ဆက်လက်ဆောင်ရွက်လိုပါက လုပ်ငန်းအသိအမှတ်ပြုသက်တမ်းတိုးရန် သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည်။

၂၇။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်-

(က) ဝန်ကြီးဌာနသည် လိုအပ်သောနည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာနသည် လိုအပ်သောအမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

၂၈။ ဤဥပဒေဖြင့် အောက်ပါဥပဒေများကို ရုပ်သိမ်းလိုက်သည်-

(က) THE PRESS (EMERGENCY POWERS) ACT

(ခ) ၁၉၆၂ ခုနှစ် ပုံနှိပ်သူများနှင့် ထုတ်ဝေသူများ မှတ်ပုံတင်ဥပဒေ။

---

**ပြည်သူအများသိရှိလေ့လာ အကြံပြုနိုင်ရေးအတွက် ဖော်ပြခြင်းဖြစ်ပါသည်။**

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး

# ချပေးသောဘတ်ဂျက်ငွေကို ထိရောက်စွာသုံးစွဲ၍ ကျောင်းများ ဥပဓိရုပ်ကောင်းမွန်ရေး ပြုပြင်တည်ဆောက်

**နေပြည်တော် ဖေဖော်ဝါရီ ၂၆**

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၁၄)ရက်မြောက်နေ့ကို ယနေ့တွင် အစီအစဉ်(၆)ခုဖြင့် ကျင်းပသည်။

အစည်းအဝေးတွင် **၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်းဥပဒေကြမ်းနှင့် နောက်ဆက်တွဲ ၂(က)ဖြင့် တင်ပြထားသော စီမံကိန်း**အကြောင်းအရာများနှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်၊ ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာ ကော်မတီက ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ ရန်ကုန်တိုင်းဒေသကြီးတွင်



ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဦးဇုန်လှယ်ထန်း။

တည်ဆောက်မည့် တန်ဖိုးနည်းအိမ်ရာ စီမံကိန်းဆိုင်ရာ ကိစ္စရပ်များသည် တန်ဖိုးနည်းအိမ်ရာဟုဆိုသော်လည်း ဝင်ငွေနည်းပြည်သူများနှင့် ဝန်ထမ်းများအတွက် တန်ဖိုးမြင့်မားနေသည်ကို တွေ့ရှိရသဖြင့် ယင်းစီမံကိန်းကို ခေတ္တရပ်ဆိုင်းပြီး အသစ်ပြန်လည်ရေးဆွဲရန် ပြင်ဆင်အဆိုပြုပါကြောင်း၊ ပို့ဆောင်ရေးဝန်ကြီးဌာန၏ ဖလမ်းလေဆိပ် တည်ဆောက်ရေးလုပ်ငန်းစီမံကိန်းမှာ ဒေသခံပြည်သူများအတွက် အကျိုးပြုနိုင်မှု၊ သွားလာရေးအဆင်ပြေနိုင်မှု၊ ဒေသဖွံ့ဖြိုးရေး စသည့်အချက်များကို လေ့လာပြီးမှ တည်ဆောက် သင့်ပါကြောင်း၊ ထို့ကြောင့် ယင်းစီမံကိန်းကို ခေတ္တရပ်ဆိုင်းသင့်ပါကြောင်း အဆိုပြုဆွေးနွေးရာ ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဦးဇုန်လှယ်ထန်းက အဆိုပါစီမံကိန်းအား အမျိုးသားလွှတ်တော်တွင် မေးမြန်းချက်အပေါ် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးက ဟားခါးမြို့အနီးတွင် လေဆိပ်တစ်ခု တည်ဆောက်ရန် ဖြစ်နိုင်ခြေရှိပြီး (၃) နှစ်စီမံကိန်းဖြင့် တည်ဆောက်ရန် ဖြေကြားခဲ့ပါကြောင်း၊ ထို့ကြောင့် လွှတ်တော်မှ ခွင့်ပြုသင့်ပါကြောင်း ပြန်လည်ဆွေးနွေးသည်။

ပြည်သူ့လွှတ်တော် ပညာရေးမြှင့်တင်မှုကော်မတီက ပညာရေးဝန်ကြီးဌာန၏ ရင်းနှီးမြှုပ်နှံမှုစီမံကိန်းများနှင့် စပ်လျဉ်း၍ ဌာနမှတင်ပြတောင်းခံသော ဘတ်ဂျက်အသုံးစရိတ်များကို ဖြတ်တောက်ခြင်းမပြုဘဲ ချပေးသော ဘတ်ဂျက်ငွေကို ထိရောက်စွာသုံးစွဲ၍ ကျောင်းများဥပဓိရုပ်ကောင်းမွန်ရေးအတွက် ပြုပြင်တည်ဆောက်ခြင်း၊ ကျောင်းဆောင်များတိုးချဲ့ပြုပြင်ခြင်း လုပ်ငန်းများနှင့် ကော်မတီမှ ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများကိုလည်းကောင်း၊ ပြည်သူ့လွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ရေလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီက ဆည်မြောင်းဦးစီးဌာနမှတင်ပြသော ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းအသုံးစရိတ် ရန်ပုံငွေတွင် ဆောက်လုပ်ရေး လုပ်ငန်းများ၌ ဆောင်ရွက်ဆဲလုပ်ငန်း စီမံကိန်း(၄၉)ခု၊ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ရသုံးခန့်မှန်းခြေ ငွေစာရင်းတွင် လွှတ်တော်ကတိကဝတ်များတွင် ပါဝင်သည့် စီမံကိန်း(၂၁)ခုတို့၏ တည်ဆောက်ပြီးစီးမှု အခြေအနေနှင့် ကော်မတီ၏ ညှိနှိုင်းမှုအရ ဆည်မြောင်းဦးစီးဌာနက တင်ပြသော ဆောင်ရွက်ဆဲလုပ်ငန်းများကို ရန်ပုံငွေ လွှဲပြောင်းမှုတို့ကို လည်းကောင်း၊ ပြည်သူ့လွှတ်တော် ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီက လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန၏ သာမန်သုံးငွေနှင့် ငွေလုံးငွေရင်းသုံးစွဲမှု အခြေအနေ၊ ပြည်ထဲရေးဝန်ကြီးဌာနမှ နယ်စပ်ခြံစည်းရိုးကာရံခြင်း၊ ရခိုင်ပြည်နယ် မောင်တောဒေသတွင် ကင်းလှည့်လမ်းကြောင်းများ ဖောက်လုပ်ခြင်းနှင့် အကျဉ်းဦးစီးဌာနနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့များ၏ အသုံးစရိတ်များ၊ မီးသတ်ဦးစီးဌာနမှ မီးသတ်ကားများ ဝယ်ယူခြင်းကိစ္စရပ်များကိုလည်းကောင်း၊ ပြည်သူ့လွှတ်တော် ရေကြောင်းပို့ဆောင်ရေး ဖွံ့ဖြိုးတိုးတက်မှုကော်မတီက ရန်ကုန်-ကိုကိုးကျွန်း သင်္ဘောခရီးစဉ်ကို တစ်လလျှင် တစ်ကြိမ် ရေးဆွဲပေးရန်စီမံကိန်းတွင် ထည့်သွင်းရေးဆွဲပေးရန်ကိစ္စကို လည်းကောင်း၊ ပြည်သူ့လွှတ်တော် စီမံကိန်းများနှင့် ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီက အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန၏ ရင်းနှီးမြှုပ်နှံမှု လျာထားချက်များကို လည်းကောင်း၊ ဥပဒေကြမ်း ပူးပေါင်းကော်မတီက ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် နိုင်ငံတော် အမျိုးသား စီမံကိန်းဥပဒေကြမ်း၏ အပိုဒ်၊ အပိုဒ်ခွဲများအပေါ် ဥပဒေကြမ်း ပူးပေါင်းကော်မတီ၏ ပြင်ဆင်ချက်(၁၇)ချက်ကိုလည်းကောင်း အဆိုတင်သွင်းဆွေးနွေးကြသည်။

ပြင်ဆင်ချက်အဆိုများနှင့် စပ်လျဉ်း၍ ဥပဒေကြမ်း၌ပါရှိသော ဌာန၊ အဖွဲ့အစည်းနှင့် ခေါင်းစဉ်များအလိုက် သက်ဆိုင်ရာပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက သဘောထားတင်ပြခြင်း၊ လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်းနှင့် လွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်သည့်အတိုင်း ပြင်ဆင်ထားသည့် ဥပဒေကြမ်းတစ်ရပ်လုံးကို အတည်ပြုခြင်းတို့ကို ပြည်ထောင်စုလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့တွင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

ပြည်ထောင်စုလွှတ်တော်က အတည်ပြုသည်ဟုမှတ်ယူရမည့် နိုင်ငံ့ဝန်ထမ်းဆိုင်ရာ ဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်၌ မှတ်တမ်းတင်သည်။

အဆိုတင်သွင်းဆွေးနွေးခြင်းနှင့် စပ်လျဉ်း၍ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစောအောင်ကျော်နိုင်က "ယနေ့ ပြည်ထောင်စု လွှတ်တော်ကိုယ်စားလှယ်များနဲ့ သက်ဆိုင်ရာကော်မတီအသီးသီးတို့ရဲ့ ဆွေးနွေးချက်တွေဟာ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်အမျိုးသားစီမံကိန်း ဥပဒေကြမ်းဆိုင်ရာ အကောင်အထည်ဖော်မယ့် ဝန်ကြီးဌာနတွေရဲ့ လုပ်ငန်းစဉ်များဖြစ်တဲ့



ကရင်ပြည်နယ်မဲဆန္ဒနယ် အမှတ်(၁)မှ ဦးစောအောင်ကျော်နိုင်။

ဆောင်ရွက်ပြီး၊ ဆောင်ရွက်ဆဲနဲ့ ဆက်လက် အကောင်အထည်ဖော်ဆောင်ရွက်ရမယ့်လုပ်ငန်း ဘဏ္ဍာခွဲဝေသုံးစွဲမည့် လျာထားစီမံကိန်းတွေကို လေ့လာသုံးသပ်ပြီး လိုတိုးပိုလျှော့၊ ပယ်ဖျက်၊ ဆိုင်းငံ့သင့်တာတွေကို လက်တွေ့ကျကျ ပွင့်လင်းမြင်သာစွာ အကြံပြုဆွေးနွေးသွားကြပါတယ်။

အချို့ဝန်ကြီးဌာနများ အနေနဲ့ ပြန်လည်ပြုပြင်ရေးဆွဲရမယ့် စီမံကိန်းလျာထားချက်နဲ့ ဆိုင်းငံ့ဖြတ်တောက်ခြင်းတွေအတွက် စိတ်ညစ်ကောင်း စိတ်ညစ်ပါလိမ့်မယ်။ ဒါပေမယ့် ခေတ်ပြောင်းစနစ်ပြောင်းရဲ့ အသွင်လက္ခဏာများကို ဖော်ဆောင်တဲ့နေရာမှာ နိုင်ငံ့အကျိုးစီးပွား၊ ပြည်သူတစ်ရပ်လုံးရဲ့ အကျိုးစီးပွားတွေကို ရှေးရှုခြင်းဖြင့် စာရွက်ပေါ် စီမံကိန်းထက် မြေပြင်အမှန်တကယ် လက်တွေ့ကျကျ အကောင်အထည်ဖော်မှုအောင်မြင်စွာဆောင်ရွက်မှသာ ပြည်သူ့ဘဏ္ဍာများကို အကျိုးရှိရှိ အသုံးချပြီး အလေအလွင့် နည်းပါးသထက်နည်းပါးအောင် စိစစ်အသုံးပြု အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာဝန်ကြီးဌာနများ အလိုက် ဝေဖန်သုံးသပ် အကြံပြုတင်ပြသွားကြခြင်း ဖြစ်ပါတယ်။

ယနေ့ ဆွေးနွေးအကြံပြုကြတဲ့ သက်ဆိုင်ရာ ဝန်ကြီးဌာနများအပြင် နိုင်ငံတော်သမ္မတရုံး၊ နေပြည်တော်ကောင်စီ၊ သမဝါယမဝန်ကြီးဌာန၊ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ စွမ်းအင်ဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာနများကို အဓိကထား လေ့လာစိစစ်သုံးသပ်ပြုပြင် အကြံပေးသွားကြတာတွေဟာ အလွန်သင့်တော်ကောင်းမွန်ကြောင်းနဲ့ ပွင့်လင်းမြင်သာမှုရှိခြင်းကြောင့်လည်း နိုင်ငံ့အကျိုးစီးပွားတိုးတက်ရေးကို များစွာ အထောက်အကူ ဖြစ်လိမ့်မယ်လို့



ပြည်သူ့လွှတ်တော် ပို့ဆောင်ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာ ကော်မတီမှ ဆွေးနွေးစဉ်။

ယူဆသလို အထောက်အကူဖြစ်ပါစေလို့လည်း ဆန္ဒပြုလိုက်ပါတယ်"ဟု ပြောပြသည်။

ပြည်သူ့လွှတ်တော် ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီ အတွင်းရေးမှူး ဦးတင်မောင်ဦးကလည်း "၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေကြမ်းအပေါ် ဆွေးနွေးကြတာကတော့ ပြည်သူတွေအတွက် အမှန်တကယ် အကျိုးရှိတဲ့ စီမံကိန်းတွေဖြစ်ဖို့၊ ဒီမိုကရေစီခေတ်မှာ ပြည်သူတွေအတွက် ဒါတွေက အဓိကအရေးပါလာပါတယ်။ ပြည်သူ့ဆန္ဒမပါတဲ့ မူဝါဒ၊ ရည်မှန်းချက်တွေဟာ ပြည်သူကို အကျိုးသက်ရောက်မှု နည်းပါးနိုင်ပါတယ်။ လွှတ်တော်မှာ ဆွေးနွေးနေတာ အဓိကကတော့ ပြည်သူ့ဆန္ဒပါဖို့ပဲ ဖြစ်ပါတယ်။ အမျိုးသားစီမံကိန်းနဲ့ ပတ်သက်လို့ ဝန်ကြီးဌာနတွေရဲ့ လျာထားငွေတွေကို လွှတ်တော်ကိုယ်စားလှယ်တွေက ဖြတ်တောက်တာမဟုတ်ပါဘူး။ ပြည်သူတွေအတွက် အကျိုးရှိမယ့် လုပ်ငန်းတွေမှာ ခေါင်းစဉ်ပြောင်းသုံးဖို့ ဆွေးနွေးကြတာဖြစ်ပါတယ်။ တစ်နှစ်ထက်တစ်နှစ် စီမံကိန်းလုပ်ငန်းတွေဟာ ပိုပြီး ထင်သာမြင်သာ ရှိလာတယ်လို့ မြင်မိပါတယ်"ဟု ပြောပြသည်။

ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂) မှ ဦးဇုန်လှယ်ထန်းက "ပြည်သူ့လွှတ်တော် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ ဥက္ကဋ္ဌ ဦးလွန်းသီပြောကြားသွားတဲ့ ချင်းပြည်နယ်မှာ မဟာဓာတ်အားလိုင်း ရရှိရေးနဲ့ပတ်သက်ပြီး လျာထားတဲ့ ဘတ်ဂျက် မလောက်လို့ရှိရင် RE မှာ ထပ်တောင်းရင် ခွင့်ပြုသင့်ပါတယ်လို့ ပြောတဲ့အချက်ဟာ တကယ်သုံးတဲ့ အချိန်မှာ လောက်မှာမဟုတ်ဘူးလို့ ကြိုမြင်တဲ့အပေါ်မှာ ချီးကျူးမိပါတယ်၊ ဒါ့အပြင် ပြည်သူ့လွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီ အတွင်းရေးမှူး ဦးမောင်တိုးတင်ပြသွားတဲ့ အချက်တွေကလည်း ပြည်သူတွေရဲ့ လက်တွေ့ဘဝနဲ့ကိုက်ညီမှုရှိပါတယ်။ နေပြည်တော်စီမံကိန်းတွေမှာ သုံးစွဲနေတဲ့ဘတ်ဂျက်မှာ (၂၂)ရာခိုင်နှုန်းမှ (၄၀)ရာခိုင်နှုန်းအထိ လျှော့ချပြီး တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေရဲ့ ဖွံ့ဖြိုးတိုးတက်မှုတွေမှာ အသုံးပြုဖို့ တင်ပြသွားခြင်းဖြစ်ပါတယ်၊ ပြည်သူ့လွှတ်တော် ကျန်းမာရေးမြှင့်တင်မှု ကော်မတီက တင်ပြချက်တွေဟာလည်း



ပြည်သူ့လွှတ်တော် ပြည်သူ့ရေးရာ စီမံခန့်ခွဲမှုကော်မတီ အတွင်းရေးမှူး ဦးတင်မောင်ဦး။

ပြည်သူတွေရဲ့ လက်တွေ့ဘဝနဲ့ ကိုက်ညီမှုရှိပါတယ်။ နေပြည်တော်မှာ ဆောက်မယ့် ဆေးရုံတွေကိုဆိုင်းငံ့ပြီး ကျေးလက်ကျန်းမာရေးမှာ အသုံးပြုဖို့ ဆွေးနွေးသွားတာဖြစ်ပါတယ်" ဟု ပြောပြသည်။

အစည်းအဝေးကို ညနေ ၃ နာရီတွင် ရပ်နားပြီး အစည်းအဝေး (၁၅)ရက်မြောက်နေ့ကို ဖေဖော်ဝါရီ ၂၈ ရက် နံနက် ၁၀ နာရီတွင် ကျင်းပမည်ဖြစ်သည်။ **(သတင်းစဉ်)**

# တန်ဖိုးနည်းအိမ်ရာစီမံကိန်း ခေတ္တဆိုင်းငံ့ထားပြီး စီမံကိန်းအသစ်ပြန်လည်ရေးဆွဲသင့်ကြောင်း အဆိုပြု

**နေပြည်တော် ဖေဖော်ဝါရီ ၂၆**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံဆိပ်ကမ်းမြို့နယ်တွင် အိမ်ခန်းပေါင်း ၅၄၀၀ ပါဝင်သော ရောဝဏ်အိမ်ရာစီမံကိန်းနှင့် အိမ်ခန်းပေါင်း ၄၆၅၆ ခန်း ပါဝင်သော ရတနာအိမ်ရာစီမံကိန်းများကို ဝင်ငွေနည်းပြည်သူများ၊ ဝန်ထမ်းများ အမှန်တကယ်ဝယ်ယူနိုင်စွမ်းရှိသော တန်ဖိုးနည်းအိမ်ရာများအဖြစ် စီမံကိန်းကို ပြန်လည်ရေးဆွဲသင့်ကြောင်း ဖေဖော်ဝါရီ ၂၅ ရက်က ကျင်းပသော ပြည်ထောင်စုလွှတ်တော်အစည်းအဝေးတွင် သံတွဲမဲဆန္ဒနယ်မှ ဦးရဲထွန်းက အဆိုပြုဆွေးနွေးတင်ပြသွားသည်။

မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၏ အစီရင်ခံစာအရ အဆိုပါ အိမ်ရာစီမံကိန်း၏ အိမ်ခန်းတစ်ခန်း၏ အကျယ်အဝန်းမှာ ၆၀၀ စတုရန်းပေရှိသည်။ တန်ဖိုးကျပ် ၁၉၄ သိန်းမှ ၂၁၅ သိန်းထိရှိပြီး ၁၈ ထပ် အဆောက်အအုံဖြစ်ကြောင်း သိရှိရသည်။ အိမ်ရာဖြန့်ဖြူးရောင်းချရေးစနစ်အရ ရာခိုင်နှုန်းပြည့် ပိုင်ဆိုင်မှုရှိသော အိမ်ရာစီမံကိန်းတစ်ခုဖြစ်ပြီး ငွေပေးသွင်းမှုအနေဖြင့် ကနဦးပေးသွင်းငွေကို အိမ်ခန်းတန်ဖိုး၏ ၅ ရာခိုင်နှုန်းသတ်မှတ်ထားပြီး ကျန် ၉၅ ရာခိုင်နှုန်းကို ၁၅ နှစ် သို့မဟုတ် နှစ် ၂၀ အရစ်ကျလစဉ်ပေးသွင်းသော စနစ်ဖြစ်သည်။

"အိမ်ခန်း တစ်ခန်းကို ၁၈၄ သိန်းနဲ့ရောင်းချမယ်ဆိုရင် ပထမအရစ် ၅ ရာခိုင်နှုန်းကို ကျပ် ၉ သိန်း ၂ သောင်း ပေးချေရမှာဖြစ်ပြီး ကျန်တဲ့ ၉၅ ရာခိုင်နှုန်းကို ၁၅ နှစ် ဆပ်မယ်ဆိုရင် တစ်လကို ဘဏ်တိုးအပါအဝင် တစ်သိန်းသုံးသောင်းစီ ပေးသွင်းရမှာဖြစ်ပါတယ်။ ဒါ့အပြင် ပြုပြင်ထိန်းသိမ်းစရိတ်နဲ့ အထွေထွေစရိတ်များက တစ်လကို ကျပ် သုံးသောင်းမှ ငါးသောင်းထိကုန်ကျမယ်လို့ ခန့်မှန်းရပါတယ်။ ဒါကြောင့် ဝင်ငွေနည်းပြည်သူများ၊ ဝန်ထမ်းများ လက်လှမ်းမမီနိုင်တဲ့ ဈေးနှုန်းများ ဖြစ်နေပါတယ်"ဟု အဆိုပါ လွှတ်တော်ကိုယ်စားလှယ်က ဆွေးနွေးသွားသည်။

အဆိုပါ အိမ်ရာစီမံကိန်းသည် အခြားအာဆီယံနိုင်ငံများ၏ စံချိန်စံညွှန်းနှင့်အညီ ဆောက်လုပ်မည်ဖြစ်ပြီး ငလျင်ဒဏ်ခံနိုင်သော ကြံ့ခိုင်မှုများ ထည့်သွင်းတွက်ချက်ထားကြောင်းလည်း သိရသည်။

"အခုဆောက်လုပ်မယ့် အဆောက်အအုံတွေဟာ အာဆီယံနိုင်ငံတွေမှာ ဆောက်လုပ်နေတဲ့ Precast Concrete စနစ်နဲ့ ဆောက်လုပ်မှာဖြစ်တဲ့အတွက် ကျွန်တော်တို့နိုင်ငံအနေနဲ့ နည်းပညာအသစ်ရရှိမှာဖြစ်လို့ ကောင်းမွန်သော ဆောက်လုပ်မှုစနစ်ဖြစ်လို့ လက်ခံနိုင်ပါတယ်။ အကယ်၍ အထပ်နိမ့်များဆောက်လုပ်မယ်ဆိုရင် အိမ်ခန်းတန်ဖိုးများ လျှော့နည်းနိုင်ပြီး နိုင်ငံတော်အနေနဲ့လည်း အထူးအစီအစဉ်အဖြစ် စီစဉ်ပေးနိုင်မယ်ဆိုရင်လည်း အိမ်ခန်းတန်ဖိုးက ဒီထက် လျှော့နည်းလာနိုင်မှာဖြစ်လို့ ဝင်ငွေနည်းပြည်သူများ၊ ဝန်ထမ်းများ ဝယ်ယူနိုင်စွမ်းရှိတဲ့ ဈေးနှုန်းများဖြစ်အောင် ပြန်လည်ပုံစံထုတ်ရေးဆွဲသင့်ပါတယ်"ဟု ဆက်လက်ဆွေးနွေးသွားသည်။

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်အမျိုးသားစီမံကိန်းရင်းနှီးမြှုပ်နှံမှုလျာထားချက်(မူကြမ်း)တွင် ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနက အထက်ပါအိမ်ရာစီမံကိန်းများအတွက် ငွေကျပ် ၆၀၅၅၂ ဒသမ ၀၈၆ သန်း လျာထားတောင်းခံထားကြောင်း သိရှိရသည်။

**(အေနိုင်)**

# ကန့်ဘလူမြို့ မဟာရွှေစည်ကြီးစေတီတော် တေရသမအကြိမ် ဗုဒ္ဓပူဇနီယပွဲတော်နှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ အလှူတော်မင်္ဂလာရေစက်ချအခမ်းအနား ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၂၆**

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးသည် ပြည်သူ့လွှတ်တော် အားကစား၊ ယဉ်ကျေးမှုနှင့် ပြည်သူ့ဆက်ဆံရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီဥက္ကဋ္ဌ သူရ ဦးအေးမြင့်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်၊ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေး၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးသင်းလှိုင်၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးလွင်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ လိုက်ပါလျက် ယမန်နေ့နံနက် ၄ နာရီ ၃၅ မိနစ်တွင် စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ကန့်ဘလူမြို့ မဟာရွှေစည်ကြီးစေတီတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုသည်။

ရှေးဦးစွာ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးတင်အေးနှင့် အဖွဲ့ဝင်များ၊ ဘုရားဒါယကာကြီး ဦးကျော်ညွှန့်နှင့် တာဝန်ရှိသူများသည် စေတီတော် လိုဏ်တော်အတွင်း ကိန်းဝပ်စံပယ်တော်မူလျက်ရှိသည့် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဦးတိုက်ရှိခိုးကန်တော့ကြပြီး အရုဏ်ဆွမ်း၊ ရေချမ်း၊ ဆီမီး၊ ပန်း၊ သစ်သီးနှင့် ထမနဲဆွမ်းများ ဆက်ကပ်လှူဒါန်းပူဇော်ကြသည်။

ယင်းနောက် နိုင်ငံတော်သံဃမဟာနာယက အဂ္ဂမဟာပဏ္ဍိတ မန္တလေးမြို့ ဆင်မင်းကျောင်းဘုရားကြီးတိုက်ဆရာတော် ဘဒ္ဒန္တသြဘာသာဘိဝံသ အမှူးပြုသော ဆရာတော်၊ သံဃာတော်များက စေတီတော်လိုဏ်တော်အတွင်း ကိန်းဝပ်စံပယ်တော်မူကြသည့် မုဒြာစုံဗုဒ္ဓရုပ်ပွားတော်မြတ်များအား ဗုဒ္ဓါဘိသေကအနေကဇာတင်တော် မူကြသည်။

ထို့နောက် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးတင်အေး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မဟာရွှေစည်ကြီး သာသနာ့ဗိမာန်တော်၌ ဆရာတော် ဘဒ္ဒန္တသြဘာသာဘိဝံသ အမှူးပြုသည့် သံဃာတော်အရှင်သူမြတ်တို့အား အရုဏ်ဆွမ်းဆက်ကပ်လှူဒါန်းပြီး သာသနာရေးဆိုင်ရာများကို မေးမြန်းလျှောက်ထားကြသည်။

ယင်းနောက် နံနက် ၈ နာရီတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များ၊ မြို့မိမြို့ဖများ၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ စေတနာရှင်ပြည်သူများ စုပေါင်း၍ ဆရာတော်၊ သံဃာတော်များအား ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။



ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး ဆရာတော်၊ သံဃာတော်များအား ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ထို့နောက် တေရသမအကြိမ် ဗုဒ္ဓပူဇနီယပွဲတော် သံဃာ့ဒါနဆွမ်းဆန်စိမ်းအလှူတော်မင်္ဂလာ ရေစက်ချ အခမ်းအနားကို မဟာရွှေစည်ကြီး သာသနာ့ဗိမာန်တော်၌ ဆက်လက်ကျင်းပရာ ရှေးဦးစွာအခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ကြသည်။

ဆက်လက်၍ ပရိသတ်များက မန္တလေးမြို့ စီရှင်ကျောင်း မဟာဝိသုဒ္ဓါရုံကျောင်းတိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တအဂ္ဂဉာဏာဘိဝံသထံမှ ကိုးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်၊သံဃာတော်များ ရွတ်ပွားသရဇ္ဈာယ်ချီးမြှင့်တော်မူသော မေတ္တသုတ်ပရိတ်တရားတော်အား နာယူကြည်ညိုကြသည်။

ယင်းနောက် ကော်မရှင် ဥက္ကဋ္ဌ ဦးတင်အေးနှင့် ဘုရားဒကာ၊ ဒကာမများသည် ဆရာတော်၊ သံဃာတော်များထံ လှူဖွယ်ဝတ္ထုများဆက်ကပ်လှူဒါန်းကြပြီး မန္တလေးမြို့ ဆင်မင်းကျောင်း ဘုရားကြီးတိုက်ဆရာတော်ထံမှ အနုမောဒနာတရားတော်ကို နာယူကြည်ညိုကြကာ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ထို့နောက် ဆရာတော်၊ သံဃာတော်များနှင့် ပရိသတ်များက တေရသမအကြိမ် ဗုဒ္ဓပူဇနီယပွဲတော် အလှူတော် မင်္ဂလာအခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။

အခမ်းအနား အပြီးတွင် ကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ တာဝန်ရှိသူများသည် ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းကြသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ကန့်ဘလူမြို့နယ် ခုတင်(၁၀၀)ဆံ့ ပြည်သူ့ဆေးရုံသို့ ရောက်ရှိကြရာ ဆေးရုံအုပ်ကြီး ဒေါက်တာမိုးမြင့်ဝင်းနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြပြီး ဆေးရုံသို့ မျက်စိဝေဒနာရှင်လူနာများ လာရောက်ကုသမှုခံယူသည့် အခြေအနေများနှင့် လတ်တလောမျက်စိခွဲစိတ်ကုသမှု ဆောင်ရွက်ပြီးစီးသည့် ကိစ္စရပ်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးနှင့် အဖွဲ့ဝင်များသည် မျက်စိခွဲစိတ်ကုသမှု ခံယူပြီးသည့် လူနာများအား မျက်မှန်များတပ်ဆင်ပေးကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အလှူရှင်တစ်ဦးတို့က ဆေးရုံအတွက် အလှူငွေများ ပေးအပ်လှူဒါန်းကြရာ ဆေးရုံအုပ်ကြီးက လက်ခံသည်။

ထို့နောက် မျက်စိခွဲစိတ်ကုသမှု ခံယူပြီးကြသည့် လူနာများအတွက် ဆောင်ရန်၊ ရှောင်ရန် စည်းကမ်းချက်များနှင့် လိုက်နာဆောင်ရွက်ရမည့် ကျန်းမာရေးကိစ္စရပ်များနှင့် စပ်လျဉ်း၍ တာဝန်ရှိဆရာဝန်တစ်ဦးက ရှင်းလင်းပြောကြားပြီး ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် လူနာများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးကြသည်။

ကန့်ဘလူမြို့ ခုတင်(၁၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီးတွင် အေးမြစိုးဖောင်ဒေးရှင်းနှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့မှ ကန့်ဘလူ၊ ကျွန်းလှ၊ ခင်ဦး၊ ကောလင်းမြို့နယ်များမှ မျက်စိဝေဒနာရှင် ၁၉၇၅ ဦး စမ်းသပ်ခဲ့ရာ အကြီးစား ခွဲစိတ်လူနာ ၁၃၅ ဦး၊ အသေးစားခွဲစိတ်လူနာ ၁၂၈ ဦးတို့ကို ဖေဖော်ဝါရီ ၁၉ ရက်မှ ၂၄ ရက်အထိ ကန့်ဘလူ၊ ရွှေဘို၊ စစ်ကိုင်းနှင့် မုံရွာမြို့တို့မှ မျက်စိအထူးကုဆရာဝန်ကြီးများ၊ သူနာပြုများဖြင့် ကုသပေးခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**



ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး ကန့်ဘလူမြို့နယ် ခုတင်(၁၀၀)ဆံ့ ပြည်သူ့ဆေးရုံတွင် မျက်စိခွဲစိတ်ကုသမှုခံယူပြီးသည့် လူနာများအား မျက်မှန်များ တပ်ဆင်ပေးစဉ်။ (သတင်းစဉ်)

## ရေကြောင်းသတိပေးချက်ထုတ်ပြန်

**နေပြည်တော် ဖေဖော်ဝါရီ ၂၆**

မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော CHINNERY ASSETS LIMITED သည် ရခိုင်ကမ်းလွန်လုပ်ကွက်အမှတ် AD-1 နှင့် AD-8 တို့တွင် Controlled Source Seabed Electromagnetic (CSEM) Survey လုပ်ငန်းများကို တိုင်းတာရေးရေယာဉ် MV EM LEADER ဖြင့် ၂၀၁၃ ခုနှစ် မတ် ၁ ရက်မှ ဧပြီ ၃၀ ရက်အထိ ဆောင်ရွက်သွားမည်ဖြစ်သည်။

Controlled Source Seabed Electromagnetic (CSEM) Survey လုပ်ငန်းများဆောင်ရွက်မည့် တည်နေရာဧရိယာများမှာ Point A မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၃၆ မိနစ် ၀၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၁ ဒီဂရီ ၃၅ မိနစ် ၀၀ စက္ကန့်၊ Point B မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၃၆ မိနစ် ၀၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၀၉ မိနစ် ၀၀ စက္ကန့်၊ Point C မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၀၀ မိနစ် ၀၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၅၃ မိနစ် ၀၀ စက္ကန့်နှင့် Point D မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၀၀ မိနစ် ၀၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၀၉ မိနစ် ၀၀ စက္ကန့် အတွင်းတွင် ဖြစ်သည်။

သို့ဖြစ်ပါ၍ ရခိုင်ကမ်းလွန်လုပ်ကွက်အမှတ် AD-1 နှင့် AD-8 တို့တွင် Controlled Source Seabed Electromagnetic (CSEM) Surveyလုပ်ငန်းများကို တိုင်းတာရေးရေယာဉ် MV EM LEADER ဖြင့် ဆောင်ရွက်နေစဉ်ကာလအတွင်း လုပ်ငန်းများနှောင့်နှေးကြန့်ကြာမှုမဖြစ်ပေါ်စေရေးအတွက် ဖော်ပြပါ လုပ်ငန်းခွင်ဧရိယာမှ လေးကီလိုမီတာပတ်လည်အတွင်းအား ရေကြောင်းသတိပေးချက်(Notice to Mariners) ထုတ်ပြန်ကြေညာထားပါ၍ သင်္ဘောကြီး/ငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းဆီးခြင်းနှင့် ငါးဖမ်းကိရိယာများ ချထားခြင်းများ မပြုလုပ်ကြရန် ငါးလုပ်ငန်းဦးစီးဌာနက အသိပေးကြေညာထားသည်။ **(သတင်းစဉ်)**

## အားကစားမြင့်တင် စိတ်လန်းရွှင် ဆန့်ကျင် မူးယစ်ဆေး

**※ ဒုတိယသမ္မတမှ**

ထိုသို့တွေ့ဆုံရာတွင် မိတ်ဆွေကောင်းနိုင်ငံတို့၏ နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးမြှင့်ခိုင်မာရေး၊ ပြောင်းလဲမှုလုပ်ငန်းစဉ်များ၊ ပွင့်လင်းလူ့အဖွဲ့အစည်း အောင်မြင်စေရေးအတွက် တရုတ်ပြည်သူ့သမ္မတနိုင် နိုင်ငံရေး၊ စွမ်းအင်ကဏ္ဍ၊ အထူးစီးပွားရေးဇုန်မျ

## လွှတ်တော်သို့ လာရောက် လေ့လာကြည့်ရှု

The In
စုစုပေါင်း ၄၈
အဝေး (၁၄)ရ
ပြန်လည်ထွက်



## ပြည်ထောင်စုဖလား အားကစားပြိုင်ပွဲ



ရွှေတံဆိပ်ရှစ်ခု ရပြီးပါပြီ။ ထိုင်းနဲ့ အင်ဒိုနီးရှား SEA Games တွေကို သွားရောက်ယှဉ်ပြိုင်ပြီးပါပြီ။ ထိုင်း၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်တို့ကို အစွမ်းကုန် အနိုင်ရရှိအောင် ကြိုးစားသွားမှာပါ။ [အောင်ကျော်နိုင် (ရန်ကုန်)] တင်းနစ်





❋ ဒုတိယသမ္မတမှ

ထိုသို့တွေ့ဆုံရာတွင် မိတ်ဆွေကောင်းနိုင်ငံတို့၏ အစဉ်အလာအတိုင်း နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးမြှင့်ခိုင်မာရေး၊ မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ်များ၊ ပွင့်လင်းလူ့အဖွဲ့အစည်းထူထောင်မှုများ ပိုမိုအောင်မြင်စေရေးအတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံက ပါဝင်ကူညီပံ့ပိုးနိုင်ရေး၊ စွမ်းအင်ကဏ္ဍ၊ အထူးစီးပွားရေးဇုန်များ၊ အသေးစားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးတို့တွင် နှစ်နိုင်ငံအကျိုးရှိစွာ ပူးပေါင်းဆောင်ရွက်ရေးအတွက် ပွင့်လင်းစွာအမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ ဒုတိယသမ္မတ ဦးညဏ်ထွန်းနှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇင်ယော်နှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

**လွှတ်တော်သို့ လာရောက် လေ့လာကြည့်ရှု**

**နေပြည်တော် ဖေဖော်ဝါရီ ၂၆**

The Innovative အဖွဲ့၏ နိုင်ငံရေးခေါင်းဆောင်မှုသင်တန်းမှ တာဝန်ခံများနှင့် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၄၈ ဦးတို့သည် ယနေ့နံနက် ၁၀ နာရီတွင် ပထမအကြိမ် ပြည်ထောင်စုလွှတ်တော်ဆဌမပုံမှန်အစည်းအဝေး (၁၄)ရက်မြောက်နေ့ ကျင်းပနေပုံကိုလေ့လာပြီး လွှတ်တော်အဆောက်အအုံများသို့ လှည့်လည်ကြည့်ရှု၍ ပြန်လည်ထွက်ခွာသွားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



❖ ၂၀၁၃ ဆီးဂိမ်းမှ

ဒုတိယနှင့် မန္တလေးတိုင်းဒေသကြီးအသင်းက တတိယဆုများအသီးသီး ရရှိခဲ့သည်။

စားပွဲတင်တင်းနစ်အားကစား လေ့ကျင့်ရေးရုံ၌ စားပွဲတင်တင်းနစ် နှစ်ယောက်တွဲနှင့် တစ်ဦးချင်း ဗိုလ်လုပွဲစဉ်များ ဆက်လက်ယှဉ်ပြိုင်ကြရာ အမျိုးသမီးနှစ်ယောက်တွဲ စားပွဲတင်တင်းနစ်ပြိုင်ပွဲတွင် အေးမြတ်သူ၊ အေးသီတာပြုံး (မွန်ပြည်နယ်)အတွဲနှင့် ဆွေဆွေဟန်၊ စန္ဒာမိုး (ရန်ကုန်)အတွဲတို့ ယှဉ်ပြိုင်ရာ ဆွေဆွေဟန်နှင့် စန္ဒာမိုး (ရန်ကုန်)အတွဲက ၃-၁ ဖြင့် အနိုင်ရရှိကာ ဗိုလ်စွဲသွားခဲ့သည်။ အမျိုးသားနှစ်ယောက်တွဲ စားပွဲတင် တင်းနစ်ပြိုင်ပွဲတွင် သက်ကိုကိုလတ်၊ ဝင်းညီ(မွန်ပြည်နယ်)အတွဲကို လှမျိုးခိုင်၊ ကျော်သူဟန်(ရန်ကုန်)အတွဲက ၃-၁ ဖြင့် အနိုင်ရဗိုလ်စွဲသွားခဲ့သည်။ အမျိုးသမီးတစ်ဦးချင်း စားပွဲတင်တင်းနစ်ဗိုလ်လုပွဲကို ဆက်လက်ယှဉ်ပြိုင်ရာ အေးမြတ်သူ (မွန်ပြည်နယ်)ကို ဆွေဆွေဟန် (ရန်ကုန်)က ၄-၃ဖြင့် အနိုင်ရ ဗိုလ်စွဲသွားခဲ့သည်။

တင်းနစ်ပြိုင်ပွဲ အမျိုးသား၊ အမျိုးသမီးတစ်ဦးချင်းဗိုလ်လုပွဲစဉ်များကို ဆက်လက်ယှဉ်ပြိုင်ရာ အောင်ကျော်နိုင် (ရန်ကုန်)နှင့် ဇော်ဆန်းဦး(ရခိုင်)တို့ ယှဉ်ပြိုင်ရာ အောင်ကျော်နိုင် (ရန်ကုန်)က ၆-၁၊ ၆-၃ဖြင့် အနိုင်ရ ဗိုလ်စွဲပြီး အမျိုးသမီးတစ်ဦးချင်း ပြိုင်ပွဲတွင် သန္တာအောင် (ရန်ကုန်)နှင့် မေသီထွန်း(ရန်ကုန်)တို့ ယှဉ်ပြိုင်ကစားခဲ့ရာ သန္တာအောင် (ရန်ကုန်)က ၇၅-၅၇-၆၄ ဖြင့် အနိုင်ရ ဗိုလ်စွဲသွားသည်။

ထို့နောက် အမျိုးသားတစ်ဦးချင်း ကြက်တောင် ဗိုလ်လုပွဲစဉ်တွင် သံလွင်အောင်(ရန်ကုန်)နှင့် သက်ခိုင်(ရခိုင်)တို့ ယှဉ်ပြိုင်ကစားခဲ့ရာတွင် သံလွင်အောင်(ရန်ကုန်)က ၂၁- ၁၄၊ ၂၁- ၁၈ ဖြင့် အနိုင်ရ ဗိုလ်စွဲသွားသည်။ အမျိုးသမီး ဖူဆယ်ဘောလုံးပြိုင်ပွဲကို ဖူဆယ် လေ့ကျင့်ရေးရုံ TC -1 ၌ အုပ်စု ပွဲစဉ်များကျင်းပရာ ဧရာဝတီတိုင်းဒေသကြီးအသင်းနှင့် ပဲခူးတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ရာ ဧရာဝတီတိုင်းဒေသကြီးအသင်းက နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိပြီး ရန်ကုန်တိုင်းဒေသကြီးအသင်းနှင့် ရှမ်းပြည်နယ်အသင်းတို့ယှဉ်ပြိုင်ကစားခဲ့ရာတွင် ရန်ကုန်တိုင်းဒေသကြီးအသင်းက ငါးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။

## ပြည်ထောင်စုဖလား အားကစားပြိုင်ပွဲ ဖေဖော်ဝါရီ ၂၆ ရက်နေ့ ပွဲစဉ်များမှ ဆုရရှိသူတို့၏ ရင်ခုန်သံများ



လာမယ့် SEA Games မှာ ပြိုင်ဘက်ဖြစ်နိုင်တဲ့ စင်ကာပူ၊ ထိုင်းအသင်းတို့ကို အကောင်းဆုံးယှဉ်ပြိုင်နိုင်အောင် ဆက်လက်ကြိုးစားမှာပါ။ [သက်ကိုကိုလတ်+ ဝင်းညီအောင်(မွန်)] (ယာပုံ) စားပွဲတင်တင်းနစ်



ပြည်ပပွဲအတွေ့အကြုံများ ရှိပေမယ့် အင်ဒိုနီးရှား၊ မလေးရှား၊ ထိုင်းတို့ကိုခက်ခက်ခဲခဲ ကစားရမှာပါ။ ရွှေတံဆိပ်ကို မရခဲ့သေးပေမယ့် အကောင်းဆုံး ကြိုးစားသွားမှာပါ။ [ချိုလင်းကိုကို+ ဘုန်းပြည့်နိုင်(ရခိုင်)] (ဝဲပုံ) ကြက်တောင်

ရွှေတံဆိပ်ရှစ်ခု ရပြီးပါပြီ။ ထိုင်းနဲ့ အင်ဒိုနီးရှား SEA Games တွေကို သွားရောက်ယှဉ်ပြိုင်ပြီးပါပြီ။ ထိုင်း၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်တို့ကို အစွမ်းကုန် အနိုင်ရရှိအောင် ကြိုးစားသွားမှာပါ။ [အောင်ကျော်နိုင် (ရန်ကုန်)] တင်းနစ်



**အမေးအရေး - အောင်ကျော်ဝင်း**
**ဓာတ်ပုံ - ခင်မောင်ဝင်း**

ပြည်တွင်းအနေနဲ့ ရွှေ ၃၂ ခုရရှိထားပြီး ပြည်ပပြိုင်ပွဲမှ ရွှေနှစ်ခု၊ ငွေတစ်ခုရရှိပြီးပါပြီ။ ထိုင်းနဲ့ အင်ဒိုနီးရှားသို့ SEA Games သွားရောက်ယှဉ်ပြိုင်ခဲ့ပြီး ဖိလစ်ပိုင်၊ ထိုင်း၊ အင်ဒိုနီးရှားတို့ကို အနိုင်ရရှိအောင် ယှဉ်ပြိုင်သွားမှာပါ။ [သန္တာအောင်(ရန်ကုန်)] တင်းနစ်






## အမျိုးသားဘောလုံးပြိုင်ပွဲ ကယားပြည်နယ်အသင်း နိုင်ပွဲဆက်လက်ရရှိ

**သတင်း - စိုင်းညီလေး ❖ ဓာတ်ပုံ - ခွန်ငယ်**

**နေပြည်တော် ဖေဖော်ဝါရီ ၂၆**

၂၀၁၃ ခုနှစ် ဆီးဂိမ်းအကြို ပြည်ထောင်စုဖလားအားကစားပြိုင်ပွဲ၏ အမျိုးသားဘောလုံးပြိုင်ပွဲ အုပ်စုပတ်လည်ပွဲစဉ်များကို ယနေ့ညနေပိုင်းက နေပြည်တော် ဝဏ္ဏသိဒ္ဓိကွင်းတွင် ဆက်လက်ကျင်းပရာ ကယားပြည်နယ်အသင်းက ကရင်ပြည်နယ်အသင်းကို ငါးဂိုး-သုံးဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ ဒေသခံလူငယ်များ အခြေခံသည့် ကယားပြည်နယ်အသင်းမှာ ပထမပိုင်းတွင် နိုင်ချင်စိတ်များကာ အမှားများနေခဲ့ပြီး ဒုတိယပိုင်းတွင် ပြန်လည်ပြင်ဆင်နိုင်ခဲ့၍ နိုင်ပွဲဆက်လက်ရရှိခဲ့သည်။



ကယားပြည်နယ်အသင်းနှင့် ကရင်ပြည်နယ်အသင်းတို့ အကြိတ်အနယ်ယှဉ်ပြိုင်စဉ်။

ကယားပြည်နယ်အသင်းအတွက် ဂိုးများကို ဘောရယ်က သုံးမိနစ်တွင် လည်းကောင်း၊ အောင်ကိုကိုဦးက ၂၅ မိနစ်တွင်လည်းကောင်း၊ ဝေယံလင်းက ၅၄ မိနစ်တွင် လည်းကောင်း၊ လူစားဝင်လာသည့် အာဘဲတိုက အနိုင်ဂိုးများကို ၆၁၊ ၈၀ မိနစ်များတွင် လည်းကောင်း သွင်းယူပေးခဲ့သည်။ ကရင်ပြည်နယ်အသင်းအတွက် ဂိုးများကို စိုးဇော်က ၂၂ မိနစ်တွင် လည်းကောင်း၊ စွမ်းထက်က ၂၃ မိနစ်တွင် လည်းကောင်း၊ စောထူးထူးက ၃၆ မိနစ်တွင်လည်းကောင်း သွင်းယူခဲ့ကြသည်။

နံနက်ပိုင်းနှင့် ညနေပိုင်းတို့တွင် အခြားပွဲများ၌ ရန်ကုန်တိုင်းဒေသကြီးအသင်းက ပဲခူးတိုင်းဒေသကြီးအသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီးအသင်းက ဧရာဝတီတိုင်းဒေသကြီးအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့်လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးအသင်းက စစ်ကိုင်းတိုင်းဒေသကြီးအသင်းကို ရှစ်ဂိုး-နှစ်ဂိုးဖြင့် လည်းကောင်း၊ ကချင်ပြည်နယ်အသင်းက ရှမ်းပြည်နယ်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် လည်းကောင်း၊ မွန်ပြည်နယ်အသင်းက ချင်းပြည်နယ်အသင်းကို လေးဂိုး- ဂိုးမရှိဖြင့် လည်းကောင်း အသီးသီးအနိုင်ရရှိကြသည်။

ယနေ့ပွဲစဉ်များအပြီးတွင် အုပ်စု(က)မှ ရန်ကုန်က သုံးပွဲကစား၊ သုံးပွဲနိုင်ဖြင့် အုပ်စုပထမ၊ ပဲခူးက သုံးပွဲကစား၊ နှစ်ပွဲနိုင်၊ တစ်ပွဲရှုံးဖြင့် ဒုတိယ၊ အုပ်စု(ခ)မှ နေပြည်တော်နှင့် ရခိုင်ပွဲ ကျန်ရှိသေးပြီး ကယားနှင့် နေပြည်တော် အုပ်စုမှတက်ရန် အလားအလာကောင်းနေသည်။ အုပ်စု (ဂ)မှ ကချင်က သုံးပွဲကစား၊ သုံးပွဲနိုင်ဖြင့် အုပ်စု ပထမ၊ မွန်က သုံးပွဲကစား၊ နှစ်ပွဲနိုင်၊ တစ်ပွဲရှုံးဖြင့် ဒုတိယ၊ အုပ်စု (ဃ)မှ မန္တလေးက နှစ်ပွဲကစား တစ်ပွဲနိုင်၊ တစ်ပွဲရှုံး ဂိုးကွာခြားချက်ဖြင့် အုပ်စုပထမ၊ မကွေးက တစ်ပွဲနိုင်၊ တစ်ပွဲရှုံးဖြင့် ဒုတိယရရှိကြသည်။

## ကိုနေး၏ ဟက်ထရစ်ဂိုးဖြင့် ရန်ကုန်အနိုင်ရ

**သတင်းနှင့် ဓာတ်ပုံ - ရှိုင်းထက်ဇော်**

**ရန်ကုန် ဖေဖော်ဝါရီ ၂၆**

၂၀၁၃ ခုနှစ် AFC CUP ဘောလုံးပြိုင်ပွဲ အုပ်စုပွဲစဉ်ဖြစ်သည့် ရန်ကုန်ယူနိုက်တက်(မြန်မာ)နှင့် ပါဆီဘို(အင်ဒိုနီးရှား)အသင်းတို့သည် ယနေ့ညနေ ၆ နာရီက သုဝဏ္ဏကွင်း၌ ယှဉ်ပြိုင်ကစားကြရာ ကိုနေး၏ ဟက်ထရစ်သွင်းဂိုးဖြင့် ရန်ကုန်ယူနိုက်တက်အသင်းက အနိုင်ရရှိသွားသည်။

အဆိုပါနိုင်ပွဲမှာ AFC CUP ပြိုင်ပွဲတစ်လျှောက် ရန်ကုန်အသင်း၏ ပထမဆုံးနိုင်ပွဲလည်း ဖြစ်ခဲ့သည်။ ရန်ကုန်အသင်းမှာ ပါဆီဘိုအသင်းကို ပွဲစကတည်းက ခြေအသာဖြင့် တောက်လျှောက် ဖိအားပေးကစားနိုင်ခဲ့ပြီး အပိုင်အခွင့်အရေးများကို အသုံးမချနိုင်ခဲ့၍သာ သုံးဂိုးဖြင့် ကျေနပ်ခဲ့ရခြင်းဖြစ်သည်။

ရန်ကုန်ယူနိုက်တက်အသင်းကို မိနစ် ၅၀ ကျော်အထိ ထိန်းချုပ်နိုင်ခဲ့သည်။ ၅၅ မိနစ်တွင် ရန်ကုန်အသင်း အဖွင့်ဂိုးစရခဲ့ပြီး ကိုနေးက သွင်းယူပေးခဲ့ခြင်းဖြစ်သည်။



ရန်ကုန်ယူနိုက်တက်အသင်းက ပါဆီဘိုဘက်သို့ တိုက်စစ်ဆင်နေစဉ်။

ဂိုးရရှိသွား၍ ရန်ကုန်အသင်း ယုံကြည်မှုရှိသွားပြီး တိုက်စစ်မှူး ကိုနေးကပင် ၆၃ မိနစ်နှင့် ၉၂ မိနစ်တို့တွင် အနိုင်ဂိုးများကို သွင်းယူခဲ့ခြင်းဖြစ်သည်။

## ပြည်တွင်းရေးရာ

# သတိပြုစရာ နင်းနှိပ်တာ

အနှိပ်ပညာရှင်များနှင့် နင်းနှိပ်ခြင်းသည် ပြဿနာ မဟုတ်သော်လည်း မိမိဘာသာ မိမိပေါင်ခြံကို အိမ်ရှိသူများအား ကိုယ်အလေးချိန်ဂရုမထားဘဲ တက်နင်းခိုင်းခြင်း၊ ဖနောင့်ဖြင့် ကြိတ်ခိုင်းခြင်း၊ ဖနောင့်ဖြင့် ပေါင်ခြံရှိ သွေးကြောများအား အတော်ကြာကြာ ဖိပိတ်ထားပြီး ရုတ်တရက် လွှတ်၍ ပေါင်တွင်းသွေးကြောများထဲအပူထုတ်ခြင်းများသည် အခန့်မသင့်ပါက အရေပြားအောက်ကပ်လျက်ရှိသော သွေးကြောများ ပေါက်ပြဲခြင်း၊ ဒဏ်ရာရခြင်း၊ ဒဏ်ဖြစ်ပြီး သွေးခဲကာ သွေးကြောများ ပိတ်နိုင်ပါသည်။



ဒေါက်တာ ခင်မောင်အေး (ဗီဝိတ)




ပေါင်ခြံတွင် သွေးကြောများသည် အရေပြားအောက်၌ ကပ်နေပြီး သွေးပြန်ကြောမှာ ပိုပါး၍ ထိခိုက်လွယ်ပါသည်။

အသက်ကြီးသူများတွင် သွေးကြောများမာပြီး အဆီဖြင့် တစ်ဝက်တစ်ပျက် ပိတ်နေသောကြောင့် ပိုထိခိုက်လွယ်ပါသည်။

ပုံပါ ဘယ်ခြေထောက်မှာ နင်းရာမှ သွေးပြန်ကြောဒဏ်ရာရ၊ သွေးပြန်ကြောသွေးခဲဖြင့် ပိတ်နေ၍ ညာဘက်ထက် ပိုကြီးနေသည်ကို တွေ့နိုင်ပါသည်။

သွေးကြောပြုတ်ထွက် သွေးစီးကြောင်းထဲ မျောပါ၊ ဦးနှောက်ထဲပိတ်က လေဖြတ်၊ အဆုတ်ထဲပိတ်က အမောဖောက် အသက်ဆုံးရှုံးနိုင်ပါသည်။

# စားအုန်းဆီနှင့် ကြက်သွန်နီဈေးနှုန်းများကျဆင်း

**ရန်ကုန် ဖေဖော်ဝါရီ ၂၆**

ဖေဖော်ဝါရီ ၂၅ ရက်တွင် စားအုန်းဆီ လက်ကားရောင်းဈေး တစ်ပိဿာ ၁၄၂၅ ကျပ်ဖြစ်ရာ တစ်ပိဿာကျပ် တစ်ဆယ်ဈေးကျလာကြောင်း၊ ကြက်သွန်နီ ဈေးနှုန်းများမှာလည်း မြစ်သားအမျိုးအစားမှလွဲ၍ ကျန်ကြက်သွန်နီများက တစ်ပိဿာကျပ် ၄၀၀ အောက် ဈေးနှုန်းရောက်ရှိလာသည်ဟု ဈေးကွက်မှ သိရသည်။

ဖေဖော်ဝါရီ ၂၅ ရက်တွင် ဆိပ်ဖြူအမျိုးအစား တစ်ပိဿာကျပ် ၃၅၀-၃၇၅-၃၇၅-၃၇၅-နှုန်း၊ မြင်းခြံအမျိုးအစား ကျပ် ၄၂၅-၃၅၀-၃၀၀ နှုန်း၊ မြစ်သားအမျိုးအစား ၅၀၀-၅၂၅-၅၅၀-၅၂၅ ဖြစ်ရာ ယခင်က ဈေးနှုန်းများနှင့် နှိုင်းယှဉ်လျှင် တစ်ပိဿာ ၇၅ ကျပ်ဈေးကျလာသည်ဟု သိရသည်။

စားအုန်းဆီပြည်ပမလေးရှား FOB တစ်တန်ဈေးနှုန်းမှာ ဖေဖော်ဝါရီ ၁၈ ရက်တွင် ၈၅၅ ဒေါ်လာနှုန်း၊ ပြည်တွင်းငွေလဲနှုန်း ၈၆၃ ကျပ်၊ ဆိပ်ကမ်းရောက် တစ်ပိဿာဈေး(အရင်းဈေး) ၁၄၄၁ ကျပ်ရှိရာမှ ဖေဖော်ဝါရီ ၂၂ ရက်တွင် FOB ဈေးနှုန်း ၈၇၀ ဒေါ်လာနှုန်း၊ ပြည်တွင်းငွေလဲနှုန်း ၈၆၇ ကျပ်ဖြင့် (အရင်းဈေး) ဖေဖော်ဝါရီ ၁၈ ရက်တွင် ၁၄၇၁ ကျပ် ဖြစ်လာကြောင်း၊ ပြည်တွင်းဈေးကွက်တွင် စားအုန်းဆီ တစ်ပိဿာ ၁၄၁၅ ကျပ် ရှိပြီး ဖေဖော်ဝါရီ ၂၃ ရက်တွင် ၁၄၃၅ ကျပ်ထိဈေးမြင့်ခဲ့သည်ဟု သိရသည်။

၂၀၁၁ -၂၀၁၂ ဘဏ္ဍာရေးနှစ်အတွင်း စားအုန်းဆီ တန်ချိန် ၃၇၉၀၄၉ တန် တင်သွင်းခွင့်လိုင်စင်ထုတ်ပေးပြီး စားအုန်းဆီသင်္ဘော ၁၂၉ စင်းဖြင့် တန်ချိန်ပေါင်း ၃၀၆၁၀၄ တန် ပြည်တွင်းသို့ရောက်ရှိခဲ့ပြီး ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်အတွင်း ၂၀၁၂ ဒီဇင်ဘာ ၂ ရက်ထိ စားအုန်းဆီ တင်သွင်းခွင့် တန်ချိန် ၃၇၇၂၇၄ လိုင်စင်ထုတ်ပေးပြီး စားအုန်းဆီသင်္ဘော ၉၄ စင်းဖြင့် တန်ချိန် ၃၁၁၃၄၈ တန် ပြည်တွင်းသို့ ရောက်ရှိပြီးဖြစ်ကြောင်း၊ ကုမ္ပဏီ ၃၃ ခုက စားအုန်းဆီတန်ချိန် ၁၃၀၄၈၈ တန် ပြည်ပက ဝယ်ယူထားပြီးဖြစ်၍ ဖေဖော်ဝါရီ နှင့်မတ်လအတွင်းရောက်ရှိမည်ဟု စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဖေဖော်ဝါရီ ၂၂ ရက်တွင် ပြုလုပ်သော စားအုန်းဆီတင်သွင်းမှုလုပ်ငန်းနှင့် ပတ်သက်၍ ညှိနှိုင်းအစည်းအဝေးတွင် ပြောကြားကြောင်း အဆိုပါဝန်ကြီးဌာနမှ ထုတ်ဝေသော စီးပွားရေးသတင်းဂျာနယ် ဖော်ပြချက်အရ သိရှိရသည်။

သက်ဆိုင်ရာမှ စားအုန်းဆီတင်သွင်းမှု လုံလောက်စွာခွင့်ပြုထားရာ ပြည်တွင်းဈေးကွက်တွင် စားအုန်းဆီ ဈေးနှုန်းတည်ငြိမ်မှုရှိနိုင်ကြောင်း၊ ယခင်နှစ် ဖေဖော်ဝါရီ ၂၄ ရက်တွင် ပြည်ပ FOB တန်ချိန်ဈေးနှုန်း ၁၁၃၅ ဒေါ်လာ ပြည်တွင်းငွေလဲနှုန်း ၈၄၄ ကျပ်ဖြင့် ဆိပ်ကမ်းရောက် တစ်ပိဿာဈေး (အရင်းဈေး) ၁၇၃၉ ကျပ်ရှိပြီး ပြည်တွင်း လက်ကားရောင်းဈေးနှုန်း (ရန်ကုန်)မှာ တစ်ပိဿာ ၁၇၃၅ ကျပ်ရှိရာ ယခုနှစ် ဖေဖော်ဝါရီလကုန် စားအုန်းဆီဈေးနှုန်းသည် ယခင်နှစ်ကာလဈေးနှုန်းထက် တစ်ပိဿာ ကျပ် ၃၀၀ ဈေးသက်သာသည်ဟု သိရသည်။ **(မောင်စေအောင်)**

## မြဝတီရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

**၂၇-၂-၂၀၁၃(ဗုဒ္ဓဟူးနေ့)**

| | | | |
|---|---|---|---|
| ၇း၀၃ | တရားတော် | ၇း၀၀ | ရသစုံလင် ရုပ်မြင်ဇာတ်လမ်း "တိမ်လွှာထက်က ဖန်ရဲတိုက်" (အပိုင်း-၃၀) |
| ၇း၅၀ | သာယာသီကြွေး ခေတ်ဆန်းတေး | | ရယ်စရာပျော်စရာ ဟာသကမ္ဘာ -ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင် |
| ၄း၁၅ | လျှပ်တစ်ပြက် | | ရသစုံလင် ရုပ်မြင်ဇာတ်လမ်း "ပြည်သူ့တရားရှင် ပေါင်ချိန်" (အပိုင်း-၁၄ ) |
| ၄း၃၀ | ရင်ခုန်စီးဆင်း အချစ်သီချင်း | | |
| ၄း၄၅ | ရှေးဟောင်းသုတ | | |
| ၅း၂၂ | ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -အမေ့အပြုံး (အပိုင်း-၈၄) | | |
| ၆း၂၅ | ကာတွန်းအစီအစဉ် -အာကာသ သူရဲကောင်းလေးများ (အပိုင်း-၇၈) | | |

# ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ငါးခြောက်တန်ချိန် ၃၀၀ ခန့်တင်ပို့

**မုံရွာ ဖေဖော်ဝါရီ ၂၆**

စစ်တွေနှင့် မောင်တောနယ်စပ်ကုန်သွယ်ရေးဒေသများမှ တစ်ဆင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ငါးခြောက်မျိုးစုံကို ယခုအချိန်တွင် တန်ချိန် ၃၀၀ နီးပါး တင်ပို့ရောင်းချခဲ့ကြောင်း နယ်စပ်ကုန်သွယ်ရေးမှ သိရသည်။ ထိုသို့ တင်ပို့ရောင်းချခဲ့ရာတွင် မောင်တောနယ်စပ် ကုန်သွယ်ရေးဒေသမှ ငနီတူခြောက် ၃၃ တန်၊ ငါးကုန်းညှိခြောက် တန် ၄၀၊ ငါးစုံလေးခြောက် ၁၂၀ တန်တင်ပို့ပေးခဲ့ရပြီး စစ်တွေနယ်စပ်ကုန်သွယ်ရေးဒေသမှ ငါးစုံလေးခြောက် ခြောက်တန် တင်ပို့ပေးခဲ့ရကြောင်း သိရသည်။ ပင်လယ်ငါးခြောက်များကိုသာ လှိုင်လှိုင် တင်ပို့ပေးနေခဲ့ရပြီး ရေချိုငါးနှင့် ရေငန်ပုစွန်ကျားများကိုမူ တင်ပို့နိုင်ခြင်းမရှိသေးကြောင်း၊ ရေငန်ပုစွန်ကျားများမှာမူ မေလရောက်မှသာ ပြန်လည်ဖမ်းဆီးလာနိုင်မည်ဖြစ်ကြောင်း သိရသည်။

ဇန်နဝါရီ ၃၀ ရက်မှ ဖေဖော်ဝါရီ ၅ ရက်အထိ စစ်တွေနှင့် မောင်တောကုန်သွယ်ရေးဒေသများမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၁၇၁ သန်းတန်ဖိုးရှိ ငါးခြောက်မျိုးစုံ ၂၉၁ တန်ခန့် တင်ပို့ရောင်းချပေးခဲ့ကြောင်း သိရသည်။ **မျိုးဝင်းထွန်း (မုံရွာ)**




**အနုပညာ**

# (၈၅)ကြိမ်မြောက် အော်စကာဆုပေးပွဲ ခမ်းနားစွာ ကျင်းပပြီးစီး

ဟောလိဝုဒ် ရုပ်ရှင်လောက၏ အထင်ကရ ပွဲတော်တစ်ခုဖြစ်သည့် (၈၅)ကြိမ်မြောက် အော်စကာဆုပေးပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၂၄ ရက်က ကယ်လီဖိုးနီးယားပြည်နယ် လော့စ်အိန်ဂျလိစ်မြို့ Dolby ပြဇာတ်ရုံ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ရာ အဆိုပါအခမ်းအနားတွင် Lincoln ဇာတ်ကားတွင် သမ္မတ အေဗရာဟမ်လင်ကွန်းအဖြစ် ပါဝင်သရုပ်ဆောင်ထားသူ မင်းသား ဒန်နီယယ်ဒေးလူးဝစ်က အကောင်းဆုံး အမျိုးသားဇာတ်ဆောင်ဆုကို လည်းကောင်း၊ Silver Lining Playbook ဇာတ်ကားမှ မင်းသမီး ဂျနီဖာလောရန့်စ်က အကောင်းဆုံး အမျိုးသမီးဇာတ်ဆောင်ဆုကို လည်းကောင်း၊ အကောင်းဆုံးဒါရိုက်တာဆုကို Life of Pi ဇာတ်ကားဖြင့် ဒါရိုက်တာအန်းလီက လည်းကောင်း ရရှိခဲ့ကြသည်။



(၈၅)ကြိမ်မြောက် အော်စကာဆုပေးပွဲ၌ အမျိုးသားဇာတ်ဆောင်ဆု၊ အမျိုးသမီးဇာတ်ဆောင်ဆု၊ အမျိုးသားဇာတ်ပို့ဆုနှင့်အမျိုးသမီးဇာတ်ပို့ဆု ရရှိကြသူများအား တွေ့ရစဉ်။

ထို့ပြင် အကောင်းဆုံးရုပ်ရှင်ဇာတ်ကားဆုကို ဒါရိုက်တာ ဘင်အက်ဖ်လက် ၏ Argo ဇာတ်ကားက လည်းကောင်း၊ အကောင်းဆုံး အမျိုးသားဇာတ်ပို့ဆုကို Django Unchained ဇာတ်ကားမှ မင်းသား ခရစ္စတိုဖ်ဝက်ဇ်က လည်းကောင်း၊ အကောင်းဆုံးအမျိုးသမီးဇာတ်ပို့ဆုကို Les Miserables ဇာတ်ကားမှ မင်းသမီး အန်နီဟက်သ်ဝေးကလည်းကောင်း၊ ရုပ်ရှင်ရိုက်ကူးရေးပညာဆုကို Life of Pi ဇာတ်ကားမှ ဒါရိုက်တာ ကလပ်ဒီ အိုမီရန်ဒါက လည်းကောင်း၊ အန်နီမေးရှင်း အကောင်းဆုံး ကာတွန်းရုပ်ရှင် ဇာတ်ကားဆုကို Brave သရီးဒီ ဇာတ်ကားက လည်းကောင်း၊ နိုင်ငံခြား ဘာသာစကားဖြင့် ရိုက်ကူးထားသော အကောင်းဆုံးရုပ်ရှင် ဇာတ်ကားဆုကို ပြင်သစ်ဘာသာစကားဖြင့် ရိုက်ကူးထားသော Amour ဇာတ်ကားက လည်းကောင်း၊ အကောင်းဆုံးရုပ်ရှင် ဇာတ်ညွှန်းဆုကို Argo ဇာတ်ကားမှ ဇာတ်ညွှန်းရေးဆရာ ခရစ္စတာရီအိုက လည်းကောင်း၊ အကောင်းဆုံးရုပ်ရှင် တည်းဖြတ်ဆုကို Argo ဇာတ်ကားအား တည်းဖြတ်သူ ဝီလီယံဂိုးလ်ဒင်းဘတ်ခ်ကလည်းကောင်း၊ အကောင်းဆုံးရုပ်ရှင်ဇာတ်ဝင်တေးဆုကို ဂျိမ်းစ်ဘွန်း၏ Skyfall ဇာတ်ကားမှ တေးသံရှင် အဒဲလ်၏ Skyfall တေးသီချင်းကလည်းကောင်း အသီးသီးရရှိခဲ့ကြသည်။

ဆက်လက်ပြီး မှတ်တမ်းရုပ်ရှင် ဇာတ်လမ်းတိုဆုကို Inocence ဇာတ်ကားက လည်းကောင်း၊ အကောင်းဆုံးမှတ်တမ်းရုပ်ရှင်ဇာတ်ကားဆုကို Searching for Sugar Man ဇာတ်ကားက လည်းကောင်း ရရှိခဲ့ကြပြီး အကောင်းဆုံးမိတ်ကပ်ပြင်ဆင်မှုဆု၊ အကောင်းဆုံးအဝတ်အစားဒီဇိုင်းဆု စသည်ဖြင့် ဆုပေါင်းများစွာကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

အဆိုပါအခမ်းအနားကို အေဘီစီရုပ်သံလိုင်းမှ တိုက်ရိုက်ထုတ်လွှင့်ပြသခဲ့ပြီး အမေရိကန်နိုင်ငံအတွင်း ပရိသတ်ပေါင်း ပျမ်းမျှ ၄၀ ဒသမ ၃ သန်းခန့် တီဗွီမှစောင့်မျှော်ကြည့်ရှုခဲ့ကြပြီး နိုင်ငံပေါင်း ၂၂၅နိုင်ငံသို့လည်း တိုက်ရိုက် ထုတ်လွှင့်ပြသခဲ့ကြောင်း အေဘီစီရုပ်သံလိုင်းက တနင်္လာနေ့တွင် သတင်းထုတ်ပြန်ထားသည်။



(၈၅)ကြိမ်မြောက် အော်စကာဆုပေးပွဲ၌ အကောင်းဆုံးဇာတ်ကားဆုရ ဇာတ်ကားမှ ဒါရိုက်တာနှင့် ထုတ်လုပ်သူများအား တွေ့ရစဉ်။



သရုပ်ဆောင် Quvenzhane Wallis

# အသက်ကိုးနှစ်အရွယ် ဟောလိဝုဒ်မင်းသမီးငယ်လေး၏ ဒုတိယခြေလှမ်းသစ် စတင်

(၈၅)ကြိမ်မြောက် အော်စကာဆုပေးပွဲအတွက် ဆန်ခါတင်ရွေးချယ်ခြင်းခံထားရသူ အသက်ကိုးနှစ်အရွယ်သာရှိသေးသည့် သရုပ်ဆောင် Quvenzhane Wallis အား ၁၉၈၂ ခုနှစ်က ရိုက်ကူးခဲ့သော Annie ရုပ်ရှင်ကို ပြန်လည်ရိုက်ကူးရာတွင် ခေါင်းဆောင်နေရာမှ ပါဝင်သရုပ်ဆောင်ရန် အတည်ပြုခဲ့ပြီးဖြစ်ကြောင်း သိရသည်။

Wallis သည် အဆိုပါဇာတ်ကားတွင် သရုပ်ဆောင် ဝီလ်စမစ်သ်နှင့် ဂျဒါပင်ကတ်စမစ်သ်တို့၏ သမီးငယ် အသက်(၁၂)နှစ်အရွယ်ရှိ ဝီလ်လိုစမစ်သ်နှင့်အတူ ပူးတွဲသရုပ်ဆောင်ရမည်ဖြစ်ပြီး ယင်းဇာတ်ကားကို အမေရိကန် ရက်ပ်အဆိုတော် ဂျေးဇက်က ထုတ်လုပ်သူအဖြစ် ရိုက်ကူးသွားမည်ဖြစ်သည်။

အဆိုပါဇာတ်ကားရိုက်ကူးရာတွင် မူရင်းဇာတ်ကားမှ သီချင်းဟောင်းများအစား ခေတ်ပေါ်သီချင်းသစ်အချို့ကို အစားထိုးအသုံးပြုသွားမည်ဖြစ်ကြောင်း၊ ယင်းဇာတ်ကားကို စာရေးဆရာမ၊ သရုပ်ဆောင် Emma Thompson က ဇာတ်ညွှန်းရေးဆရာအဖြစ် ပြန်လည်ရေးသားပေးထားပြီး ၎င်းဇာတ်ကားကို ၂၀၁၄ ခုနှစ် နှောင်းပိုင်းတွင် ဖြန့်ချိပြသွားနိုင်ရန် စီစဉ်ထားကြောင်း သိရသည်။

ဖြိုးစန္ဒာမြင့် စုစည်းသည်


ချမ်းမိုင်သစ္စာ အဆင့်မြင့်ခရီးသွားပို့ဆောင်ရေး
မန်းရွှေစက်တော်(မှန်မှဲ) 40000
ပုဂံ-ပုပ္ပါး-ပခုက္ကူ 60000
အလောင်းတော်ကဿပ 60000
ခရီးစဉ်များကို ဈေးနှုန်းချိုသာစွာဖြင့်စီစဉ်ပေးပါသည်။
ချောင်းသာ Hotel Package စီစဉ်ပေးပါသည်။ ကျိုက်ထီးရိုး ချောင်းသာ ကျိုက်ထီးရိုး(အထူး) ရင်ပြင်တော်အရောက်
0973198239, 0943033237, 0973163538

တိုက်ခန်းအမြန်ရောင်းမည်။
ရှေ့-၂၁' × နောက်-၁၀' အရှည်-၅၅' (HK)
Ph:09-73241965

ဇမ္ဗူဂျေကျ်
ရွှေစက်တော်(မှန်မှဲ)၊ မကွေး၊ ပြည် Mar 1 ထွက်မည်
(၃) ရက် - ၃၅၀၀၀/-
မော်တင်စွန်း+ချောင်းသာ
(၄) ရက် - ၅၅၀၀၀/- Mar 22
09-73177727,09-5194608

စိန်ဝင်းနှင့်ရောင်းရင်းများ
စိန်ဝင်းနှင့်ရောင်းရင်းဘုရားဖူးအဖွဲ့မှ အထူးအစီအစဉ်ဖြင့်
မန်းရွှေစက်တော်ဘုရားပွဲတော်သို့(၁-၃-၂၀၁၃) မှနေ့စဉ်
249871, 255553, 389611, 09-5137245

ရွှေလမ်းခရီး ...မှ ကျိုက်ထီးရိုး (နေ့စဉ်)
* ရွှေစက်တော်ဘုရားပွဲတော် * အလောင်းတော်ကဿပ
* ပုဂံ (စွယ်တော်လေးဆူ)၊ ညောင်ဦး၊ ပုပ္ပါး၊ ပခုက္ကူ၊ နေပြည်တော်။
* တောင်ကြီး (ထမ့်ဆန်း) (မွေတော်ကက္ကူ)၊ အင်းလေး၊ ပင်းတယ၊ ကလော။
* မန္တလေး၊ ပြင်ဦးလွင်၊ စစ်ကိုင်း၊ မုံရွာ။
* မော်လမြိုင်၊ ကျိုက္ခမီ၊ စက်စဲ။ * မော်တင်စွန်းဘုရားပွဲတော် * ချောင်းသာ
371317,095124678,09401589907

FULLY LIGHT Travels & Tours Co.,Ltd
သင်္ကြန်အထူးခရီးစဉ်များ
ကိုရီးယားခရီးစဉ် 12-19.April.2013
ရုရှားခရီးစဉ် 13-21.April.2013
ဟောင်ကောင်ခရီးစဉ် 12-19.April.2013
တရုတ်ပြည်ခရီးစဉ် (၁) 11-18.April.2013
တရုတ်ပြည်ခရီးစဉ် (၂) 13-23.April.2013
ဂျပန်ခရီးစဉ် အတွက် 14-21.April.2013
01-503815 01-516932 01-516964 01-516985

No.9 Vol.5
POPULAR News Journal
ဒေါ်အောင်ဆန်းစုကြည်နှင့် ဘုန်းတော်ကြီး ဒက်စ်မွန်တူးတူး တွေ့ဆုံခြင်း သတင်းမြင်ကွင်း
Right decisions come from wide vision.
ထွက်ပြီ

ဆရာအာသာ SUCCESS LANGUAGE ACADEMY 202046 256954
Y.W.C.A ခန်းမ၊ အမှတ်(၁၁၉)၊ ဘိုကလေးဈေးလမ်း၊ 0949249463
၁ တန်း မှ ၉ တန်း ကလေးများအတွက် နွေရာသီအင်္ဂလိပ်စာ 4-Skills English
Morning Section : 10 to 12:00 a.m.
Evening Section : 3 to 5:00 p.m.
Mon to Thurs (တစ်ပါတ် ၄ ရက်)
March 11 စမည်။
(၇+၈)၊ (၉+၁၀) တန်း ကျောင်းသား/သူများအတွက်
Essay, Letter + Grammar
10 to 12:00 (Sat + Sun) March 9 စမည်။





ပြည်သူ့ခေတ်
အတွဲ ၃၊ အမှတ် ၁၃၅
လူကြီးလူကောင်း နိုင်ငံရေးသမားများကိုသာ ပြည်သူလူထုက လိုချင်သည်
• တန်ဖိုးနည်း အိမ်ရာတဲ့လား
• နိုင်ငံချင်း ပြောင်းနေလိုက်ချင်တယ်
• အသွင် ကူးပြောင်းရေးကာလ ပြဿနာအချို့
• နံရံထက်က ဓာတ်ပုံများ
• မြန်မာ့နိုင်ငံရေး ဇာတ်ခုံပေါ်က သမိုင်းရေးမည့် ပုဂ္ဂိုလ် နှစ်ယောက်
• ကျေးရွာ အုပ်ချုပ်ရေးမှူးက ပြလိုက်တဲ့ အပြောင်းအလဲ
• ကြွေးမြီ လျှော်ပစ်မှုတွေဟာ ဒီမိုကရေစီရဲ့ကျေးဇူးပါ
• ၂၀၁၅ အကြိုကာလနှင့် အီလူးရှင်း ကျည်ဆန်များ
• ပြည်သူပိုင်ပစ္စည်းများကို ဘယ်လို ကာကွယ်ကြမလဲ
ထွက်ပြီ

TOP STAR
ချောင်းသာ (နေ့စဉ်)
ပုဂံ၊ ညောင်ဦး၊ ပုပ္ပါး (Mar-1)
09-4317/9331,448544658

BLT Air-Con Express
ကျိုက်ထီးရိုး 9000
ချောင်းသာ 10000
09-73163534, 09425033245

ဟိန်း 01-293159 01-9000293 09-5160048
ခရီးစဉ်အမျိုးမျိုးနှင့်
www.heincarrental.com

စားသောက်ဆိုင်သုံး ရေခဲသေတ္တာများ အထူးလျှော့ဈေးဖြင့် ရောင်းရန်ရှိသည်။
(လက်ရှိအသုံးပြုနေဆဲ)
Brand – Berjaya (Imported)
Two Doors Counter Chiller (၂ လုံး)
Dimension – 72 x 24.5 x 33 inches
Display Shwocase (၂ လုံး)
Dimension – 47 x 24.5 x 53.5 inches
Ice Maker (၁ လုံး) Brand - Lecaco
Table Top Warmer
ဆက်သွယ်ရန် - 01 240400 Ext: 1424

အားကစား

# နွေရာသီအခြေခံဂေါက်သီးရိုက်သင်တန်းဖွင့်မည်

ရန်ကုန်  ဖေဖော်ဝါရီ ၂၆

နိုင်ငံ့ဂုဏ်ဆောင်မျိုးဆက်သစ်လူငယ် ဂေါက်သီးရိုက်အားကစားသမားများ ပေါ်ထွက်လာစေရန်ရည်ရွယ်၍ မျိုးဆက်သစ်လူငယ် နွေရာသီ ဂေါက်သီးရိုက် သင်တန်းကို မတ် ၄ ရက်မှ စတင်၍ ရန်ကုန်မြို့ မြို့တော်ဂေါက်ကွင်း (Y.C.D.C) လေ့ကျင့်ရေးကွင်းရှိ (I Win Golf Academy) ၌ ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်သည်။

အဆိုပါသင်တန်းတွင် ဝါရင့်ဂေါက်သီးရိုက်နည်းပြဆရာ ဦးဆန်းထွန်း (PGA Golf Professional) ဦးဆောင်သော နည်းပြများက စနစ်တကျ လက်တွေ့လေ့ကျင့်သင်ကြားပေးမည်ဖြစ်ပြီး သင်တန်းကြေးမှာ တစ်ဦးလျှင် ငွေကျပ် ၅၀၀၀၀ ဖြစ်ကာ သင်တန်းကာလမှာ ခုနစ်ရက်ဖြစ်သည်။ သင်တန်းကို နေ့စဉ်နံနက် ၈ နာရီမှ ၁၀ နာရီအထိ သတ်မှတ်ထားသည်။

ယင်းသင်တန်းနှင့် စပ်လျဉ်း၍ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၉-၇၃၂၀၉၆၀၀ သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်းသိရသည်။ (မောင်မောင်)





# ဒေါ့မွန်အသင်းကိုစွန့်ခွာမည့်တိုက်စစ်မှူးလီဝန်ဒိုစကီးအား မန်ယူအသင်းနည်းပြဖာဂူဆန် ခေါ်ယူရန် ဆန္ဒရှိနေ

ဂျာမန်ဘွန်ဒက်လီဂါကလပ် ဒေါ့မွန်အသင်းမှ ထွက်ခွာရန်အသင့်ရှိနေသော တိုက်စစ်မှူးလီဝန်ဒိုစကီးအား ပရီမီယာလိဂ်ကလပ် မန်ယူအသင်းမှ ဂလက်စဂိုးမြို့သား နည်းပြကြီးဖာဂူဆန်က ယခုနှစ်နွေရာသီတွင် အိုးထရက်ဖို့ဒ်သို့ ခေါ်ယူရန် ဆန္ဒရှိနေကြောင်း သိရသည်။

မန်ယူနည်းပြဖာဂူဆန်သည် ပြီးခဲ့သည့် ဘောလုံးရာသီကတည်းက တိုက်စစ်မှူးလီဝန်ဒိုစကီးအားစောင့်ကြည့်မှုများပြုလုပ်ခဲ့ပြီး ဒေါ့မွန်အသင်းမှ ဂျပန်ကွင်းလယ်ကစားသမား ရှင်ဂျီကာဂါဝါကို ခေါ်ယူပြီးချိန်တွင် ဒေါ့မွန်အသင်း၌ ကာဂါဝါနှင့်အတူ ခြေစွမ်းပြနေသော တိုက်စစ်မှူး လီဝန်ဒိုစကီးအားခေါ်ယူရန်ကျန်နေသေးကြောင်းနှင့် လာမည့်အပြောင်းအရွှေ့ကာလတွင် အပြီးသတ်ခေါ်ယူနိုင်ရန် ကြိုးစားသွားမည်ဖြစ်ကြောင်းလည်း ဆိုသည်။

လီဝန်ဒိုစကီးသည် ယခုနှစ်ဘောလုံးရာသီတွင် ပွဲပေါင်း ၂၇ ပွဲတွင် ၁၉ ဂိုးအထိ သွင်းယူပေးနိုင်ခဲ့၍ ဒေါ့မွန်အသင်းအတွက် ဂိုးသွင်းအများဆုံးကစားသမားတစ်ဦးဖြစ်သော်လည်း လက်ရှိဂျာမန်ဘွန်ဒက်လီဂါကလပ် ဒေါ့မွန်အသင်းနှင့် နှစ်နှစ်ထက်လက်တွဲရန်ဆန္ဒမရှိကြောင်းနှင့် အသင်းမှ ထွက်ခွာရန်လည်း အသင့်ရှိနေကြောင်းပြောကြားခဲ့သည်။

ထို့ကြောင့် မန်ယူနည်းပြဖာဂူဆန်က ၎င်းအား ခေါ်ယူရန် ဆန္ဒပြင်းပြနေသည့်အပြင် ဘိုင်ယန်မြူးနစ်အသင်းကလည်း လီဝန်ဒိုစကီးအား ဂျာမန်မြေမှ မထွက်ခွာရေး ခေါ်ယူသွားမည်ဟု ဆိုသည်။

နိုင်လင်းကြည်

# ဝက်စ်ဟမ်းအသင်းကို အနိုင်ရရှိပြီး စပါးအသင်း အမှတ်ပေးဇယားတတိယနေရာသို့ ရောက်လာ

နည်းပြ အန်ဒရီဗီလာဘိုအာ့စ် ကိုင်တွယ်လျက်ရှိသော တော့တင်ဟမ်ဟော့စပါးအသင်းသည် ပရီမီယာလိဂ်ပွဲစဉ်(၂၇)တွင် ဝက်စ်ဟမ်းအသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီးနောက် ပရီမီယာလိဂ်အမှတ်ပေးဇယား၏ တတိယနေရာသို့ ရောက်ရှိလာခဲ့ပြီဖြစ်သည်။

ဝက်စ်ဟမ်းအသင်းနှင့် စပါးအသင်းတို့၏ ပွဲစဉ်တွင် စပါးအသင်းသည် ဂျာမိန်းဒီဖိုး၊ ဆန်ဒရို၊ ကာဘူးလ်နှင့် ဟန်ဒယ်စတုန်းတို့ ဒဏ်ရာကြောင့် မပါဝင်နိုင်ခဲ့သော်လည်း အဒီဘာယော၊ လင်နွန်၊ ဒမ်ဘီလီ၊ ပါကာ၊ ဘေးလ်၊ ဟော့ဘီ၊ ကော့ကာ၊ ဝေါ့ကာ၊ ဗာတွန်ဂန်စသည့် ကစားသမားများကို ၄-၂-၃-၁ ကစားကွက်ဖြင့် ပွဲထွက်လာခဲ့ပြီး ပထမပိုင်းတွင် နှစ်သင်းစလုံး တစ်ဖက်တစ်ဂိုးစီဖြင့် သရေရလဒ်သာရှိခဲ့သော်လည်း ဒုတိယပိုင်းတွင် စပါးအသင်း၏ လူစားလဲမှုကောင်းမွန်ခြင်းကြောင့် နှစ်ဂိုးထပ်ရရှိခဲ့သည်။

ယင်းပွဲစဉ်တွင် စပါးအသင်းအတွက် သွင်းဂိုးများကို ဝေးလ်တောင်ပံကစားသမားဂါရတ်ဘေးလ်က ပွဲကစားချိန် ၁၃ မိနစ်နှင့် မိနစ် ၉၀ တို့တွင် နှစ်ဂိုးနှင့် ဟော့ဘီနေရာတွင် လူစားဝင်လာသော ဆီဂတ်ဆန်က တစ်ဂိုးသွင်းယူပေးခဲ့ပြီး ဝက်စ်ဟမ်းအတွက် သွင်းဂိုးများကို ပွဲကစားချိန် ၂၅ မိနစ်တွင် အန်ဒရူးကာရိုးနှင့် ၅၈ မိနစ်တွင် ဂျိုကိုးလ်တို့က သွင်းယူပေးခဲ့ခြင်းဖြစ်သည်။

# ပီအက်စ်ဂျီ၌ ပုံမှန်ပွဲထွက်ခွင့်ရရန် ဘက်ခမ်းမျှော်လင့်

အသက် (၃၇) နှစ်ကျော်လာပြီ ဖြစ်သည့် ကွင်းလယ်ကစားသမားဒေးဗစ်ဘက်ခမ်းသည် ပီအက်စ်ဂျီအသင်းက မာဆေးလ်အသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့်



အနိုင်ရရှိခဲ့သည့် ပြင်သစ်ပထမတန်းပွဲစဉ်တွင် အကောင်းဆုံးခြေစွမ်းပြကစားခဲ့ပြီးနောက် ပီအက်စ်ဂျီအသင်းတွင် ပုံမှန်ပွဲထွက်ခွင့်ရရန် မျှော်လင့်လျက်ရှိကြောင်းသိရသည်။

ထို့အပြင် မာဆေးလ်အသင်းနှင့် ပွဲစဉ်တွင် ပီအက်စ်ဂျီအသင်းတွင် ပါဝင်ကစားနိုင်ရန် ထည့်သွင်းအသုံးပြုခဲ့သော ပီအက်စ်ဂျီအသင်းနည်းပြကားလို့စ်အန်ဆန်လော့တီကိုလည်း ကျေးဇူးတင်ရှိကြောင်းနှင့် လာမည့်ပွဲစဉ်များတွင်လည်း မိမိအား ရွေးချယ်ထည့်သွင်းကစားစေလိုကြောင်း ကွင်းလယ်ကစားသမား ဒေးဗစ်ဘက်ခမ်းက ပြောကြားခဲ့သည်။

ဝန်ထမ်းအလိုရှိသည် (ပြည်တွင်း၌သာခန့်ထားရန်)

A A Electronics Ltd.

၁။ Marketing Executive (Electronics) ၅ ဦး (ကျား/မ)
- တာဝန်အရနယ်များသို့ အချိန်မရွေးသွားရောက်နိုင်ရမည်။
- ရုပ်ရည်သန့်ပြန့်၍ဆက်ဆံရေးကောင်းမွန်ရမည်။
- ဘွဲ့ရရှိပြီး လုပ်ငန်းအတွေ့အကြုံရှိသူကို ဦးစားပေးမည်။

၂။ Sales Promotor (Electronics, Mobile Phone) ၁၀ ဦး (ကျား/မ)
- အခြေခံပညာအထက်တန်းအဆင့်အောင်မြင်ပြီးသူ
- ရုပ်ရည်သန့်ပြန့်ပြီး အသက် (၂၅)နှစ်အောက် ဖြစ်ရမည်။

၃။ Technician (TV,DVD,Mobile Phone) ၅ ဦး (ကျား/မ)
- B.E(Electronics) (or) AGTI (EC) (or) B.Sc (Phy)
- လုပ်ငန်းအတွေ့အကြုံအနည်းဆုံး (၁) နှစ်ရှိသူဖြစ်ရမည်။

၄။ Technician (Aircon/Refrigerator/ Washing Machine) ၅ ဦး (ကျား)
- လုပ်ငန်းအတွေ့အကြုံရှိသူကို ဦးစားပေးမည်။

၅။ Accountant ၃ ဦး (မ)
- B.Com (or) LCCI Level (III) အောင်မြင်ပြီးသူ

၆။ Driver
လုပ်သက် (၂) နှစ် နှင့်အထက်
- (၂/၃) တန် ကားမောင်းနိုင်သူ ၃ ဦး (ကျား)
- ကားသေးမောင်းနိုင်သူ ၂ ဦး (ကျား)

လျှောက်လွှာတွင် ကိုယ်ရေးရာဇဝင် (CV)၊ ဖုန်းနံပါတ်၊ အကျင့်စာရိတ္တ ထောက်ခံစာ (ရဲစခန်း)၊ မှတ်ပုံတင်မိတ္တူ၊ လေဘာကဒ်မိတ္တူ၊ဓါတ်ပုံ (၁) ပုံ၊ ပညာအရည်အချင်း ထောက်ခံစာ၊ အိမ်ထောင်စုဇယားမိတ္တူနှင့် အတူ အမှတ်၄၀၈/၄၁၀ မဟာဗန္ဓုလလမ်းနှင့် ၃၅လမ်းထောင့် Samsung Plaza (ပ)ထပ်သို့ ကြော်ငြာပါသည့်နေ့မှစ၍တစ်ပတ်အတွင်းလျှောက်ထားနိုင်သည်။

၇ ရက် သတင်းဂျာနယ်
7 DAY NEWS JOURNAL

တစ်ပတ်အတွင်း ပြည်တွင်းပြည်ပသတင်းများကို တစ်စောင်တည်းဖတ်ရုံဖြင့် ပြည့်ပြည့်စုံစုံသိလိုရင် 7Day News ကိုရွေးလိုက်ပါ

၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီ ၂၈ ရက်၊ ကြာသပတေးနေ့၊ အတွဲ(၁၀)၊ အမှတ်(၅၀)

- ငြိမ်းချမ်းရေး နိုဗယ်ဆုရှင် ဘုန်းတော်ကြီး ဒလိုင်းလားမား မြန်မာနိုင်ငံသို့ လာရောက်
- ဗိုကုန်၊ သွင်းကုန် ၁၁၈ မျိုးလိုင်စင်မလိုဘဲ ပို့နိုင်၊ သွင်းနိုင်ပြီ
- ငွေလဲနှုန်းကို မျက်ကွယ်ပြုနေသော အစိုးရအား သူရဦးရွှေမန်း မေးခွန်းထုတ်
- တက္ကသိုလ်အဆောင်များ ပြန်ဖွင့်ရန် စီစဉ်နေ
- နှစ်ကျပ်ခွဲ ကျေးရွာ မီးလင်းရေးမြေရှင်းစဉ် ရဲတပ်ဖွဲ့နှင့် ဒေသခံအချို့ကြား ရုန်းရင်းဆန်ခတ်ဖြစ်
- မြန်မာ့ကျောက်မျက်တင်သွင်းမှု ပိတ်ပင်ခြင်း ရုပ်သိမ်းရန် ကန် စတင်ညှိနှိုင်း
- တရုတ်ကုမ္ပဏီတစ်ခု ချင်းပြည်နယ်၊ မြေတောင်ဒေသတွင် နီကယ်နှင့် သံရိုင်းတူးဖော်မည်
- အစိုးရဝန်ထမ်းများကို လာမည့်ဘဏ္ဍာနှစ်တွင် လစာတိုးပေးရန် သူရဦးရွှေမန်း ထပ်မံတိုက်တွန်း
- ရောဝတီမြစ်အတွင်း ရွှေတူးသူများကို ဖမ်းဆီးအရေးယူမှု အားနည်းနေ
- မန္တလေးတွင် ဒုတိယကမ္ဘာစစ်အတွင်း ပျက်စီးသွားသော ရှေးဟောင်းအဆောက်အအုံ သုံးခု ပြန်လည်တည်ဆောက်မည်
- ဆရာမောင်သာချို၏ "ဆေးလိပ်မတို နေမညိုပါဘဲ"၊ သတင်းအဖွဲ့၏ "လမ်းမထက်တွင် နေဝင်သည်" စသည့် အထူးဆောင်းပါး

ဆက်သွယ်ရန်ဖုန်း-၀၉- ၇၃၀၇၂၀၀၆  သတင်းထူး၊ သတင်းဦးများနှင့် အထူးသတင်းပေးပို့ချက်များ ကဏ္ဍစုံလင်စွာဖြင့်. . .

ရွှေထိပ်တန်း
ချောင်းသာ (နေ့စဉ်-နံနက်/ည)
ကားစီးလုံးငှားစီစဉ်ပေးသည်
ငွေဆောင် (သောကြာ)
01-701015, 09-5403844
01-710436, 09-5044830

GOLDEN STAR
ကျိုက်ထီးရိုး (နေ့စဉ်)
ချောင်းသာ (နေ့စဉ်)
ငွေဆောင် (သောကြာ)
Ph:209200,430480,544383

AKM TRAVELS
ကျိုက်ထီးရိုး (နေ့စဉ်) / ချောင်းသာ (နေ့စဉ်)
ပုဂံ-စွယ်တော်လေးဆူ-ပုပ္ပါး(သောကြာ)
မော်တင်စွန်း+ချောင်းသာ Mar 11,15,22,24
ချောင်းသာ(စား/တည်း/ငြိမ်း)40000/-
ကားစီးလုံးငှားသည်။
09-49001557, 09422514874

မျိုးချစ်စာဆို ဆရာကြီးသခင်ကိုယ်တော်မှိုင်း၏ 'မစ္စတာမောင်မှိုင်း'ကလောင်အမည်ခံယူခဲ့သည့် နှစ်တစ်ရာပြည့်အထိမ်းအမှတ်အဖြစ် မစ္စတာမောင်မှိုင်း' ကလောင် အမည်ခံယူခဲ့သော အချိန်ကာလ, နောက်ခံအဖြစ်အပျက်တို့နှင့်အတူ ယောဂီဆရာမစ္စတာမောင်မှိုင်း၏ရသေ့ဘဝကို အထူးအလေးထား၍ ယောဂီဆရာမစ္စတာ မောင်မှိုင်း၏ ဋီကာစာပေ, ဂဏ္ဍိစာပေ, ပြဇာတ်စာပေ, ဝတ္ထုစာပေ, ဆောင်းပါးစာပေ, ရာဇဝင်စာပေနှင့် မဟာကဗျာလေးချိုးကြီးတို့ကို လေ့လာဖော်ပြပြီးမစ္စတာ မောင်မှိုင်းနှင့် မျိုးချစ်စိတ်, ကာမဂုဏ်, အဂ္ဂိရတ်, ဘားနဒ်တက္ကသိုလ်, လယ်တီပဏ္ဍိတ -စသောစိတ်ဝင်စားဖွယ်အကြောင်းရပ်တို့နှင့်အတူ'မစ္စတာမောင်မှိုင်း'မှသည် 'သခင်ကိုယ်တော်မှိုင်း'အမည်ပြောင်းလဲပုံအထိ နှစ်ပေါင်း ၂၃-နှစ်ကာလအတွင်း ဆရာကြီးသခင်ကိုယ်တော်မှိုင်း၏ စာပေဘဝ, လူမှုဘဝတို့ကို စာမျက်နှာ-၈၀၀ ကျော်ဖြင့် အသေးစိတ်ခြယ်မှုန်းနှုန်းဖွဲ့ဖော်ကျူးထားသည့်-

ဦးအောင်မွန်(မြတ်ဆုမွန်)၏ ရာပြည့်မစ္စတာမောင်မှိုင်း

မြတ်ဆုမွန်စာပေထုတ်ဝေရေး
အမှတ်-၇၆/၈၀၊ ဗညားဒလလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၁-၂၉၈၃၆၃၊ ၀၉-၅၁၉၄၁၆၆၊ ၀၉-၅၁၇၁၄၁၅။

ရန်ကုန်မြို့နှင့်မန္တလေးမြို့ရှိ စာအုပ်ဆိုင်တိုင်းတွင်ဝယ်ယူရရှိနိုင်ပါသည်။
ထွက်ပါပြီ။ တန်ဖိုး ၁၀၀၀၀/-ကျပ်

ရွှေနဂါး
ကျိုက်ထီးရိုး (နေ့စဉ်)
ချောင်းသာ (နေ့စဉ်)
Ph. 209077 ,09-731 67000
209388 ,09-731 68000

RUBY ကားစီးလုံးငှားသည်
519100
09-51-77212, 535100
ခရီးစဉ်မျိုးစုံအတွက် (၄၅၊ ၃၃၊ ၂၄၊ ၁၈၊ ၁၄၊ ၁၀၊၇)ယောက်စီးနှင့် Saloon, Van ကားမျိုးစုံငှားနိုင်ပါသည်။ လစဉ်ကားမျိုးစုံငှားရန်ရှိသည်။ (ယာဉ်ပိုင်ရှင်များဆက်သွယ်ပါ)

COHABO
ချောင်းသာ/ငွေဆောင်
စရိတ်ငြိမ်း-65000
No-၁၁/၁၃၊ နွယ်ကျွန်းလှလမ်း၊ဗိုလ်တထောင်။
Ph-203519
09 516 1773, 09 731 61773



# မန္တလေးမြို့၌ အဆင့်မြင့်တက္ကစီများပြေးဆွဲ ဘဏ်များနှင့် ချိတ်ဆက်ရောင်းချ

**မန္တလေး ဖေဖော်ဝါရီ ၂၆**

မန္တလေးမြို့အတွင်း အဆင့်မြင့်တက္ကစီများ ပြေးဆွဲရန် တိုင်းဒေသကြီး အစိုးရအဖွဲ့ထံသို့ တင်ပြထားသော ကုမ္ပဏီများအနက် ကုမ္ပဏီသုံးခုသာ မော်တော်ယာဉ်များ တင်သွင်း၍ လုပ်ငန်းလုပ်ကိုင်လိုသူများအား ဘဏ်နှင့် ချိတ်ဆက်ကာ အရစ်ကျစနစ်ဖြင့် ရောင်းချပေးပြီး လုပ်ငန်းများ စတင်လျက်ရှိသည်။

ခေတ်မီဖွံ့ဖြိုးတိုးတက်သော မြို့ပြလူနေမှုစနစ်နှင့် လိုက်လျောညီထွေရှိစေရန် ပုဂ္ဂလိကလုပ်ငန်းရှင်များအား လုပ်ထုံးလုပ်နည်းနှင့်အညီ ကုမ္ပဏီများဖွဲ့စည်း၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ခွင့်ပြုချက်ရယူပြီး ပြည်ပမှ မော်တော်ယာဉ်များ တင်သွင်းလုပ်ကိုင်ကြပြီး မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့မှ စိစစ်၍ ပြည့်စုံမှန်ကန်မှသာ ခွင့်ပြုပေးခဲ့သည်။ ကုမ္ပဏီသုံးခုမှ saloon၊ Toyota၊ Probox ယာဉ်များ တင်သွင်းပြီး ပြေးဆွဲလျက်ရှိသည်။ AA နံပါတ်တပ်တက္ကစီယာဉ်တွင် မီတာတပ်ဆင်ထားပြီး ကနဦး ငှားရမ်းခ ကျပ် ၅၀၀ အပါအဝင် တစ်ယူနစ် ကျပ် ၃၅၀ နှုန်းဖြင့် လည်းကောင်း၊ မီတာမပါယာဉ်များသည် တစ်မိုင်လျှင် ကျပ် ၇၀၀ နှုန်းဖြင့် ပြေးဆွဲပေးပြီး ငှားရမ်းစီးနင်းသူမှ တံတားဖြတ်ခ၊ လမ်းကြေးပေးဆောင်ရန် မလိုကြောင်း သိရသည်။ **သီဟကိုကို(မန္တလေး)**

# မြန်မာနိုင်ငံအနေဖြင့် ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် ပြည်ပဈေးကွက်သို့ ဆန်တန်ချိန် တစ်သိန်းခွဲအထိ တင်ပို့ရောင်းချမည်

**မုံရွာ ဖေဖော်ဝါရီ ၂၆**

၂၀၁၃ ခုနှစ်တွင် မြန်မာနိုင်ငံမှ ဆန်များကို ဝယ်ယူရရှိနိုင်ရေးအတွက် ဂျပန်နိုင်ငံနှင့် ကိုရီးယားနိုင်ငံများမှ ကမ်းလှမ်းမှုများ ထပ်မံပြုလုပ်လာကြောင်း မြန်မာနိုင်ငံတောင်သူလယ်သမားများအသင်းမှ သိရသည်။ လက်ရှိတွင် မြန်မာနိုင်ငံမှ ဆန်များကို ဩစတြေးလျနှင့် ဥရောပနိုင်ငံများသို့ ပင်လယ်ရေကြောင်းလမ်းမှ တင်ပို့ရောင်းချနေရပြီး အိန္ဒိယ၊ တရုတ်နှင့် ထိုင်းနိုင်ငံများသို့ နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းမှ တင်ပို့ရောင်းချနေခဲ့ရာ ဂျပန်နိုင်ငံနှင့် ကိုရီးယားနိုင်ငံများမှ ထပ်မံကမ်းလှမ်းလာခဲ့ကြခြင်း ဖြစ်ကြောင်း သိရသည်။ ဂျပန်နှင့် ကိုရီးယားနိုင်ငံများမှ မြန်မာ့ဆန်များကို ဝယ်ယူရန်ကမ်းလှမ်းလာမှုများ ပြုလုပ်လာခဲ့ကြသော်လည်း ဝယ်ယူမည့် ဆန်တန်ချိန်ပမာဏကိုမူ မသိရသေးကြောင်း မြန်မာနိုင်ငံတောင်သူလယ်သမားများအသင်းမှ သိရသည်။ ၂၀၁၃ ခုနှစ် မတ်လတွင် အင်ဒိုနီးရှားနိုင်ငံမှလည်း ဆန်တန်ချိန် ငါးသိန်းအထိ ဝယ်ယူနိုင်ရေးအတွက် နားလည်မှုစာချွန်လွှာကို ရေးထိုးမည်ဖြစ်ပြီး မြန်မာနိုင်ငံအနေဖြင့် ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် ပြည်ပနိုင်ငံ ဈေးကွက်များသို့ ဆန်တန်ချိန် တစ်သိန်းခွဲအထိ တင်ပို့ရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**



# ဈေးချိုနှင့် ရတနာပုံဈေးများတွင် စက်လှေကားများ တပ်ဆင်

**မန္တလေး ဖေဖော်ဝါရီ ၂၆**

မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ ဈေးနှင့်သားသတ်ဌာနက ဈေးများအဆင့်မြှင့်တင်ရေး၊ ဈေးဝယ်လာပြည်သူများ စိတ်အေးချမ်းမြေ့စွာ သက်သောင့်သက်သာ ဝယ်ယူနိုင်ရေးအတွက် ဈေးချိုနှင့် ရတနာပုံဈေးများတွင် စက်လှေကားများ တပ်ဆင်လျက်ရှိသည်။**(ဓါတ်ပုံ)**

မန္တလေးမြို့တော်ရှိ ဈေးများ၌ သွားလာမှုလွယ်ကူသော မြေညီထပ်ဆိုင်ခန်းများ၊ ပထမထပ်ဆိုင်ခန်းများသာ ဈေးဝယ်များဖြင့် စည်ကားလျက်ရှိပြီး အထပ်မြင့်ဈေးဆိုင်ခန်းများတွင် တက်ရောက်ဈေးဝယ်မှု နည်းပါးသည်။

မြေညီထပ်ဆိုင်ခန်းများက ကုန်ပစ္စည်းထားသိုရန် ဂိုဒေါင်အဖြစ် အသုံးပြုနေကြသဖြင့် ဈေးများအထပ်လိုက်စည်ကားစေရေး စက်လှေကားများ တပ်ဆင်ခြင်းဖြစ်ကြောင်း သိရသည်။ **မောင်ပြည်သူ(မန္တလေး)**

## ညအိပ်ရာဝင်ချိန် မီးသတိပေးနှိုးဆော်ချက်

(က) ခြင်ဆေးခွေ၊ ဖယောင်းတိုင်၊ ဘုရားမီး၊ အမွှေးတိုင်မီးများနှင့် မီးဖိုမီးကြွင်းမီးကျန်များ ငြိမ်းသတ်ပြီးမှ အိပ်ရာဝင်ရန်။

(ခ) မီးသုံးစွဲရင်း အိပ်စက်ခြင်း လုံးဝမပြုလုပ်ပါနှင့်။

(ဂ) မိမိအိမ်နှင့် အိပ်ခန်းများတွင် လေဝင်/လေထွက်ကောင်းမွန်စေရေး စီမံထားရှိရန်။

## ကျန်းမာရေးဝန်ကြီးဌာန
## ကျန်းမာရေးဦးစီးဌာန
## ဗဟိုအမျိုးသမီးဆေးရုံကြီး(မန္တလေး)
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဦးစီးဌာန မန္တလေးမြို့၊ ဗဟိုအမျိုးသမီးဆေးရုံကြီးတွင် တက်ရောက်ကုသလျက်ရှိသော လူနာများအား ကုသပေးနိုင်ရန်လိုအပ်သော ဆေးဝါးများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများပေးသွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက် - ၄-၃-၂၀၁၃ရက်
တင်ဒါပိတ်မည့်ရက် - ၈-၃-၂၀၁၃ရက်
တင်ဒါပိတ်မည့်အချိန် - ညနေ ၄နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့်ပစ္စည်းများစာရင်းအသေးစိတ်ကို သိရှိလိုပါက နေ့စဉ်ရုံးချိန်အတွင်း အောက်ပါလိပ်စာအတိုင်း လာရောက်စုံစမ်းနိုင်ပါသည်။

**ဆေးရုံအုပ်ကြီးရုံး**
**ဗဟိုအမျိုးသမီးဆေးရုံကြီး**
**မန္တလေးမြို့၊ မန္တလေးတိုင်းဒေသကြီး**
**ဖုန်း-၀၂-၆၆၆၉၁**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၁၈ယ/၂၂၄၅၁၊ Zong Shen 125ယာဉ်လက်ဝယ်ရှိသူအမည် ဦးနေလင်းအောင်၊ မှတ်ပုံတင်အမှတ်[၉/အမဇ(နိုင်)၀၂၉၁၃၄]မှ ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၁၅)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**
**မန္တလေးမြို့**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၂/ပေါင်းလောင်း(၂)၊ မြေကွက်/ဦးပိုင်အမှတ်(၁၅၅၅)၊ ဧရိယာ( - )ဧက၊ မြေကွက်တည်နေရာအမှတ်(၁၅၅၅)၊ (၁၄)လမ်း၊ ပေါင်းလောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနားမြို့ရှိ ဦးရိုန်အမည်ဖြင့် ပိုင်ဆိုင်သော ပါမစ်မြေအား အမည် ဒေါ်သီတာစိန် နိုင်ငံသားစိစစ်ရေးအမှတ် [၉/မထလ(နိုင်)၀၁၁၂၃၅] အဖအမည် ဦးစိန်မှ ပိုင်ဆိုင်ကြောင်း အထောက်အထားများ တင်ပြပြီး မြေကွက်အမည်ပြောင်း လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ၈-၃-၂၀၁၃ ရက် နောက်ဆုံးထားပြီး လာရောက်ကန့်ကွက်နိုင်ကြောင်း ကြော်ငြာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**

## မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်(ဗဟို)

မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်၏ (၁၃)ကြိမ်မြောက် နှစ်ပတ်လည်အခမ်းအနားနှင့် အိမ်မွေးတိရစ္ဆာန် ပြပွဲပြိုင်ပွဲ၊ မွေးမြူရေးဆိုင်ရာစာတမ်းဖတ်ပွဲ၊ မွေးမြူရေးဆိုင်ရာ ထွက်ကုန်ပစ္စည်း၊ ဆေးဝါး၊ အသုံးအဆောင် ပစ္စည်းအရောင်းဆိုင်များ ဈေးပွဲတော်ကို ၂၀၁၃ ခုနှစ်၊ မတ်လ ၃ ရက်နှင့် ၄ ရက်များတွင် မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်ရုံးအဆောက်အအုံဝင်း၊ ဘုရင့်နောင်လမ်းနှင့် စက်မှုဆေးဝါးလမ်းထောင့် အနောက်ကြို့ကုန်း၊ အင်းစိန်မြို့နယ်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ပါသည်။

အိမ်မွေးတိရစ္ဆာန်ပြိုင်ပွဲကို ခွေးကြီး၊ ခွေးလတ်၊ ခွေးငယ်၊ ပါပီ၊ ခွေးအလိမ္မာနှင့် ကြောင်စသည်ဖြင့်ဟူ၍ အုပ်စုများခွဲ၍ ကျင်းပမည်ဖြစ်ပြီး ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်လိုသူများသည် ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက် နောက်ဆုံးထား၍ လျှောက်ထားကြရန်ဖြစ်ပါသည်။ ပြိုင်ပွဲဝင်ကြေးမှာ ခွေးတစ်ကောင်လျှင် ၁၀၀၀၀ိ/(ကျပ်တစ်သောင်း)နှင့်ကြောင်တစ်ကောင်လျှင် ၅၀၀၀ိ/ (ကျပ်ငါးထောင်)ဖြစ်ပြီး၊ ပြိုင်ပွဲဝင် လျှောက်လွှာများကို မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်ရုံးနှင့် တိရစ္ဆာန်ဆေးကုခန်းများတွင် ဝယ်ယူရရှိနိုင်ပါသည်။ အသေးစိတ် သိရှိလိုပါက ဒေါက်တာကျော်ဆန်းအောင်(၀၉-၅၀၁၉၄၃၄)၊ ဒေါက်တာအိသန္တာကျော်(၀၉-၅၁၈၈၉၉၁)တို့ထံ စုံစမ်းမေးမြန်းနိုင်ပါသည်။ ပြိုင်ပွဲအား အခမဲ့ လာရောက်ကြည့်ရှုနိုင်ပါသည်။


သူငယ်တန်း မှ တက္ကသိုလ်ဝင်တန်းအထိ
ELC Mandalay
ELC
ပညာရိပ်သာ (မန္တလေး)
ကိုယ်ပိုင် အထက်တန်းကျောင်း
နေ့အထူး နှင့် ဘော်ဒါ

၂၀၀၄ ခုနှစ်
ELC မှမွေးထုတ်ပေးခဲ့သော
မြန်မာတစ်နိုင်ငံလုံးပူးတွဲပထမနှစ်ဦး
TOP 1





2012 တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်မှု အောင်ချက် 83.33%

| | | |
|---|---|---|
| သချာ်ရာပြည့် ၃ ဦး | ၆ ဘာသာ ၁ ဦး | မြန်မာစာ ၇ ဦး |
| ဖြေဆိုသူပေါင်း ၁၈၀ ယောက် | ၅ ဘာသာ ၃ ဦး | အင်္ဂလိပ်စာ ၇ ဦး |
| အောင်မြင်သူပေါင်း ၁၅၀ ယောက် | ၄ ဘာသာ ၁၅ ဦး | သင်္ချာ ၇၀ ဦး |
| ကျရှုံးသူပေါင်း ၃၀ ယောက် | ၃ ဘာသာ ၁၅ ဦး | ဓာတု ၃၀ ဦး |
| ဂုဏ်ထူးဖြင့် အောင်မြင်သူပေါင်း ၇၅ ယောက် | ၂ ဘာသာ ၁၇ ဦး | ရူပ ၅၀ ဦး |
| ရိုးရိုးအောင်မြင်သူပေါင်း ၇၅ ယောက် | ၁ ဘာသာ ၂၄ ဦး | ဇီဝ ၁၈ ဦး |
| | | ဘောဂ ၂ ဦး |

2011

| | | |
|---|---|---|
| ဖြေဆိုသူပေါင်း ၁၂၀ ယောက် | ၆ ဘာသာ ၇ ဦး | မြန်မာစာ ၂၀ ဦး |
| အောင်မြင်သူပေါင်း ၁၁၃ ယောက် | ၅ ဘာသာ ၈ ဦး | အင်္ဂလိပ်စာ ၉ ဦး |
| ကျရှုံးသူပေါင်း ၇ ယောက် | ၄ ဘာသာ ၁၂ ဦး | သင်္ချာ ၄၆ ဦး |
| ဂုဏ်ထူးဖြင့် အောင်မြင်သူပေါင်း ၅၉ ယောက် | ၃ ဘာသာ ၆ ဦး | ဓာတု ၃၄ ဦး |
| ရိုးရိုးအောင်မြင်သူပေါင်း ၅၄ ယောက် | ၂ ဘာသာ ၉ ဦး | ရူပ ၃၇ ဦး |
| | ၁ ဘာသာ ၁၇ ဦး | ဇီဝ ၃၂ ဦး |
| | | ဘောဂ ၅ ဦး |

၂၀၁၁ အောင်ချက် 94.2%

မြင့်အောင်ချစ်

၂၀၁၃ – ၂၀၁၄ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်း မတ်လ၂၅ရက် ရက်ဖွင့်မည်။

အမှတ် (၂၄၁)၊ ၃၁လမ်း ၊ ၈၃×၈၄ ကြား၊ မန္တလေးမြို့။ ဖုန်း ၀၂-၆၈၀၉၁ ၊ ၇၃၉၂၆

# အမျိုးသမီးဆံပင်ကျွတ်များ ဈေးကောင်းရ

အမျိုးသမီး အမျိုးသားတို့သည် ခေါင်းမှဆံပင်ကို သန့်သန့်ရှင်းရှင်းပုံစံဖြင့် နေတတ်ကြသည်။ သန့်သန့်ရှင်းရှင်း ထားတတ်ကြသည်။ ခေါင်းမှဆံပင်ကို သေသေချာချာ ဘီးနှင့်ဖီးပြီး ဆီလူးပေးကြသည်။ ထိုသို့ ပြုလုပ်ပြီးပါက ခေါင်းမှ ဆံပင်အမွေးများကျွတ်ကြလေ့ရှိသည်။ ဆံပင်ကျွတ်ပြီဆိုပါက အမှိုက်တောင်းထဲ ပစ်ကြရသည်။ ယနေ့ခေတ်မှာတော့ ထိုသို့ ကျွတ်သော ဆံပင်များကို အလေးချိန်နှင့် အိမ်တိုင်ရာရောက် လာရောက်ဝယ်ယူနေကြသည်။

ကျေးလက်တောရွာများတွင်လည်းကောင်း၊ မြို့ပေါ်နေရပ်ကွက် ကျေးရွာများတွင်လည်းကောင်း ဆံပင်ကျွတ်ဝယ်ယူသူများသည် တစ်အိမ်ဆင်း တစ်အိမ်တက် ဝယ်ယူနေကြသည်။ ဆံပင်ကျွတ်များကို အများအားဖြင့် အမျိုးသမီးများ ဝယ်ယူကြသည်။ ဝယ်ယူသည့် အမျိုးသမီးများမှာ ငွေနှင့်ပေး၍လည်း ဝယ်တတ်ကြသည်။ လူ့အသုံးအဆောင်ပစ္စည်းများနှင့်လည်း လဲလှယ်တတ်ကြသည်။ **(အပေါ်ယာပုံ)**

ဆံပင်ကျွတ်များကို တစ်လတစ်ကြိမ်၊ နှစ်လတစ်ကြိမ် ထပ်မံဝယ်ယူကြသည်။ အမျိုးသမီးများသော အိမ်များတွင် ဆံပင်တစ်ခါရောင်းလျှင် တစ်ကျပ်သားကို ရှစ်ရာ၊ တစ်ထောင်ရသည်။ နှစ်လလောက်ကြာမှ ရောင်းလျှင် နှစ်ကျပ်သားရှိပြီး နှစ်ထောင်ကျပ်ရကာ ဆံပင်ကျွတ်မကြာမကြာ ရောင်းချရသည့်အတွက် ကျောင်းအသုံးစရိတ်ရသည်ဟု ညောင်ဦးမြို့နယ် အုန်းနဲချောင်းကျေးရွာ ဆံပင်ရောင်းသူများထံမှ သိရသည်။

အချို့အမျိုးသမီးဆိုလျှင် ခေါင်းမှ ဆံပင်ကောင်းလွန်း၍ ဖြတ်ပြီး ရောင်းတတ်ကြသည်။ ဖြတ်ရောင်းချသောငွေများနှင့် ကုသိုလ်အမျိုးမျိုး လုပ်တတ်ကြသည်။ အချို့ဆိုလျှင် ဘုရားရွှေသင်္ကန်းကပ်လှူပူဇော်ခြင်း၊ သံဃာတော်များကို ဆွမ်းလောင်းပူဇော်ခြင်း ကုသိုလ်တို့ကို ပြုတတ်ကြသည်။



ဆံပင်ဝယ်သည်ဆိုရာမှာလည်း အနက်ရောင်ဆံပင်များကိုသာ ဝယ်ယူပြီး အခြားအရောင်များကို မဝယ်ကြပေ။ ဆံပင်ကျွတ်များကိုဝယ်ပြီး မန္တလေး အဝယ်ဒိုင်၊ မြင်းခြံအဝယ်ဒိုင်များသို့ သွားရောက်ရောင်းချသည်ဟု ညောင်ဦးမြို့နယ် မကျီးဇောက်ကျေးရွာမှ ဆံပင်ဝယ်ယူသူ မဌေးထံမှ သိရသည်။

ဆံပင်ကျွတ်များကိုဝယ်ပြီး တစ်ပိဿာခွဲလောက်ရမှသာ အဝယ်ဒိုင်ကို ပို့တယ်လို့ ထင်တယ်၊ အခုလို ကျွန်မတို့တောလက်ကျေးရွာတွေကို လိုက်ပြီး ဆံပင်ဝယ်တဲ့အခါ ရောင်းသူများကလည်း ဆံပင်ကိုဒီထက်မက သန့်ရှင်းသပ်ရပ်စွာထားပြီး ဆံပင်ကောင်းလာရင် တမင်ဖြတ်ရောင်းလို့ လွယ်တယ်ဟု ဆံပင်ကျွတ်အမြဲရောင်းသူ အမျိုးသမီးတစ်ဦးထံမှ သိရသည်။

ထိုသို့ ဆံပင်ကျွတ်များကို ရှေးအခါက အမှိုက်ပုံးထဲလွှင့်ပစ်ရသော်ငြားလည်း ယခုခေတ်တွင် ငွေနှင့်သော်လည်းကောင်း၊ လူ့အသုံးအဆောင်ပစ္စည်းနှင့်သော်လည်းကောင်း လဲလှယ်ရသည့်အတွက် အမှိုက်ထဲမှငွေထွက်နေခြင်း ဖြစ်သည်ကို အိမ်တိုင်ရာရောက်ဆံပင်ဝယ်ယူသူများထံမှ သိရသည်။

**ကျော်ဌေး(ညောင်ဦး)**

# တာမိုးညဲဒေသ မြို့ဦးဇမ္ဗူအေးစေတီတော် အများစုပေါင်းကောင်းမှုဖြင့် ပြုပြင်မွမ်းမံ

**တာမိုးညဲ ဖေဖော်ဝါရီ ၂၆**

ရှမ်းပြည်နယ် (မြောက်ပိုင်း) ကွတ်ခိုင်မြို့နယ်မှ မြို့နယ်ခွဲဒေသတစ်ခုဖြစ်သည့် တာမိုးညဲဒေသ မြို့ဦးဇမ္ဗူအေး စေတီတော်အား ဖေဖော်ဝါရီ ၂၂ ရက်နံနက် ၉ နာရီတွင် ဒေသခံများ၏ စုပေါင်းကောင်းမှုဖြင့် ပြုပြင်မွမ်းမံကြောင်း သိရသည်။

"တာမိုးညဲဒေသက အရင်က ဝေးလံခေါင်သီတဲ့ အရပ်ဆိုပေမယ့် အခုတော့ ကွတ်ခိုင်မြို့ရဲ့ မြို့နယ်ခွဲတစ်ခုအဆင့်ထိ တိုးတက်ဖွံ့ဖြိုးလာတာနဲ့အတူ ဒေသခံအများစုရဲ့ ဘာသာတရားကိုင်းရှိုင်းမှုကလည်း တိုးတက်လာတာတွေ့ရပါတယ်။ ယုံကြည်မှုသဒ္ဓါတရားကြောင့် ကျောင်းကန်ဘုရားပြုပြင်မှုလုပ်ငန်းတွေကို ဒေသခံအများစု စိတ်ဝင်တစားလုပ်ကိုင်လာကြတာပါ။ ဇမ္ဗူအေးမြို့ဦးစေတီတော် စတင်တည်ထားစဉ်ကလည်း ဒေသခံအများစုရဲ့ စုပေါင်းကောင်းမှုနဲ့ တည်ထားကိုးကွယ်ခဲ့ကြတာပါ။ မြို့ဦးစေတီတော်ဆိုတဲ့အတိုင်း ကွတ်ခိုင်မြို့က လာတဲ့ခရီးမှာရင်ကွဲတောင်ကြားကျော်ဖြတ်ပြီးရင် တာမိုးညဲမြို့ဝင်တာနဲ့ ဇမ္ဗူအေးစေတီတော်ကို စတင်ဖူးမြော်ပြီးမှ မြို့တွင်းကို ရောက်တာပါ။ ထူးထူးခြားခြား သဘာဝကျောက်တုံးပေါ်မှာ ထပ်ဆင့်တည်ထားတဲ့ စေတီတော်မို့ ရေမြေတောတောင်ရှုခင်းနဲ့ ကြည်ညိုဖွယ်ကောင်းတဲ့စေတီတော် တစ်ဆူပါ" ဟု တာမိုးညဲဒေသတွင် တာဝန်သွားရောက် ထမ်းဆောင်နေသူ ပညာရေးဝန်ထမ်းတစ်ဦးက ပြောသည်။

အဆိုပါ ဇမ္ဗူအေးစေတီတော် ပြုပြင်မွမ်းမံမှုမှာ အများစုပေါင်း ပြုပြင်မွမ်းမံခြင်းဖြစ်ကြောင်း သိရသည်

**(၅၇၉)**

# ကရင်ရိုးရာ နယ်လုံးကျွတ် မီးပုံပွဲတော်ဖွင့်ပွဲအခမ်းအနား ကျုံဒိုး၌ကျင်းပ

**ကျုံဒိုး ဖေဖော်ဝါရီ ၂၆**

ဖေဖော်ဝါရီ ၂၃ ရက်က ကရင်ပြည်နယ် ကော့ကရိတ်ခရိုင် ကျုံဒိုးမြို့တွင် (၁၈၇)ကြိမ်မြောက် ကရင်ရိုးရာ နယ်လုံးကျွတ် မီးပုံပွဲ ဖွင့်ပွဲအခမ်းအနားကို ည ၇ နာရီတွင် စည်ကားသိုက်မြိုက်စွာ ဖွင့်လှစ်ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားကို ကရင်ရိုးရာ အောဟု အောဟောင်တေးသီချင်းဖြင့် သီဆိုဖွင့်လှစ်ပြီး မီးရှူးမီးပန်းများပစ်ဖောက်ပြီးနောက် မီးပုံပွဲတော်ယဉ်ကျေးမှု ဆပ်ကော်မတီနာယက ဆရာတော်ဦးသေဌလက ဩဝါဒ အမှာစကားပြောကြားပြီး အခမ်းအနားဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှ ကူညီပံ့ပိုးပေးသော နယ်ခြားစောင့်တပ်(၁၀၂၁)တပ်ရင်းမှ ဗိုလ်မှူးစောဘလူးက ထပ်ဆင့် အမှာစကားပြောကြား၍ ရန်ကုန်တိုင်းဒေသကြီးမှ ကရင်နှစ်သစ်ကူး ကျင်းပရေးကော်မတီ တွဲဖက်အတွင်းရေးမှူး မန်းဖိုးစောက အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

အဆိုပါမီးပုံပွဲသို့ ကျေးရွာအသီးသီးမှ ကရင်ရိုးရာဒုံးယိမ်း ၁၁ ဖွဲ့ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ကရင်ရိုးရာဇာတ်သဘင်၊ မြန်မာ့ရိုးရာ ဇာတ်သဘင်နှင့် မြန်မာ့ရိုးရာ လက်ဝှေ့ပွဲများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိပြီး ငါးရက်ကြာ ခြိမ့်ခြိမ့်သဲ စည်ကားသိုက်မြိုက်စွာ ကျင်းပ၍ SkyNet ရုပ်သံလိုင်းမှလည်း လာရောက်ရိုက်ကူးပြီး ထုတ်လွှင့် ပြသမည်ဖြစ်ကြောင်း ထပ်မံသိရသည်။

**ထွန်းထွန်းထွေး(ဘားအံ)**

# မိုးညှင်းမြို့နယ်၌ ကျေးရွာအုပ်ချုပ်ရေးမှူး ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကျင်းပ

**မိုးညှင်း ဖေဖော်ဝါရီ ၂၆**

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် ပင်လုံကျေးရွာအုပ်စု နန့်စီးအောင်ဒေသ ကျေးရွာအုပ်ချုပ်ရေးမှူးဖလား အမှတ်ပေးဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကို ဖေဖော်ဝါရီ ၂၀ ရက် ညနေ ၃ နာရီခွဲက ကျင်းပရာ ပေကုန်းကျေးရွာ လူငယ်(က)အသင်းက ပင်လုံကျေးရွာ လူငယ်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားပြီး ဆုဖလားကို ပင်လုံကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးဇော်လွင်က ပေးအပ်ချီးမြှင့်ခဲ့ကြောင်းနှင့် တာဝန်ရှိသူတို့က အကောင်းဆုံး အားကစားဆုနှင့် ထူးချွန်ဆုများကို ပေးအပ်ကြကြောင်း သိရသည်။ **(နီတိုး-မော်လူး)**


**Golden Spider**

မန္တလေး၊မုံရွာ၊စစ်ကိုင်း (1.3.2013)ထွက်မည်၊

အလောင်းတော်ကဿပ

စနိုက်ဦးမင်း (၃ ည ၄ ရက်) ၄၀၀၀၀ိ/

09.73130346 09.423720047

**သရီးဒိုင်းမွန်း**

Air -con Services

Ph-0973206026, 09420131374

**HR**

မောင်ရေအေး (မားဗတ်တကွာသိုလ်)

**လုပ်ရည်ကိုင်ရည်စီမံခန့်ခွဲမှု**

**Performance Management**

ဆိုင်တိုင်းတွင်မေးဝယ်နိုင်ပါသည်။

ဖုန်း - ၂၄၉၇၃၉၊ ၇၃၁၂၁၇၅၄

ထွက်ပြီ



ပညာရေးဝန်ကြီးဌာန မှတ်ပုံတင်နံပါတ် ကက-၁၃/၀၉/၀၁၀

**စာရိတ္တ၊ စည်းကမ်း၊ ပညာ တွင် စံပြ**

**ဂုဏ်ထူး ဦးအောင်ခိုင် (အင်္ဂလိပ်စာ)**

**သမိုင်းတံခွန် ဦးထွန်းနွယ်**

ဦးစီးတည်ထောင်သော

**ပညာနန်းတော်**

၅တန်း မှ ၁၀တန်းအထိ

**ကိုယ်ပိုင်အထက်တန်းကျောင်း အထူးအဆင့်မြင့်ဘော်ဒါ**

**ဘော်ဒါ ၈တန်း၊ ၉တန်း၊ ၁၀တန်း (မတ် ၂၈ စမည်)**

အတန်းငယ်၅တန်း၊ ၆တန်း၊ ၇တန်းများကို ဘော်ဒါလက်မခံပါ

**အကောင်းဆုံးပညာ အကောင်းဆုံးနေရာ အကောင်းဆုံးဘော်ဒါ**

(စောစောအပ်နှံမှသာ နေရာအတွက် စိတ်ချရပါမည်။)

- အင်္ဂလိပ်စာ ဆရာဆရာမ M.A. (သို့) M.Res. (သို့) Ph.D. (သို့) M.Ed. ဘွဲ့ရများ လျှောက်ထားနိုင်ပါသည်။
- အဆောင်မှူး (ဘွဲ့ရ) ဆရာဆရာမများ အလိုရှိပါသည်။

ဘယ်ကျောင်းကြီးမှာပဲ တက်တက် နွေရာသီမှာ ပညာနန်းတော်နွေနွေကျောင်းကို တက်ဖြစ်အောင်တက်

**ပညာနန်းတော် နွေနွေကျောင်းကြီး**

**ကျောင်းဖွင့်ရက်** တနင်္လာမှ သောကြာ - မတ် ၇ ရက်မှ မေ ၃၁ အထိ (၃-လအထူး)

| အတန်း | ကျောင်းချိန် | ကျောင်းလခ | ဝင်ကြေး |
|---|---|---|---|
| ၅ တန်း | နေ့ ၂း၀၀ မှ ၅း၁၅ နာရီ | ၃၅၀၀၀ | မရှိ |
| ၆ တန်း | ။ | ၃၅၀၀၀ | ။ |
| ၇ တန်း | ။ | ၃၅၀၀၀ | ။ |
| ၈ တန်း | ။ | ၄၀၀၀၀ | ။ |
| ၉ တန်း | နံနက် ၈း၃၀ မှ ၁၁း၄၅ နာရီ | ၄၅၀၀၀ | ။ |
| ၁၀ တန်း | ။ | ၅၅၀၀၀ | ။ |

**ဖွံ့ဖြိုးရေး** ကွန်ပျူတာ၊ ပန်းချီနှင့် ကရာတေးဒို (စနေ၊ တနင်္ဂနွေ)

**ပညာရည်ချွန်ဆု** ကျောင်းအသီးသီးတွင် နဝမတန်း နှစ်ဝက်စာမေးပွဲ၌ အဆင့် ၁ မှ ၅ အထိ ရရှိခဲ့သူများအား အခမဲ့ပညာသင်ကြားခွင့် ဆုချီးမြှင့်ပါမည်။

**နွေနွေကျောင်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်** နွေကျောင်းပိတ်ရက် ၃-လအတွင်း ဘာသာစုံ ၆ ဘာသာစလုံး၏ ပြဋ္ဌာန်းချက်မှ ရွေးပိုင်းသင်ခန်းစာများကို ကြေညက်စွာ သင်ကြားလေ့ကျင့်ပေးပါမည်။ ဤသို့ ကြိုတင်ပြင်ဆင် သင်ယူထားခြင်းအားဖြင့် ဇွန်လတွင် ကျောင်းကြီးဖွင့်သည့်အခါ စာလိုက်နိုင်သော ကျောင်းသား/သူတစ်ယောက် ဖြစ်လာပါမည်။ ဤသို့ နှစ်စတွင် စာလိုက်နိုင်လျှင် တစ်နှစ်လုံး စာလိုက်နိုင်ပြီး စာပျော်စာတော်သော ကလေးတစ်ဦး ဖြစ်လာပါမည်။ နှစ်စကတည်းက စာမလိုက်နိုင်ပါကလည်း တစ်နှစ်လုံး စာအခက် ကြုံတတ်ပါသည်။ ဤသို့ အကြောင်းကြောင့် **ဘယ်ကျောင်းကြီးမှာပဲ တက်တက် နွေရာသီမှာတော့ ပညာနန်းတော် နွေနွေကျောင်းကို တက်ဖြစ်အောင်တက်သင့်ပြီ။**

**နွေနွေကျောင်းကို မတ် ၇ - ရက်ဖွင့်မည်**

**ပုံမှန် နေ့ကျောင်းကြီးကို ဇွန် ၁ - ရက်တွင် ဖွင့်ပါမည်**

ခြံအမှတ် 118 A/B ကျွန်းရွှေမြိုင်လမ်း၊ VIP-1 ရပ်ကွက်၊ ဗိုလ်ချုပ်ရွာ၊ သုဝဏ္ဏ၊ ရန်ကုန်။ ဖုန်း 01-577605 ရန်ကုန်မြို့အနှံ့ ကျောင်းကားရှိသည်


ငြင်းချက်ထုတ်ရန်သမ္မန်စာ

တရားမကျင့်ထုံးကိုဥပဒေအမိန့်-၅၊ နည်း-၂၀

ကြည့်မြင်တိုင်မြို့နယ်တရားရုံးတော်၌

၂၀၁၃ခုနှစ်၊တရားမကြီးအမှုအမှတ်-၃

| | | |
|---|---|---|
| ဦးမျိုးမင်းထူး | နှင့် | ၁။ ဦးသန်းအောင်<br>၂။ ဒေါ်သန်းတင် |
| **တရားလို** | | **တရားပြိုင်များ** |

ဒေါ်သန်းတင်၊အိမ်အမှတ်(၁၇၈)တတိယထပ်(လယ်)၃၃လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး (ယခုနေရပ် လိပ်စာမသိ)သူသိစေရမည်။

သင့်အပေါ်၌တရားလိုဦးမျိုးမင်းထူးက တရားဝင်မှတ်ပုံတင်အရောင်းအဝယ် စာချုပ်ချုပ်ဆိုပေးစေလိုမှုနှင့် စပ်လျဉ်း၍ သင်ကိုယ်တိုင်ဖြစ်စေ(သို့မဟုတ်)၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားတို့ကိုချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရှုံ့ အခွင့်အမိန့်အရ ရှေ့နေဖြစ်စေ (သို့တည်းမဟုတ်)၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကိုချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်၎င်း၊ ရှေ့နေနှင့်ပါစေ၍ဖြစ်စေ၊ ၂၀၁၃ခုနှစ်၊ မတ်လ ၁၈ရက် ၁၃၇၄ခုနှစ်၊ တပေါင်းလဆန်း ၇ရက်၊ နံနက်၁၀နာရီအချိန်တွင် အထက်အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင်သင်သိစေရမည်မှာ အထက်ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင်ငြင်းချက်ကိုထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလို သည့်စာရွက်စာတမ်း များနှင့်သင်ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရောက်ရမည်။ သို့တည်းမဟုတ် သင်တို့၏ ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ(၇)ရက်က တင်သွင်းရမည်။

၂၀၁၃ခုနှစ်၊ ဖေဖော်ဝါရီ ၂၂ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(စန်းစန်းဝင်း)**
**ဒုတိယမြို့နယ်တရားသူကြီး**
**ကြည့်မြင်တိုင်မြို့နယ်တရားရုံး**


ရာထူးမြင့်တယ်...လစာကောင်းမယ်...abe ဆိုရင် EVER UP မှာတက်တယ်...

**EVER UP** HUMAN RESOURCES INSTITUTE

abe accredited college

**Education, Living & Health Care Exhibition**

@ တပ်မတော်ခန်းမ

UK Qualification
- Business Management
- Financial Management
- Human Resource Management
- Marketing Management
- Travel, Tourism & Hospitality Management

၁.၃.၂၀၁၃ မှ ၄.၃.၂၀၁၃ ထိ

သင်တန်းကြေးအထူးအခွင့်အရေးကြီး

EVER UP

Enroll Now! June 2013

10th Standard → Diploma → Higher Diploma → Graduate Diploma → MBA

Room-402, MGW Tower, Bo Aung Kyaw Street, Botahtaung Tsp., Yangon. Tel : 01-256523, 09-731 75137, info@everup33.com, www.everup33.com

အခန်းဆက်ဝတ္ထု

# နှင်းငွေတစ်ထောင့် မိုးတစ်မှောင့်

တက္ကသိုလ် ဘုန်းနိုင်



**(ယမန်နေ့မှအဆက်)**

"ဩော် . . . ဒါလား၊ စင်သီယာတဲ့ဘုရား"

"အေး . . . စင်သီယာ လနတ်သမီးလေးဆို ဟုတ်လား၊ မင်းပြောတာပဲလေ"

"နာမည်ရဲ့အဓိပ္ပာယ်ကအဲဒီလိုရှိတယ်၊တပည့်တော်က ဒါပြောတာ"

"အေး . . . ဘယ်ဟာ ပြောပြောပေ့ါကွာ၊ နားထောင်၊ ယသော်ဓရာ ကန်တော့ခန်းထဲမှာပါတာ၊ ရှေးဘဝတစ်ခုမှာ ဘုရားလောင်းက 'ဓမ္မသာမဏေ' ဖြစ်တယ်၊ ကိုရင်လေးပေ့ါကွာ၊ ယသော်ဓရာအလောင်းက ရုပ်ရည်လှပလွန်းလို့ ဇမ္ဗူဒီပါ တစ်ခွင်မှာ ကျော်ကြားတဲ့ 'ရူပသာရီ' ဆိုတဲ့ အမျိုးသမီးလေးဖြစ်တယ်၊ တစ်နေ့မှာ ရူပသာရီဟာ အခြွေအရံတွေနဲ့ ဗောဓိညောင်ပင်ကို ရေလာသွန်းသတဲ့၊ အဲဒီအချိန်မှာ ဓမ္မသာမဏေလေးကလည်း ဗောဓိညောင်ပင်အောက်မှာ တံမြက်လှည်းနေသတဲ့၊ မင်းရောက်လာတော့ ငါဖတ်နေတာ အဲဒီအကွက်ပေါ့"

မြင့်နွယ်က ဘာမျှပြန်မပြောဘဲ ငြိမ်နေမိ၏။ ဦးပဉ္ဇင်းကသာ ဆက်၏။ "ရူပသာရီကို မြင်ရတဲ့ ဓမ္မသာမဏေလေးရဲ့အဖြစ်က ဒီလို၊ နားထောင်၊ ရှေးကံဟောင်းကြောင့်၊ ဆုတောင်းဝါသနာ၊ အရင်းပါ၍၊ မြင်ခါမသွေ၊ သာမဏေလည်း၊ ပြတ်ကြွေသည်းအူ၊ မောဟမူဖြင့်၊ လူလျှင်ထွက်ပြန်၊ ခုနစ်တန်တိ၊ အမှန်စင်စစ်၊ ရဟန်းဖြစ်မှ၊ ချစ်သည့်အာရုံ၊ တိုး၍တုန်သည်. . . တဲ့၊ ဟဲ. . . ဟဲ ဘယ့်နှယ်လဲ"

"ဟာ. . . ဦးပဉ္ဇင်းကလည်း တပည့်တော် အခု လူထွက်တာက စင်သီယာနဲ့ ဘာမှမဆိုင်ပါဘူး"

"ငါ့ရှင်ကလည်း အိုးမလုံ အုံပွင့်နေပြန်ပါပြီ၊ ငါကလည်း ဆိုင်တယ်လို့ ပြောသေးလို့လား၊ အေး . . . ဆိုင်တယ်ဆိုရင်တောင် မင်းကို ငါအပြစ်မတင်ဘူး"

"ဘာပြုလို့လဲ ဘုရား"

"ဟ . . . နိတယဗျာဒိတ်ရပြီးတဲ့ ဘုရားအလောင်း ဓမ္မသာမဏေတောင် ရူပသာရီကြောင့် အူအသည်းကြွေလု ဖြစ်ရသေးရင် မင်းလိုကောင်ကို ဘယ်လိုလုပ် အပြစ်တင်ရမှာတုန်း"

မြင့်နွယ်က စဉ်းစားပြီး ပြုံးကာ မေးသည်။

"အဲဒီ. . . ဓမ္မသာမဏေ လူထွက်နဲ့ ရူပသာရီတို့ ရကြသလားဘုရာ့"

"ရကြတာပေါ့၊ ဒါ့ကြောင့်လည်း ယသော်ဓရာ ကန်တော့ခန်းမှာ ပါလာတာပေါ့၊ အဲဒီဘဝတုန်းက အရှင်ဘုရားဟာ တပည့်တော်မအတွက် သူတော်စင်ဘဝ ပျက်ခဲ့ရပါတယ်၊ ဒါကိုလဲ ခွင့်လွှတ်တော်မူပါတဲ့၊ ယသော်ဓရာ လျှောက်ထားတာလေ"

"အင်း. . . ခက်တာက ဓမ္မသာမဏေက ဘုရားအလောင်း၊ ဒီတော့ ယသော်ဓရာအလောင်း ရူပသာရီကို ရတာ မဆန်းဘူး၊ တပည့်တော်က မျောက်လောင်း၊ ဟိုက အရေးပိုင်သမီး နီးစပ်ပါလေရဲ့"

"စိတ်ကလည်း လျှော့လှချည်လား၊ မြှောက်ပေးတယ်လို့လည်းမထင်နဲ့ မြင့်နွယ်၊ ငါက ဘုရားဆုပန် မင်းယောက်ျားဘဝကို အောက်ကျနောက်ကျဖြစ်အောင် လုပ်မှာစိုးလို့ ပြောရဦးမယ်၊ ကောဏ္ဍညဘုရားလက်ထက်မှာ တို့ဘုရားအလောင်းက နွားကျောင်းသား၊ ယသော်ဓရာအလောင်းက ဒီပင်္ကရာဇ်မင်းရဲ့ သမီးတော်၊ နတ်တမျှချောတဲ့ သုမိတ္တာမင်းသမီး၊ အဲဒါတောင်ရကြသေးတယ်၊ ရတာမှ မင်းသမီးက စကြိုက်တာ၊ အဲဒါလည်း ယသော်ဓရာကန်တော့ခန်းထဲမှာ ပါတယ်"

"ဦးပဉ္ဇင်းကလည်း ယသော်ဓရာ ကန်တော့ခန်းနဲ့ချည်း ကိုင်တွယ်နေတာကိုး၊ တပည့်တော်ကတော့ အရှင်တေဇောသာရ ညည်းသလိုသာ ညည်းလိုက်ချင်တယ်"

"အံမယ် ဘယ်လို . . "

" ဦးပဉ္ဇင်း ရပါတယ်၊ ဘာတဲ့ ဩော်. . ဩော် . . . သောက်ရှူးသော်တာ၊ လအဝါသို့၊ ပြင်လျာဆုံ့ဆည်း၊ ရွှေဖျင်ပည်းဝယ်၊ စုလည်းမထင်၊ နောက်ထုံးရှင်နှင့်၊ မြင်လျှင်ပင်ကို၊ ကြိုးပါလိုလည်း၊ ကုသိုလ်ကြမ္မာ၊ မမီပါခဲ့ . . . တဲ့"

ဦးပဉ္ဇင်းက သဘောကျစွာ ရယ်တော်မူ၏။

"မင်းမဆိုးဘူး မြင့်နွယ်၊ ရတာမရတာ အပထား၊ အရှင်မဟာရဋ္ဌသာရမှာ ဝဏ္ဏပဘာ၊ အရှင်တေဇောသာရမှာ ရခိုင်မင်းသမီး၊ နဝဒေးမှာ ရှင်နှောင်း၊ နတ်ရှင်နောင်မှာ ခတုကလျာ၊ မောင်ဖေငယ်မှာ ဒိုင်းခင်ခင်၊ ဒီလိုဒီလိုရှိတော့ မင်းမလဲ စင်သီယာနဲ့ ဘာနဲ့ဆိုတော့ ကဗျာကောင်းကောင်းတော့ စပ်နိုင်လိမ့်မယ်၊ အံမယ် မရှုံးဘူးဟ"

မြင့်နွယ်နှင့် ဦးပဉ္ဇင်းတို့က စကားကောင်းနေကြရာ ကျယ်လောင်သောစက်သံနှင့် မော်တော်တစ်စင်း ကျောင်းဦးဆိပ်ကမ်းကို ဆိုက်လာသဖြင့် ထကြည့်မိကြသည်။

"ဟ. . မြင့်နွယ်၊ အဲဒါမင်းဒကာမလေးတို့ မော်တော်"

မြင့်နွယ် မျက်လုံးပြူးသွားသည်။ စင်သီယာပါလာလေဦးမည်လော။ ပါလာလျှင် ခက်ချေမည်။ ခေါင်းတုံးကြီးနှင့် ကိုရင်လူထွက် ငါးပိချက်အဖြစ် စင်သီယာ့ကို ရင်မဆိုင်ချင်။

ပထမတော့ ကျောင်းပေါ်တက်ပြေးမည် ကြံသည်။ အဲ . . . ကျောင်းပေါ်မှာ ရင်ဆိုင်မိမှ မလွဲသာ မတိမ်းသာ။

မြင့်နွယ်သည် သူ့ပုဆိုးထုပ်ကလေးကို ကောက်ကိုင်ပြီး စေတီအိုကြီးဘက်သို့ ပြေးလာခဲ့သည်။

စေတီကြီးအကွယ်၌ ခေတ္တပုန်းနေသေးသည်။ လုံလုပြီထင်မှ စေတီကွယ်မှ ကျောင်းဆီ ချောင်းကြည့်သည်။

> "ကိုဟာ ဆင်းရဲပါတယ် စင်သီယာ၊ ဒါပေမယ့် ချမ်းသာသူကိုတွေ့ရင် ကိုလည်း သူ့လိုချမ်းသာချင်တယ်၊ သူလည်း ဆက်ချမ်းသာပါစေ၊ ဒုက္ခမတွေ့ပါစေနဲ့၊ ဒီလိုပဲ ဆုတောင်းတယ်၊ မေတ္တာပါ စင်သီယာ၊ မေတ္တာဆိုတဲ့ စကားကိုလည်း အဓိပ္ပာယ်ကောက် မမှားလိုက်ပါနဲ့၊ သဗ္ဗေသတ္တာ သတ္တဝါတွေ ချမ်းသာပါစေဆိုတာ ကိုထားတဲ့ မေတ္တာပါ"

ကျောင်းပေါ်သို့ တက်သွားသူများတွင် ဂါဝန်ဝတ်နှင့် မိန်းကလေးတစ်ဦးမျှ မပါ။

သည်ဘက်များ ထွက်လာနှင့်သလောဟု ဟိုဟိုသည်သည် မျက်လုံးကစား ရှာမိသည်။ စင်သီယာ၏ အရိပ်အယောင်ကိုမမြင်။ နောက်ချန်ပြီးမှ တက်လာနိုင်သေးသောကြောင့် အတန်ကြာ ချောင်းကြည့်နေမိသေးသည်။ စင်သီယာပေါ်မလာပါ။

မြင့်နွယ်သည် အထုပ်ကလေးကိုချပြီး စေတီတော်၏ ဖိနပ်တော်အုတ်ခုံပေါ်တွင် လေးပင်စွာ ထိုင်ချလိုက်သည်။

သည်လိုဆိုပြန်တော့ ရင်ထဲဟာသွားသည်။ ဩော်. . . ဝမ်းနည်းချင်သလိုလို ဘာလိုလို။

လက်က ဆွဲမိဆွဲရာ သစ်ကိုင်းခြောက်တစ်ခုကို ဆွဲကိုင်မိသည်။

သဲမြေဖြူဖြူက ရှင်းလင်းသန့်စင်နေသည်။

သည်သဲမြေပြင်ဖြူဖြူပေါ်မှာ သစ်ကိုင်းခြောက်ဖြင့် တောင်ခြစ်မြောက်ခြစ်လုပ်သည်။

မကြာမီ မြေပြင်ပေါ်မှာ စာလုံးများ တစ်လုံးပြီး တစ်လုံးပေါ်လာသည်။

စင် . . . သီ . . . ယာ . . .

အမှတ်မထင် ရေးခြစ်မိသော စာလုံးလေးများကို မြင့်နွယ်သည် ငိုင်ငေးကြည့်နေမိ၏။

ထိုစဉ် တစ်စုံတစ်ယောက်က ရှေ့၌ ရုတ်တရက် ရပ်လာဘိသည်။

"အို"

"အာ"

အထုပ်တစ်ထုပ်၊ သစ်ကိုင်းခြောက်တစ်ချောင်းနှင့် အုတ်ခုံပေါ်မှာ ငုတ်တုတ်ထိုင်နေသော ခေါင်းတုံးနှင့် မြင့်နွယ်ကို မြင်၍ စင်သီယာ အံ့သြသွားပုံရသည်။

မမျှော်လင့်သော အသွင်သဏ္ဌာန်နှင့်မို့ စင်သီယာကိုလည်း မြင့်နွယ် အံ့သြသွားမိသည်။

သည်တစ်ကြိမ်မှာတော့ ဂါဝန်လေးနှင့်မဟုတ်၊ ထဘီလေးနှင့်၊ ပြာပြာနုသော ပိုးထဘီနှင့်။ အင်္ကျီကလည်း သနပ်ခါးရောင်ဖျော့ဖျော့ လက်ရှည်လေး။ သည်လိုဆိုပြန်တော့ ကိုယ်လေးက ကြော့ကြော့ရှင်း၍ ရှည်သွယ်သည်။ ရင်နေခါးကျ ပုံပန်းလှဘိသည်။ လည်တိုင်သွယ်ဆီ ဝဲကျနေသော ဆံပင်ပုံစံသည်သာ မပြောင်း။ မရယ်မပြုံးဘဲ စင်သီယာက မေးသည်။

"နင် ဟိုတစ်နေ့တုန်းက ကိုရင်မဟုတ်လား"

မြင့်နွယ်က ခေါင်းညိတ်ပြသည်။

"အခု ဘာလို့ လူဖြစ်နေရတာလဲ"

"ဒါကတော့ လူထွက်လိုက်လို့ လူဖြစ်တာပေါ့ စင်သီယာ"

"အင်းလေ. . . ဘာဖြစ်လို့ လူထွက်လိုက်ရတာလဲ"

"စကတည်းက ကိုက ခဏ ကိုရင်ဝတ်ရတာ"

စင်သီယာက မျက်နှာလေးကို မဲ့ပြီး ရန်တွေ့သကဲ့သို့ ဆို၏။

"ခဏ ကိုရင်ဝတ်တဲ့လူက ကြီးကြီးကျယ်ကျယ်နဲ့၊ ဟိုနေ့က လူကို ဆုံးမစကားတွေ ပြောရသလား"

အင်း . . . ခက်ကပြီ။

"ကိုက ဆုံးမခဲ့တာ မဟုတ်ပါဘူး၊ စင်သီယာ့ အတွက် ကောင်းစေချင်လို့ ကို တတ်သရွေ့ မှတ်သရွေ့ စေတနာနဲ့ ပြောခဲ့မိတာပါ"

"စင်သီယာ့ကို ဘာလို့ ကောင်းစေချင်ရတာလဲ"

ခက်ပြန်ချေပြီ။ ဘယ်လိုလုပ် ဖြေရပါမည်နည်း။ မဖြေနိုင်၍ ငေးကြည့်နေမိကာမှ ပိုဆိုးတော့သည်။

"မေးနေတာ ဖြေလေ"

ဩော် . . . အရေးပိုင်သမီး၊ တရားသူကြီး ဆန်ပါဘိတော့သည်။ မတတ်နိုင်၊ သူစိတ်ကျေနပ်ပါစေတော့ဟု တတ်နိုင်သမျှ ဖြေရတော့သည်။

"စင်သီယာက ဟိုဒင်း . . . အဲ . . . သိပ် . . . သိပ်လှတယ်"

"အဲဒါနဲ့ မေးနေတာ ဘာဆိုင်လို့လဲ"

"ဆိုင်ပါတယ် စင်သီယာ၊ ဆုံးအောင် နားထောင်ပါ၊ စင်သီယာက သိပ်လှတယ်၊ အဲဒါကို ဟိုတစ်နေ့ကလဲ ကို ပြောခဲ့ပြီးပြီ၊ ကိုက တစ်မျိုးပဲ၊ လှတာလေးတွေမြင်ရင် သိပ်တန်ဖိုးထားတတ်တယ်၊ လှပါစေ၊ ဆက်လှပါစေ၊ အလှမပျက်ပါစေနဲ့၊ ဒီလို ဆုတောင်းတယ်၊ ကိုဟာ ဆင်းရဲပါတယ် စင်သီယာ၊ ဒါပေမယ့် ချမ်းသာသူကို တွေ့ရင် ကိုလည်း သူ့လိုချမ်းသာချင်တယ်၊ သူလည်း ဆက်ချမ်းသာပါစေ၊ ဒုက္ခမတွေ့ပါစေနဲ့၊ ဒီလိုပဲ ဆုတောင်းတယ်၊ မေတ္တာပါ စင်သီယာ၊ မေတ္တာဆိုတဲ့စကားကိုလည်း အဓိပ္ပာယ်ကောက် မမှားလိုက်ပါနဲ့၊ သဗ္ဗေသတ္တာ သတ္တဝါတွေ ချမ်းသာပါစေဆိုတာ ကိုထားတဲ့ မေတ္တာပါ"

သူက ရှည်လျားစွာ ပြောသည်။ စင်သီယာကလည်း စိတ်ဝင်စားဟန် စိုက်နားထောင်နေသည်။ သူ့စကားဆုံးသော်စင်သီယာက ပြုံးသည်။ ယနေ့ညနေအတွက် ပထမဆုံးပြုံးသည်။ ပြုံးလိုက်ပြန်တော့ ပါးချိုင့်လေး နှစ်ဖက်က လှလှပပပေါ်လာသည်။

"ယူက လူသာထွက်ပြီးတယ်၊ ပြောတဲ့စကားက ဘုန်းကြီးစကားပဲ၊ အင်းလေ ယူ ဘုန်းကြီးသေးသေးလေး ဆက်လုပ်နေရင် ကောင်းမှာ၊ ယူ့ကို ဘုန်းကြီးသေးသေးလေးအဖြစ်ပဲ တွေ့ရမယ်ထင်လို့၊ ဒီမှာကြည့်စမ်း စင်သီယာ ယူလာတာတွေ"

စင်သီယာက နောက်တွင်ပစ်ထားသော လက်လေး တစ်ဖက်ကို ရှေ့ထုတ်လိုက်သည်။ သည်လက်တွင်းမှာက လွယ်အိတ်လေးတစ်ခု။ စင်သီယာက လွယ်အိတ်တွင်းမှ ပစ္စည်းလေးများကို ပြသည်။

ဗလာစာအုပ်ထူထူက နှစ်အုပ်၊ ခဲတံက ဒါဇင်ဝက်၊ ပြီးတော့ ဖယောင်းတိုင်က နှစ်ထုပ်။

"အဲဒါတွေက ဘာလုပ်ဖို့လဲ စင်သီယာ"

"ဘုန်းကြီးသေးသေးလေးကို ဘာပရဲဆင့်(ထ်) ပေးရင်ကောင်းမလဲလို့ မာမီ့ကိုမေးကြည့်တော့၊ မာမီက အဲဒါတွေပေးရင် ကောင်းတယ်ဆိုလို့ စင်သီယာ ဝယ်လာတာ"

သည်တစ်ကြိမ်တော့ သူ့မေးအလှည့်။

"စင်သီယာက ကိုဖို့ ဘာလို့ ဝယ်ခဲ့ရတာလဲ"

"ကျေးဇူးတင်လို့ပေါ့"

"ဘာကို ကျေးဇူးတင်တာလဲ"စင်သီယာသည် တစ်စုံတစ်ခုကို သဘောကျဟန် ပြုံးလိုက်ပြီး "ဒီမှာကြည့်စမ်း"ဟု သူ့ကိုယ်လေးကို လှည့်ပတ်ပြ၏။

"ဘာလဲ စင်သီယာ"

"စင်သီယာ ဒီလိုဝတ်ထားတာလှရဲ့လား"

"လှပါတယ် စင်သီယာ၊ သိပ်လှ . . "

"ဂါဝန်ဝတ်ထားတာနဲ့ကော"

"တစ်မျိုးစီပေ့ါ စင်သီယာရယ်၊ ဒါပေမယ့် ခုလိုက ပိုလှတယ်"

"လှရင်ပြီးတာပဲ၊ စင်သီယာ ခုလိုဝတ်လာတာက ရှူးမစီးရတော့ဘူး၊ ရှူးမစီးရတော့ ဖိနပ်ချွတ်ရတာ လွယ်တယ်၊ ဖိနပ်ချွတ်ရတာလွယ်တော့ ဘုရားမြေပေါ်မှာ ဖိနပ်မစီးမိဘူး၊ ဒီတော့ ငရဲမကြီးတော့ဘူးပေါ့"

"စင်သီယာ ငရဲကြောက်သွားပြီလား"

"ကြောက်သွားတာပေါ့၊ ယူကပြောတာကိုး၊ စင်သီယာက အစကငရဲကြီးတာတွေထဲမှာ အရုပ်ဆိုးတာ မပါဘူးလို့ထင်တာ၊ ယူပြောတော့မှ ပါမှန်းသိတာ၊ ကျန်တာတော့ မကြောက်ပါဘူး၊ အရုပ်ဆိုးမှာတော့ သိပ်ကြောက်တာပဲ"

စင်သီယာသည် သူ့စကားကိုသူ သဘောကျသည့်ဟန်ဖြင့် ရယ်နေသည်။ ရယ်ရာမှ ရုတ်တရက်ရပ်သွားသည်။ မျက်လုံးလေးများကလည်း မြေပြင်တွင် စူးစိုက်ထား၏။

မြင့်နွယ်လည်း တုန်လှုပ်သွားသည်။

**(ဆက်လက်ဖော်ပြပါမည်)**


**NOTICE OF INVITATION FOR OPENED TENDER**

**Tender No. Myanmar- Lao Friendship Bridge/2012-2013/NPT / ST 003**

This Notice of Invitation for opened tender is launched by the Ministry of Construction on behalf of the Myanmar –Lao Friendship Bridge Construction Project receiving financial support from the Government of the Republic of the Union of Myanmar and the Government of Lao PDR.

Qualified Contractors are invited to submit bids for the detailed design (including the erection procedure), fabrication, supply of materials and erection equipment and supervision of erection of the steel truss bridge superstructure for the above project at Kyaing Lap Township, Tachileik District, and Shan State, Myanmar.

1) Object of Contract : detailed design (including the erection procedure), fabrication, supply of materials and erection equipment and supervision of erection of the steel truss bridge superstructure for the above project at Kyaing Lap Township, Tachileik District, and Shan State, Myanmar.
2) Eligibility and evaluation criteria
   a. Origin: No restriction on origin.
   b. Eligibility: Open internationally.
   c. Evaluation: The lowest administratively and technically complaint tender will be granted the contract.
3) Site and deadlines
   a. Location of the Project: Kiang Lap Township , Tachileik District, Shan State, Myanmar and Houykhoum village, Long District, Luangnamtha Province, Lao PDR .
   b. C.I.F: Bridge site either side, Myanmar side or Lao PDR side.
   c. Contract period: 6 months.
   d. Validity period of tender: 3 months from the deadline for receipt of tender.
4) Tender dossier
   a. Type: open internationally.
   b. How to obtain the dossier: the dossier may be obtained against payment of a non refundable amount of one thousand US Dollars (1,000 USD) from 28 February 2013 to 14 March 2013 at:
      Bridge Division,
      Public Works,
      Ministry of Construction
      Building No.11, Naypyitaw, Myanmar.
      And
      Ministry of Public Works and Transport (MPWT)
      Lane Xang Avenue
      PO Box 2158
      Vientiane Capital, Lao PDR.
   c. Any request, consultation and communication must be sent to the same address as mentioned above.
5) Tender information
   a. Language: English.
   b. Currency: US Dollars.
   c. Address for receipt and opening: one technical and one financial envelope to each country, Myanmar and Lao PDR at the same address as mentioned above.
   d. Deadline for submission: 14 May 2013 at 16:30 pm local time at the same address as mentioned above.
   e. Date and time of public opening session: Technical proposal will be opened in each country of tender submission, while the financial proposal will be opened together at Yangon, Myanmar.

**Managing Director**
**Public Works**
**Ministry of Construction**
**Kyaw Linn**

Address for inspection, purchasing and submission of Tender Documents:
Mr. Shwe Lay, Chief Engineer (Bridge)
Public Works
Ministry of Construction
Building No.11, Naypyitaw, Myanmar
Tel. No.:+95-67 – 407602, +95-67 – 407276, +95-67 – 407082
Fax. No.:+95-67 – 407514
*Email: mrshwelay@gmail.com*

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပညာရေးဝန်ကြီးဌာန
## ပညာရေးစီမံကိန်းနှင့်လေ့ကျင့်ရေးဦးစီးဌာန
### နေပြည်တော်
### ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၂
## ၂၀၁၂-၁၃ ပညာသင်နှစ်
## အခြေခံပညာအဆင့် လူရည်ချွန်ရွေးချယ်ခံရသူများစာရင်း ကြေညာခြင်း

၂၀၁၂-၁၃ ပညာသင်နှစ် အခြေခံပညာအဆင့် အဋ္ဌမတန်း၊ နဝမတန်းနှင့် ဒသမတန်းအတွက် တိုင်းဒေသကြီး/ပြည်နယ်များ၏ ခရိုင်အလိုက် လူရည်ချွန်ရွေးချယ်ခံရသူများစာရင်းကို အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

**အမှတ်(၁) အခြေခံပညာဦးစီးဌာန၊ ၂၀၁၃ ခုနှစ်၊ အဋ္ဌမတန်း လူရည်ချွန်များစာရင်း**

| စဉ် | အမည် | ကျောင်း | မြို့နယ် | ခရိုင် |
|---|---|---|---|---|
| ၁ | မခွာညိုသင်း | ထ-၄ ဘားအံ | ဘားအံ | ဘားအံ |
| ၂ | မောင်စိုးမြတ်လင်း | ထ-၁ ဘားအံ | ဘားအံ | ဘားအံ |
| ၃ | မောင်ဟိဏ်းထက်အောင် | ထ-ဘုရားသုံးဆူ | ကြာအင်းဆိပ်ကြီး | ကော့ကရိတ် |
| ၄ | မစန္ဒာဦး | ထ-၁ ကော့ကရိတ် | ကော့ကရိတ် | ကော့ကရိတ် |
| ၅ | မောင်ငြိမ်းချမ်းအောင် | လ-၁ မြိတ် | မြိတ် | မြိတ် |
| ၆ | မောင်ကောင်းမော်အောင် | လ-အဏ္ဏဝါ | ကော့သောင်း | မြိတ် |
| ၇ | မအေးသူဇာအောင် | လ-၁ မြိတ် | မြိတ် | မြိတ် |
| ၈ | မဖူးသွဲ့မျိုးဟန် | လ-အဏ္ဏဝါ | ကော့သောင်း | မြိတ် |
| ၉ | မောင်ကျော်စွာဌေး | ထ-ညောင်ဇင် | သရက်ကျောင်း | ထားဝယ် |
| ၁၀ | မနှင်းဆုမြတ် | ထ-၂ ထားဝယ် | ထားဝယ် | ထားဝယ် |
| ၁၁ | မောင်သန်းထွန်းဦး | ထ-၂ တောင်ငူ | တောင်ငူ | တောင်ငူ |
| ၁၂ | မောင်အောင်ကိုခန့် | ထ-အုတ်တွင်း | အုတ်တွင်း | တောင်ငူ |
| ၁၃ | မမေသူအောင် | လ-၂ တောင်ငူ | တောင်ငူ | တောင်ငူ |
| ၁၄ | မသင်းနန္ဒာဆွေ | ထ-ညောင်ပင်သာ | ဖြူး | တောင်ငူ |
| ၁၅ | မောင်ထက်လင်းအောင် | ထ-၃ ပဲခူး | ပဲခူး | ပဲခူး |
| ၁၆ | မောင်ဝင်းပိုင်မှူးသွင် | ထ-ကျောက်တံခါး | ကျောက်တံခါး | ပဲခူး |
| ၁၇ | မသင်းနို့သာ | ထ-၃ ပဲခူး | ပဲခူး | ပဲခူး |
| ၁၈ | မသင်းရန့်အေး | ထ-ဝေါ | ဝေါ | ပဲခူး |
| ၁၉ | မောင်ဝေယံအောင် | ထ-၁ ပြည် | ပြည် | ပြည် |
| ၂၀ | မောင်အောင်ကောင်းခန့် | ထ-ဆင်တဲ | ပန်းတောင်း | ပြည် |
| ၂၁ | မကောင်းမြတ်သဉ္ဇာမြင့် | ထ-၁ ပြည် | ပြည် | ပြည် |
| ၂၂ | မချြူမို့မို့အောင် | ထ-ဆင်တဲ | ပန်းတောင်း | ပြည် |
| ၂၃ | မောင်ရဲဝင်းထွန်း | ထ-သုံးဆယ် | သုံးဆယ် | သာယာဝတီ |
| ၂၄ | မောင်ဘုန်းစည်ကြယ် | လ-မင်းလှ | မင်းလှ | သာယာဝတီ |
| ၂၅ | မဆုရည်တိုးလှိုင် | ထ-အုတ်ဖို | အုတ်ဖို | သာယာဝတီ |
| ၂၆ | မအေးချမ်းဖြိုး | ထ(ခွဲ) မြို့မ | နတ်တလင်း | သာယာဝတီ |
| ၂၇ | မောင်ဟန်ထက်နိုင် | ထ-၆ မော်လမြိုင် | မော်လမြိုင် | မော်လမြိုင် |
| ၂၈ | မောင်သူရထွဋ်း | လ-သဘော်ဦး | မုဒုံ | မော်လမြိုင် |
| ၂၉ | မထက်ထက်သစ္စာ | လ(ခွဲ) ဘိုးနတ် | ချောင်းဆုံ | မော်လမြိုင် |
| ၃၀ | မမြင့်မြတ်သူ | ထ-၂ မုဒုံ | မုဒုံ | မော်လမြိုင် |
| ၃၁ | မောင်သက်ကိုကိုအောင် | ထ-၂ သထုံ | သထုံ | သထုံ |
| ၃၂ | မဝင်းရည်မွန်ဖူး | လ(ခွဲ)-ဖလပ်(၁) | ပေါင် | သထုံ |
| ၃၃ | မောင်ဖြိုးခန့်စည်သူ | ထ-၂ စစ်တွေ | စစ်တွေ | စစ်တွေ |
| ၃၄ | မသဲနုစံ | ထ-၂ စစ်တွေ | စစ်တွေ | စစ်တွေ |
| ၃၅ | မသူသူဟန် | လ- မြို့မ | ပုဏ္ဏားကျွန်း | စစ်တွေ |
| ၃၆ | မောင်သူရိန်စိုး | ထ- ပေါက်တော | ပေါက်တော | စစ်တွေ |
| ၃၇ | မောင်ကျော်ထက်သန့် | ထ- ဂွ | ဂွ | သံတွဲ |
| ၃၈ | မောင်နိုင်ဇော်ထွန်း | ထ- ဇင်ချောင်း | ကျောက်ဖြူ | သံတွဲ |
| ၃၉ | မနေဝန်းလက် | လ-မြို့မ၊ သံတွဲ | သံတွဲ | သံတွဲ |
| ၄၀ | မအိမွန်ထွေး | ထ(ခွဲ) ကင်းတောင် | တောင်ကုတ် | သံတွဲ |
| ၄၁ | မောင်မြတ်ဖြိုးတင် | လ(ခွဲ) လှအောင်ချောင် | ကျောင်းကုန်း | ပုသိမ် |
| ၄၂ | မောင်ထူးမြတ်နိုင် | ထ- ကျုံပျော် | ကျုံပျော် | ပုသိမ် |
| ၄၃ | မယွန်းမှူးအိမ် | ထ-၆၊ ပုသိမ် | ပုသိမ် | ပုသိမ် |
| ၄၄ | မဖြူစင်သန့် | ထ- သက်န်းကုန်း | ငပုတော | ပုသိမ် |
| ၄၅ | မောင်ကျော်ဇောဟိန်း | လ-၃၊ ဟသ်ာတ | ဟသ်ာတ | ဟသ်ာတ |
| ၄၆ | မောင်ပိုင်သက်ထူးအောင် | ထ- မြန်အောင် | မြန်အောင် | ဟသ်ာတ |
| ၄၇ | မလင်းဝတ်ရည်ထွေး | ထ- လှော်ကထား | လေးမျက်နှာ | ဟသ်ာတ |
| ၄၈ | မအေးစုလှိုင် | လ-၃၊ ဟသ်ာတ | ဟသ်ာတ | ဟသ်ာတ |
| ၄၉ | မောင်ဝေနိုင်ထွန်း | ထ- အိမ်မဲ | အိမ်မဲ | မြောင်းမြ |
| ၅၀ | မသက်အိမွန် | ထ(ခွဲ) အိမ်မဲကြီး | အိမ်မဲ | မြောင်းမြ |
| ၅၁ | မောင်ငြိမ်းချမ်းသူ | ထ-၁ လပွတ္တာ | လပွတ္တာ | လပွတ္တာ |
| ၅၂ | မလဲ့ရည်မောင် | ထ-၁ လပွတ္တာ | လပွတ္တာ | လပွတ္တာ |
| ၅၃ | မောင်ရဲမာန်ဦး | ထ-၂ ညောင်တုန်း | ညောင်တုန်း | မအူပင် |
| ၅၄ | မမိုးကြည်ဖြူအောင် | ထ-၂ ညောင်တုန်း | ညောင်တုန်း | မအူပင် |
| ၅၅ | မောင်မြတ်မင်းခန့် | ထ-၁ ကျိုက်လတ် | ကျိုက်လတ် | ဖျာပုံ |
| ၅၆ | မယဉ်မျိုးမြတ်ဦး | လ-၁ ဖျာပုံ | ဖျာပုံ | ဖျာပုံ |

**အမှတ်(၂) အခြေခံပညာဦးစီးဌာန၊ ၂၀၁၃ ခုနှစ်၊ အဋ္ဌမတန်း လူရည်ချွန်များစာရင်း**

| စဉ် | အမည် | ကျောင်း | မြို့နယ် | ခရိုင် |
|---|---|---|---|---|
| ၁ | မောင်ဇင်ဗိုလ်ကို | အလက(၃) | မြစ်ကြီးနား | မြစ်ကြီးနား |
| ၂ | မလှိုင်ရတနာထွန်း | အလက(၃) | မြစ်ကြီးနား | မြစ်ကြီးနား |
| ၃ | မောင်လမင်းသာ | အလက(ခွဲ) မော်ဝမ်း | ဖားကန့် | မိုးညှင်း |
| ၄ | မစုမြတ်အောင် | အထက(၁) | မိုးညှင်း | မိုးညှင်း |
| ၅ | မောင်ကောင်းဆက်ပိုင် | အထက(၁) | ဗန်းမော် | ဗန်းမော် |
| ၆ | မနှင်းနုဝေ | အထက(၁) | ရွှေကူ | ဗန်းမော် |
| ၇ | မောင်အောင်ကျော်မျိုး | အထက- ပူတာအို | ပူတာအို | ပူတာအို |
| ၈ | မပန်းမြတ်မွန် | အထက- ပူတာအို | ပူတာအို | ပူတာအို |
| ၉ | မောင်ဝေဖြိုးသူ | အထက(၃) | လွိုင်ကော် | လွိုင်ကော် |
| ၁၀ | မောင်ဖြိုးပြည့်အာကာ | အထက- ဖရူဆို | ဖရူဆို | လွိုင်ကော် |
| ၁၁ | မပလုပဖော်ထီး | အလက- ဒေါတမငယ် | ဒီမောဆိုး | လွိုင်ကော် |
| ၁၂ | မသိမ့်ဆုနန္ဒာ | အလက-၁ | လွိုင်ကော် | လွိုင်ကော် |
| ၁၃ | မောင်ကောင်းမြတ်ထွဋ်း | အလက | မင်းတပ် | မင်းတပ် |
| ၁၄ | မသီပိုရ | အလက | မင်းတပ် | မင်းတပ် |
| ၁၅ | မောင်အီဇကီလ်လာလ်လျန်ကုံး | အလက | ဖလမ်း | ဖလမ်း |
| ၁၆ | မဟောက်ဒိတ်ကျိန် | အလက(ခွဲ)တီးတိန် | တီးတိန် | ဖလမ်း |
| ၁၇ | မောင်ပိုင်မျိုးဆက် | လ(ခွဲ) ကျော်ဇေယျာ | စစ်ကိုင်း | စစ်ကိုင်း |
| ၁၈ | မအိအိဖြိုး | ထ(၁) စစ်ကိုင်း | စစ်ကိုင်း | စစ်ကိုင်း |
| ၁၉ | မောင်ဝေလင်းဇော် | အထက(၂) အလုံ | မုံရွာ | မုံရွာ |
| ၂၀ | မောင်ဖွဲ့သက်ပိုင် | အထက-ကနီ | ကနီ | မုံရွာ |
| ၂၁ | မသွန်းသော်တာထွန်း | ထ(ခွဲ)လက်တောင်းကြီး | ပုလဲ | မုံရွာ |
| ၂၂ | မဇွန်ပြည့်ဖြူ | အထက(၂)မုံရွာ | မုံရွာ | မုံရွာ |
| ၂၃ | မောင်ရဲသီဟ | အထက(၁)၊ကသာ | ကသာ | ကသာ |
| ၂၄ | မောင်သော်နန္ဒ | အထက-ဝန်းသို | ဝန်းသို | ကသာ |
| ၂၅ | မဇင်မာစိုး | အထက-အင်းတော် | အင်းတော် | ကသာ |
| ၂၆ | မအေးမြတ်နိုး | အထက-ထီးချိုင့် | ထီးချိုင့် | ကသာ |
| ၂၇ | မောင်ထက်ထက်အောင် | ထ-နောင်ပိုအောင် | ဟုမ္မလင်း | ခန္တီး |
| ၂၈ | မောင်အာကာပိုင်ထွန်း | အထက-ခန္တီး | ခန္တီး | ခန္တီး |
| ၂၉ | မခင်ထူးထူးချွန် | အထက | ဖောင်းပြင် | ခန္တီး |
| ၃၀ | မလဲ့ဝတ်ရည်ဦး | အထက | ဟုမ္မလင်း | ခန္တီး |
| ၃၁ | မောင်နန်းထိုက် | အလက(၁) | ရွှေဘို | ရွှေဘို |
| ၃၂ | မောင်ထက်ဇော်အောင် | အထက-ဇီးကုန်း | ကန့်ဘလူ | ရွှေဘို |
| ၃၃ | မအေးဆုဝေ | ထ(ခွဲ)တန့်ဆည် | တန့်ဆည် | ရွှေဘို |
| ၃၄ | မသက်မြတ်နိုး | အထက(၃) | ရွှေဘို | ရွှေဘို |
| ၃၅ | မောင်ရှမ္မလှကျော်နိုင်ဦး | ထ(ခွဲ)၊အလက(၂) | ကလေး | ကလေး |
| ၃၆ | မအိသက်ခိုင်မွန် | အထက၊ကလေးဝ | ကလေးဝ | ကလေး |
| ၃၇ | မောင်ကောင်းဟိန်းထက် | အထက-နတ်မောက် | နတ်မောက် | မကွေး |
| ၃၈ | မောင်စိုးထွန်းထွန်းအောင် | အလက(၂)၊ချောက် | ချောက် | မကွေး |
| ၃၉ | မသီရိဇော် | ထ(၁)၊တောင်တွင်းကြီး | တောင်တွင်းကြီး | မကွေး |
| ၄၀ | မခိုင်ဆွေဇင်သိမ့် | အလက(၁)၊မကွေး | မကွေး | မကွေး |
| ၄၁ | မောင်ဟိန်းသူရထက် | အထက-ပွင့်ဖြူ | ပွင့်ဖြူ | မင်းဘူး |
| ၄၂ | မချောစုဝေ | အထက၊ပွင့်ဖြူ | ပွင့်ဖြူ | မင်းဘူး |
| ၄၃ | မောင်သော်ဇင်ထက် | အလက(၃)၊ပခုက္ကူ | ပခုက္ကူ | ပခုက္ကူ |
| ၄၄ | မဖြိုးထက်ထက်ခေတ် | အလက-လေ့ကျင့်ရေး | ပခုက္ကူ | ပခုက္ကူ |
| ၄၅ | မောင်မျိုးမင်းကျော် | အထက-ထီးလင်း | ထီးလင်း | ဂန့်ဂေါ |
| ၄၆ | မရွှေးရွှေးဝင်း | အထက-ဂန့်ဂေါ | ဂန့်ဂေါ | ဂန့်ဂေါ |
| ၄၇ | မောင်ဝင်းကိုကိုထွန်း | အထက(ခွဲ)၊ကြို့ပင် | ကံမ | သရက် |
| ၄၈ | မောင်ထက်အောင်ပိုင် | အထက(၂) | သရက် | သရက် |
| ၄၉ | မစိုးနန္ဒာထွန်းကြည် | အထက-မလွန် | မင်းလှ | သရက် |
| ၅၀ | မမေသဇင်အေး | အထက(၂) | သရက် | သရက် |
| ၅၁ | မောင်သူရအောင် | အထက | ပုသိမ်ကြီး | မန္တလေး |
| ၅၂ | မောင်ဝေယံအောင် | အထက(၁၆) | ချမ်းအေးသာစံ | မန္တလေး |
| ၅၃ | မဟန်သွယ်အောင် | အထက(၄) | အောင်မြေသာစံ | မန္တလေး |
| ၅၄ | မနွယ်နီဦးဝေ | အထက(၁၆) | ချမ်းအေးသာစံ | မန္တလေး |
| ၅၅ | မောင်စိုင်းသော်ဇင်ထွန်း | အလက-ရှမ်းတော | မိုးကုတ် | ပြင်ဦးလွင် |
| ၅၆ | မဝင်းနဒီစိုး | အလက-ရှမ်းတော | မိုးကုတ် | ပြင်ဦးလွင် |
| ၅၇ | မောင်ပိုင်မှူးကျော် | အလက-ကြက်မျှား | စဉ့်ကိုင် | ကျောက်ဆည် |
| ၅၈ | မမြကျော့ညီညီ | အထက-မြစ်သား | မြစ်သား | ကျောက်ဆည် |
| ၅၉ | မောင်ထက်အောင်ရှိုင်း | အထက | မလှိုင် | မိတ္ထီလာ |
| ၆၀ | မကျော့နန္ဒာနိုင် | အထက(၁) | မိတ္ထီလာ | မိတ္ထီလာ |
| ၆၁ | မောင်ထက်အောင်လင်း | အထက(၄) | မြင်းခြံ | မြင်းခြံ |
| ၆၂ | မောင်ရဲရင့်အောင် | အထက(ခွဲ)၊ မြို့မ | နွားထိုးကြီး | မြင်းခြံ |
| ၆၃ | မသူသူဇော်လင်း | အထက(၁) | ကျောက်ပန်းတောင်း | မြင်းခြံ |
| ၆၄ | မချောအိအိမိုး | အထက | တောင်သာ | မြင်းခြံ |
| ၆၅ | မောင်ပြည့်စုံမင်းခန့် | အထက(၁) | ပျော်ဘွယ် | ရမည်းသင်း |
| ၆၆ | မဆုမြတ်နိုးခင် | အထက | ရမည်းသင်း | ရမည်းသင်း |
| ၆၇ | မောင်လူနိုင်းအောင် | အလက(၁) | ပျဉ်းမနား | နေပြည်တော် |
| ၆၈ | မောင်ခန့်ထွန်းခိုင် | အထက(၁) | လယ်ဝေး | နေပြည်တော် |
| ၆၉ | မမေဆုမွန်ချို | အလက(၁) | ပျဉ်းမနား | နေပြည်တော် |
| ၇၀ | မနန်းလင်းလဲ့ဦး | အထက(၁)၊နပတ | ဇေယျာသီရိ | နေပြည်တော် |
| ၇၁ | မောင်သန့်သီဟန် | အထက(၄) | တောင်ကြီး | တောင်ကြီး |
| ၇၂ | မောင်ရဲကျော်သူ | ထ(၅)အောင်ပန်း | ကလော | တောင်ကြီး |
| ၇၃ | မနှင်းအေးဝတ်ရည် | အထက(၄) | တောင်ကြီး | တောင်ကြီး |
| ၇၄ | မပွင့်ဖူးနဒီ | လ(၂)၊ ညောင်ရွှေ | ညောင်ရွှေ | တောင်ကြီး |
| ၇၅ | မောင်ဇော်ရဲထွဋ်း | အထက-လင်းခေး | လင်းခေး | လွိုင်လင် |
| ၇၆ | မောင်မင်းသန့်ကိုကို | အထက-နမ့်စန် | နမ့်စန် | လွိုင်လင် |
| ၇၇ | မဇွန်လေးနွယ် | အထက-နမ့်စန် | နမ့်စန် | လွိုင်လင် |
| ၇၈ | မနန်းလှိုင်းဟွမ်ဆိုင် | အထက-မိုးနဲ | မိုးနဲ | လွိုင်လင် |
| ၇၉ | မောင်သန့်ဇော်ဦး | အထက(ခွဲ)၊လ(၃) | လားရှိုး | လားရှိုး |
| ၈၀ | မောင်ဖြိုးအံ့ကျော် | အထက(၁) | လောက်ကိုင် | လားရှိုး |
| ၈၁ | မနော်အယ်ဝါးဖိုး | အလက(၅) | လားရှိုး | လားရှိုး |
| ၈၂ | မအမ်သိုင်လေး | အထက | ဟိုပန် | လားရှိုး |
| ၈၃ | မောင်စိုင်းထက်ဖြိုးမောင် | အလက(၁) | နမ့်ခမ်း | မူဆယ် |
| ၈၄ | မပန်းဝတ်ရည်သင်း | အလက-မိုင်းယု | မူဆယ် | မူဆယ် |
| ၈၅ | မောင်စိုင်းအောင်အောင် | အထက(ခွဲ)၊နမ္မတူ | နမ္မတူ | ကျောက်မဲ |
| ၈၆ | မောင်ဆက်ဝေပိုင် | အထက(ခွဲ)၊လ(၁) | ကျောက်မဲ | ကျောက်မဲ |
| ၈၇ | မနန်းခမ်းဦး | အထက(ခွဲ)၊လ(၂) | ကျောက်မဲ | ကျောက်မဲ |
| ၈၈ | မဂျူနီယာချို | အထက-မိုးမိတ် | မိုးမိတ် | ကျောက်မဲ |
| ၈၉ | မောင်အားဇာ | အထက၊မိုင်းခတ် | မိုင်းခတ် | ကျိုင်းတုံ |
| ၉၀ | မအဲမာရီ | အထက(၃) | ကျိုင်းတုံ | ကျိုင်းတုံ |
| ၉၁ | မောင်သက်ပိုင်ဦး | အထက-မိုင်းဆတ် | မိုင်းဆတ် | မိုင်းဖြတ် |
| ၉၂ | မောင်လင်းကျော်ပိုင် | အလက-ပုန်းထွန် | တာချီလိတ် | မိုင်းဖြတ် |
| ၉၃ | မနှင်းစုဝေမာ | အထက-မိုင်းပျင်း | မိုင်းပျင်း | မိုင်းဖြတ် |
| ၉၄ | မထက်ထက်ဝင်း | အထက-ဆန်ဆိုင်း | တာချီလိတ် | မိုင်းဖြတ် |

**အမှတ်(၃) အခြေခံပညာဦးစီးဌာန၊ ၂၀၁၃ခုနှစ် အဋ္ဌမတန်း လူရည်ချွန်များစာရင်း**

| စဉ် | အမည် | ကျောင်း | မြို့နယ် | ခရိုင် |
|---|---|---|---|---|
